www.burmeseclassic.com

L u N y o C h a w

# လူညိုချော

## အလွမ်းလွန်အနမ်း



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၅ ခုနှစ်၊ ဇွန်လ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - ChitWinShein

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ - ဦးအောင်ကိုဦး (ယာယီ - ၁၉၄၈)
အောင်မြင့်မြတ် စာပေ
အမှတ် (၂၄၃)၊ (၃၅) လမ်း၊ မြေညီထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အတွင်း/မျက်နှာဖုံးပုံနှိပ် - ငါတို့စာပေ ပုံနှိပ်တိုက်
အမှတ် (၇၄)၊ ကောက်သွယ်လမ်း၊
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅.၈၃

လူညိုရော
အလွမ်းလွန် အနမ်း /လူညိုရော။– ရန်ကုန်။
အောင်မြင့်မြတ်စာပေ၊ ၂၀၁၄။
၁၉၇–စာ၊ ၁၈ x ၁၂ စင်တီ။
(၁) အလွမ်းလွန် အနမ်း

www.burmeseclassic.com

www.burmeseclassic.com

နာကျင်ခဲ့ရတယ် ဆိုရင်တောင်
အချစ်စစ်ဖြစ်ခဲ့တဲ့အတွက်
နာကျင်ပျော်ပါတယ်။

# အချစ်ဆိုတာ
# ဘာလဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အချိန်တွေ ကုန်ဆုံးတာကပဲ မြန်လွန်းတာလား။ သူမကပဲ အတိတ်ထဲမှာ တဝဲလည်လည် နေနေခဲ့မိတာလားတော့ မပြောတတ်။ အဖြစ်အပျက်တွေက မနေ့ကလိုပင် လတ်လတ်ဆတ်ဆတ် ရှိနေခဲ့၏။ တကယ်ဆို လေးနှစ်ကျော်ဆိုသည့် အချိန်အတိုင်းအတာ တစ်ခုက သိပ်ကိုကြာညောင်းလွန်းလှသော အချိန်တွေ မဟုတ်ပါလား။

ခံစားချက်တွေကလည်း ရင်ထဲမှာ အခုထိ လတ်ဆတ်နာကျင်နေဆဲပင် ဖြစ်သည်။ ဒါပေမဲ့ ဘဝတွေကတော့ များစွာချိုးကွေ့ပြောင်းလဲကုန်ကြလေပြီ။

မီးရောင်အောက်မှာ လှုပ်ရှားသွားလာကာ စားသောက်ပျော်ပါးနေကြသည့် လူတွေကို လိုက်ကြည့်နေရင်းမှ သူမက သက်ပြင်းတစ်ခုကို အသာကျိတ်ချလိုက်သည်။

ဒီအချိန်မှာပဲ အနားကို ခခကျော် ရောက်လာလေသည်။

"ပျင်းနေပြီလား ကသစ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... မပျင်းပါဘူး၊ ရပါတယ်"

ခခကျော်က သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

"ငါတို့တွေ မတွေ့ဖြစ်ကြတာ အတော်ကြာပြီနော်၊ နင်အရင်က ထက် ပိုလှလာတယ် သိလား၊ အရင်က လှငယ်တစ်ယောက်လို လှတာ၊ အခုက တည်တည်ငြိမ်ငြိမ်နဲ့ လှလာတာ၊ နင် ဟိုမှာ အစစအရာရာ နေရလိုင်ရတာ အဆင်ပြေတယ်မဟုတ်လား"

သူမက ဒီနေ့မှ အမေရိကားက ပြန်ရောက်တာဖြစ်သည်။ အမိမြေကို ပြန်လာခဲ့ရတယ် ဆိုပေမယ့် ပျော်ရွှင်စရာကောင်းသော ကိစ္စ တစ်ခုအတွက် ပြန်လာခဲ့ခြင်းတော့ မဟုတ်ခဲ့ပါချေ။ အချစ်အတွက် ...။ ဟုတ်တယ်။ သူမရင်ထဲမှာ နှစ်ပေါင်းများစွာ မပျောက်မပျက် ရှင်သန် နေခဲ့တဲ့ အချစ်အတွက် သူမ ပြန်လာခဲ့တာပါ။ ပြီးတော့ သူမအချစ်ကို သက်သေပြဖို့အတွက်ဆိုလည်း ဟုတ်သည်။

"ငါ ဝေဟင့်ကိုတောင် ဖိတ်ဖို့လိုက်သေးတယ်ဟဲ့၊ ဒါပေမဲ့ နင်က သူနဲ့တွေ့လို့ မရဘူး မဟုတ်လား၊ အဲဒါကြောင့် သူ့ကိုမဖိတ် လိုက်တာ၊ ပြီးတော့ နင်သိတဲ့အတိုင်း သူ့မှာကလည်း သူ့ဝေဒနာ နဲ့သူဆိုတော့ ငါက ဒီလိုပွဲမျိုးကိုဖိတ်လို့ မသင့်ဘူးလေ။ အခုပွဲ ကိုတောင် ငါ မလုပ်တော့ဖို့ စိတ်ကူးသေးတယ်၊ ဒါပေမဲ့ ငါတစ် ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နဲ့ မပြီးဘူးလေ၊ ငါ့အမျိုးသား ဘက်ကိုလည်း ကြည့်ပေးရသေးတယ် မဟုတ်လား"

ခခကျော်က မင်္ဂလာနှစ်ပတ်လည်ပွဲကို ရင်းနှီးသည့်မိတ်ဆွေ အချို့ဖြင့် သူမတို့ခြံထဲမှာပဲ ကျင်းပနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကို မတွေ့ရသေးသည့်တိုင် "ဝေဟင်မောင်"ဆိုသည့် နာမည်တစ်ခုကို ကြားရရုံနှင့်ကိုပဲ နှလုံးသားက ပူနွေးရှိန်းမြသွားရသဖြင့် ခခကျော်ကို မလုံမလဲ ကြည့်လိုက်မိသေးသည်။ ခခကျော်ကလည်း သူမကို အကဲခတ်နေရာကနေ ...

"သူက ခုထိ နင့်ကို စောင့်နေတာ"

ဟု ဆိုလာစဉ်မှာတော့ သူမရင်ထဲမှာ နင့်သီးအောင်မျက်သွားရ၏။ မောင်ရယ် ...။

"နင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဒီလောက်ချစ်ရဲ့သားနဲ့ဟယ်၊ ဘာလို့များ ကံကြမ္မာက မျက်နှာသာမပေးရတာပါလိမ့်၊ နင်တို့နှစ်ယောက်ကို တကယ်ပေါင်းစေချင်တယ်၊ ဟင်း... စိတ်ဆင်းရဲစရာတွေ မပြောတော့ဘူးဟယ်၊ လောလောဆယ်တော့ ငါတို့ပွဲမှာ သီချင်းတစ်ပုဒ်လောက် ဆိုပေး"

ခခကျော့် စကားကြောင့် ကသစ်က မျက်လုံးပြူးသွားရတော့သည်။

"အာ ... မလုပ်ပါနဲ့ဟယ်၊ ငါ့အသံကြားပြီး အကုန်ထွက်ပြေးကုန်ပါ့မယ်"

"မပြေးပါဘူးဟယ်၊ ငါ့မင်္ဂလာဆောင်တုန်းကလည်း နင်မရှိဘူး။ ဒီပွဲမှာတော့ ခေါင်းမရှောင်နဲ့ဟာ၊ လုပ်လိုက်တော့၊ ပြီးတော့ ဒီမှာရှိတဲ့ လူတွေကလည်း ငါ့အသိ တချို့နဲ့ ကိုမြတ်ရဲ့ အသိတွေပဲရှိတာ၊ သူများတွေတောင် ဆိုနေတာပဲဟယ်။ နင်က ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပါ၊ လုပ်စမ်းပါ၊ ကိုမြတ် လူတွေက

www.burmeseclassic.com



ချည်း အစွန်းပြနေတာ၊ ငါ့ဘက်ကနေ အစွမ်းပြနိုင်တာဆိုလို့ နင်တစ်ယောက်ပဲရှိတယ်၊ ထပါဟာ ... လာ"

ပြောလည်းပြော သူမကိုလည်း ထကာ ဖွတ်ဆွဲခေါ်နေတော့တာမို့ သူမက စိတ်ညစ်ညစ်နှင့် ထရပ်လိုက်ရပြီးနောက် ...

"အာ ... မင်္ဂလာပွဲနဲ့ ပတ်သက်တဲ့ သီချင်းက တစ်ပုဒ်မှ ငါမရဘူးဟဲ့"

"ရတဲ့သီချင်း ဆိုဟာ၊ မင်္ဂလာပွဲနဲ့ ပတ်သက်စရာမလိုဘူး၊ ဆိုပေးတယ်ဆိုရင်ပဲ ကျေနပ်ပြီ၊ လာစမ်းပါဟယ်၊ အမှတ်တရ ဖြစ်ချင်လို့ပါ ..."

မတတ်သာသည့်အဆုံးမှာတော့ ဆွဲခေါ်ရာနောက်ကို ပါလာခဲ့ရတော့သည်။ နှစ်ဖက်အသိမိတ်ဆွေ အနည်းအကျဉ်းလောက်နှင့်သာ ပျော်စရာဖြစ်အောင် ကျင်းပသောပွဲမို့ လူကတော့ သိပ်မများချေ။

"ကြွရောက်လာတဲ့ မိတ်ဆွေများရှင့်၊ အခု ကျွန်မတို့ ဇနီးမောင်နှံကို ကျွန်မရဲ့သူငယ်ချင်း ကသစ်ချိုက သီချင်းလေးတစ်ပုဒ်နဲ့ ပါရမီဖြည့်ပေးပါမယ်ရှင့် ... ကျွန်မသူငယ်ချင်းအတွက် လက်ခုပ်တီးပေးကြပါဦး ..."

ခခကျော်ရဲ့စကားအဆုံး လက်ခုပ်သံတွေ ထွက်လာသလို အားလုံးသော အကြည့်တွေက သူမဆီကို ရောက်လာသည်။ အခုမှတော့ မထူးတော့လေပြီမို့ သူမက မိုက်စတန်းနှင့် တွဲချပေးထားသည့် ခုံပေါ်မှာ ခြေချိတ်ဝင်ထိုင်လိုက်ကာ ဟော်လိုဂစ်တာလေးကို ကောက်ယူအသံစမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကျတော့ ဘာသီချင်းဆိုရမှန်းမသိ။

ဒါပေမဲ့ သူမက သိပ်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ စိတ်ထဲမှာ ရုတ်တရက် ပေါ်လာသည့် သီချင်းတစ်ပုဒ်ကိုပဲ ဆိုဖို့ဆုံးဖြတ်လိုက်သည်။

*"ဘယ်တော့မှ မခွဲဘူး မင်းလေးအနား xxx နှလုံးသားထဲက အချစ်နဲ့ အတူတူပျော်ရွှင်နေမယ် မျှော်လင့်ထားလို့ရယ် xxx ဘာမဆို ရင်ဆိုင်ချင်တယ် ငယ်ရွယ်စိတ်နဲ့ xxx တို့နှစ်ယောက် ဖွန့်စားချစ်ခဲ့ xxx သိပ်လှတဲ့ဘဝကို တို့အတူဖန်ဆင်းမလို့ xxx"*

သီချင်းနဲ့ပွဲက သိပ်တော့မဆိုင်ချေ။ ဒါပေမဲ့ သူမစိတ်ထဲမှာ ဆိုချင်လာသဖြင့် ဒီသီချင်းကိုပဲ ဆိုလိုက်မိတာ ဖြစ်ပါသည်။

*"ဒီလိုအတွေးနဲ့ တို့ရဲ့အိပ်မက်လေးများအားလုံး အခုတော့လွင့်ထွက်လေပြည်နှင်ရာ တိမ်လို ပျောက်ဆုံးသွား အဝေး xxx နာကျင်ခြင်းနဲ့ တို့တွေ အဆုံးသတ်ရင်း xxx အိပ်မက်မရှိတဲ့ဘဝထက် xxxချစ်ခဲ့မိသမျှ အတိတ်မှာ ကျန်ရစ်ပြီး xxx "*

သူငယ်ချင်းဖြစ်သူ ဆိုနေသည့် သီချင်းကို နားထောင်ရင်း ခခကျော် စိတ်မကောင်း ဖြစ်လာရသည်။ သိပ်ချစ်ကြတဲ့ ချစ်သူတွေကို ဘာကြမ္မာဆိုတာကြီးက ဘာကြောင့်များ ရက်စက်ရတာပါလိမ့်။ နုနုနယ်နယ်နှလုံးသားလေးတွေ အဲဒီအချိန်တုန်းက ဘယ်လောက်တောင်များ တဆတ်ဆတ်ခါအောင် နာကျင်ခဲ့ရပါမလဲ။ မဟုတ်ဘူး။ အခုထိလည်း နာကျင်နေကြသေးတယ်ဆိုတာ ခ မြင်နေရပါတယ်လေ။

"ခ ... ခရဲ့သူငယ်ချင်းက အမှန်အကန်ကို ဆိုနေတာပါလား။ ခံစားချက်တွေ ရှိတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုမြတ် ... ခ သူငယ်ချင်းက သိပ်ကို သနားဖို့ကောင်းတာ၊ သူ့မှာ ချစ်သူတစ်ယောက်ရှိတယ်လေ၊ တစ်ယောက်နဲ့တစ်ယောက်ကို အရမ်းကိုချစ်ကြပါရက်နဲ့ မဆုံခဲ့ကြရတာ၊ ပြီးမှ ကိုမြတ်ကို ခ ပြောပြမယ်"

ကိုမြတ်က ခေါင်းညိတ်သည်။ ခခကျော်ကတော့ သူငယ်ချင်းဖြစ်သူကို စိတ်မကောင်းစွာ ငေးကြည့်နေမိတော့၏။

*"ငါတို့နှစ်ယောက်လုံး xxx မမုန်းဘဲ ကွာဝေးခဲ့ xxx ငါတို့ရဲ့ အဖြစ်က ချစ်ခဲ့ရက်နဲ့ မပေါင်းဆုံနိုင်အောင် xxx ခြားနားခဲ့လေတယ် ငါတို့နှစ်ယောက်လုံးxxx နီးဖို့ကံမရှိတော့ xxx တကယ်ကို အပြောင်းအလဲများတဲ့ xxx လောကကြီးရဲ့ လှည့်ကွက်အလယ်မှာ xxx မင်းနဲ့ ကိုယ်တို့ဝေး xxx "*

သီချင်းသံက ဆွေးမြည့်လွန်းတော့ လူအားလုံးက တုတ်တုတ်ပင်မလှုပ်အောင် ငြိမ်သက်နေကြသည်။ ကသစ်ချိုကတော့ ဘယ်သူ့ကိုမှမကြည့်။ သီချင်းထဲမှာသာ မျောလွင့်နေ၏။

*"ငါတစ်ယောက်တည်း အခုတော့ xxx ရူးမတတ်ပဲပေါ့ xxxအတိတ်အကြောင်းများ ပြန်တွေးရင်း xxx အရင်လို ရယ်သံချိုတွေ ပြန်ကြားမိခဲ့ချိန် ဘယ်လိုရှင်သန်နေထိုင်ဦးမလဲ xxx ပျော်စရာမရှိတဲ့ လောကကြီးထဲ အသက်မဲ့ အရုပ်မလိုပေါ့ ငါ ဖြတ်သန်းရင်း xxx ဒီလို မင်းလည်း အလွမ်းထဲ နစ်မြုပ်ပြီးတော့ xxx အရင်အကြောင်းများ ပြန်တွေးရင်း ဒဏ်ရာတွေ ကို ရင်မှာပိုက်ထွေးတုန်းပဲလား xxx အဇွဲတူ ရင်ခုန်မျှော်လင့်ထားသမျှ xxx မယုံနိုင် အားလုံးပြောင်းလဲသွားပြီ xxx ဝေးခဲ့ရဖို့ အကြောင်းကံ ပါလာတော့ xxx "*



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံ ဆုံးသွားသည်အထိ ဘာသံမှ ထွက်မလာသေးဘဲ လူအားလုံးက ငြိမ်သက်နေကြသည်မှာ အပ်ကျသံပင် ကြားရလောက်အောင်ပါပင်။

နောက်တော့မှ လူတစ်ယောက်က မတ်တတ်ရပ်လိုက်ကာ လက်ခုပ် စတီးလိုက်သဖြင့် အားလုံးက အခုမှ လက်ခုပ်တီးပေးရမှာကို သတိရသွားကြကာ လက်ခုပ်ဝိုင်းတီးကြတော့၏။

ခခကျော်ကလည်း သူငယ်ချင်းဖြစ်သူဆီ ခပ်မြန်မြန် လျှောက်သွားလိုက်ကာ ထွေးဖက်ပေးထားလိုက်မိသည်။ ငါ နင့်ကို သနားလိုက်တာ ကသစ်ရယ်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"ဝေဟင်ရေ ... ဝေဟင်၊ ကျောင်းသွားမယ်လေကွာ"

အိမ်ရှေ့မှ ဆက်ဘီးကို ဘဲလ်တီးကာ အော်ခေါ်လိုက်သည့် သားဖြစ်သူရဲ့သူငယ်ချင်း မြင့်ဦးအသံကြောင့် ဒေါ်စန်းစန်တင်က ဘုရားပန်း လဲနေရင်းက လှမ်းအော်ရသည်။

"သားရေ ... ခဏစောင့်ဦး။ မင်းသူငယ်ချင်းကို အန်တီလမ်းထိပ် ခဏခိုင်းထားလို့"

"ဪ ... ဟုတ်၊ အန်တီ"

မြင့်ဦးက စက်ဘီးကို ခြံထဲတွန်းဝင်လာကာ အိမ်ရှေ့မှာ ဒေါက်ထောက် ရပ်ထားလိုက်ပြီးနောက် အိမ်ထဲဝင်လာသည်။ နောက် တော့ ခုံတစ်လုံးမှာ ဝင်ထိုင်နေ၏။

"စာရော လိုက်နိုင်ရဲ့လား သား"

ဘုရားအိုးစင်ပေါ် ဘုရားပန်းအိုးတွေ တင်ထားလိုက်ရင်း လှည့်ကြည့်ကာ မေးလာသည့် ဒေါ်စန်းစန်းတင့် စကားကို မြင့်ဦးက ရယ်ကျဲကျဲလုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... အခုမှ ကျောင်းစာဖွင့်ကာစပဲ ရှိသေးတာ အန်တီရယ်၊ လိုက်နိုင်ပါတယ်"

ဟု ဆိုသည်။ မြင့်ဦးနှင့် ဝေဟင်မောင်တို့က မူလတန်းကျောင်းသားဝတည်းက ခင်မင်လာခဲ့ကြတာမို့ မြင့်ဦးအိမ်နှင့် ဝေဟင်မောင့်အိမ်ဟာ နှစ်အိမ့်တစ်အိမ် ဖြစ်သလို သူ့မိဘတွေဟာလည်း ကိုယ့်မိဘတွေလို့ ပြောရလောက်အောင်ကိုပဲ ဖြစ်ပါသည်။

"ကျောင်းစဖွင့်ကာစမို့ လိုက်နိုင်တယ်ဆိုတော့ နောက်ပိုင်းတော့ မပြောနိုင်သေးဘူးဆိုတဲ့ သဘောလား ဟုတ်လား"

"အာ ... မဟုတ်ပါဘူး အန်တီရဲ့၊ အဟင်း ဟင်း ... နောက်ပိုင်းလည်း ရအောင်လိုက်မယ်လို့ ပြောမလို့ပါ"

ဒီအချိန်မှာပဲ ဝေဟင်က အထုပ်တစ်ထုပ်ကိုဆွဲကာ အိမ်ထဲဝင်လာသည်။ မြင့်ဦးကို မြင်သွားစဉ်မှာတော့ ...

"ဟော ... မင်း ရောက်နေပြီလား"

"အေး ..."

"ခဏကွာ၊ ငါ အင်္ကျီလဲပြီး ပြန်ထွက်လာခဲ့လိုက်မယ်၊ မေမေ ... ဒီမှာ မေမေဝယ်ခိုင်းတဲ့ဟာ၊ ခုံပေါ်တင်ခဲ့လိုက်ပြီနော်"

"အေး အေး ... သား၊ ထားခဲ့"

ဝေဟင်က မြင့်ဦးကိုရော၊ မိခင်ဖြစ်သူကိုပါ ပြောစရာရှိတာ တစ်ဆက်တည်း ပြောလိုက်ပြီးနောက် အင်္ကျီလဲဖို့အတွက် အထဲဝင်သွားသည်။ အင်္ကျီအဟောင်းကိုချွတ်၊ မိခင်မီးပူတိုက်ထားပေးသည့် အဖြူအစိမ်းကို ဝတ်ပြီးနောက် မှန်ရှေ့မှာ ခဏရပ်ကာ ဖရိုဖရဲကျနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တချို့ကို ဂျယ်လိမ်းကာ သပ်သပ်ရပ်ရပ် ဖြီးလိုက်သည်။ ပြီးနောက် တော့ လွယ်အိတ်ကို ကောက်လွယ်ကာ အပြင်ထွက်လာခဲ့လိုက်သည်။

"လာ ... သွားမယ် ဟော့ကောင်၊ မေမေ သွားပြီ"

"အန်တီ ... သွားပြီခင်ဗျာ့"

"အေး အေး ... စက်ဘီးကို တအားမနင်းနဲ့နော်၊ ကားတွေ ဘာ တွေလဲ ကြည့်ကြဦး၊ နှစ်ယောက်စလုံး"

"ဟုတ်ကဲ့"

နှစ်ယောက်သား စက်ဘီးကိုယ်စီဖြင့် ထွက်လာခဲ့လိုက်ကြ သည်။ ကျောင်းနှင့် သူတို့နေတဲ့ နေရာက သိပ်မဝေးတာမို့ သူတို့က အခုလိုပဲ ကျောင်းကို စက်ဘီးဖြင့်သာ နေ့စဉ်တက်ကြတာ ဖြစ်ပါသည်။ ဝေဟင်တို့အိမ်ရော၊ မြင့်ဦးတို့အိမ်ရောက အချမ်းသာကြီးတွေ မဟုတ်ကြ။ သို့သော်လည်း ဆင်းရဲသည့်အထဲမှာလည်း မပါဘဲ တင့်တောင့်တင့်တယ် နှင့် ချောင်ချောင်လည်လည် နေနိုင်ကြသူများပင် ဖြစ်၏။

"ညက ချယ်ဆီးပွဲ ကြည့်လိုက်သေးလား"

နှစ်ယောက်စလုံးက ဘောလုံးဝါသနာအိုးတွေ ဖြစ်သလို ချယ်ဆီးပရိသတ်များ ဖြစ်ကြတာမို့ ချယ်ဆီးပွဲဆိုရင် မလွတ်တမ်းကြည့် ကြသူများပင် ဖြစ်သည်။

ဝေဟင်ရဲ့စကားကို မြင့်ဦးက နှာခေါင်းတစ်ချက် ရှုံ့လိုက် ရင်းက ...

"မကြည့်လိုက်ရပါဘူးကွာ၊ မားသားကြီးက ဆယ်တန်းကျောင်း သားက ဆယ်တန်းကျောင်းသားလိုနေ၊ ဘောလုံးပွဲက တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံးကြည့်လို့ရတယ်၊ စာကျက်ဆိုလို့၊ စာပဲကျက်နေရတယ်၊ ဒီနှစ်တော့ ဘောလုံးပွဲတွေနဲ့ ဝေးပြီဘောဘီပဲ၊ မင်းရော ကြည့်ဖြစ်သေးလား"

"ကြည့်တာပေါ့ကွ၊ ငါ့အိမ်ကတော့ အေးအေးဆေးဆေးပဲ၊ ကိုယ့်စာကိုယ်နိုင်ရင် ပြီးတာပဲတဲ့၊ ကိုယ့်ကိုယ်ကိုယ် ဆယ်တန်းကျောင်းသားဆိုတာတော့ ခေါင်းထဲမှာ ထည့်ထားတဲ့"

"အေးကွာ ... မင်းမိဘတွေကမှ မိုက်သေးတယ်၊ အိမ်ကတော့ ကျောင်းစဖွင့်ကတည်းက တီဗီရှေ့ထိုင်ပြီ ဆိုတာနဲ့ စပီကာဖွင့်တော့တာပဲ"

"တကယ်တမ်းက မဆိုင်ပါဘူးကွာ၊ ကျောင်းစာလုပ်တဲ့ အချိန်ကျောင်းစာလုပ်ဖို့ လိုသလို စိတ်ကို အနားပေးတဲ့ အချိန်မှာလည်းကိုယ်ဝါသနာပါတာတစ်ခုခုနဲ့ ဦးနှောက်ဆေးပေးရတယ်ကွ၊ ဒါမှဦးနှောက်လည်း လန်းမှာပေါ့၊ ကျောင်းစာမလုပ်ဘဲ တခြားဟာချည်းပဲ လုပ်မနေရင် ပြီးတာပါပဲ"

"အေးလေကွာ၊ ငါပြောတာလည်း အဲဒါပဲ၊ နောက်ဆို ချယ်ဆီးပွဲလာတဲ့နေ့ မင်းအိမ် လာကြည့်မယ် ... ဟဲ ဟဲ ..."

နှစ်ယောက်သား စကားတပြောပြောနှင့် စက်ဘီးနင်းလာပြီးနောက် ကျောင်းရောက်လာကြသည်။ ကျောင်းခန်းထဲကို ရောက်စဉ်မှာတော့ သူတို့နှင့်ပြောမနာဆိုမနာ သူငယ်ချင်းဖြစ်သူ ခခကျော်ကို ဂဏန်းပေါင်းစက် တစ်လုံးနှင့် တွေ့လိုက်ရ၏။

"ဟဲ့ ... ကိုကြီးကျော်၊ ဒီနေ့ ကျောင်းလာတာ စောသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦး၏စကားကြောင့် ခခကျော်က ဆတ်ခနဲ မော့ကြည့်လာရင်းက ...

"မသာကောင် ... ငါ့ကို အဲလိုမခေါ်နဲ့လို့ ဘယ်နှခါ ပြောရမလဲ၊ ငါ့နာမည် ဒီလောက်လှတာကို နင်တို့ နာမည်ဖျက်ပေါင်းများပြီနော်"

"နင်ကလည်းဟာ ... ငါတို့က သူငယ်ချင်း အချင်းချင်း ခင်လို့ စတာပါ၊ ဒါနဲ့ ဂဏန်းပေါင်းစက်ကြီးနဲ့ ဘာတွေလုပ်နေတာတုန်း၊ ပေးစရာရှိတဲ့ အကြွေးတွေ ပြန်ပေါင်းနေတာလား"

မြင့်ဦး စကားကြောင့် နဂိုပြုံးသည့် ခခကျော့် မျက်လုံးက ရှေ့ဘက်ကို ပြူတ်ကျလာမတတ် ပြူးကျယ်ထွက်လာရင်းက ...

"အောင်မာ ... ဘာကိစ္စ ငါက ပေးစရာ အကြွေးရှိရမှာလဲ၊ ငါ ကောက်ထုလိုက်ရင် သေဦးမယ်"

"ဒါဆို ဘာလုပ်နေတာလဲ"

"သင်္ချာတစ်ပုဒ်တွက်မရလို့။ အဲဒါ ဂဏန်းပေါင်းစက် ကူနေတာ"

"ဘယ်ပုစ္ဆာလဲ"

"ကျူရှင်က တွက်ခိုင်းလိုက်တဲ့ ပုစ္ဆာပါဟယ်၊ ဘယ်လိုမှကို တွက်မရဘူး ဖြစ်နေတယ်၊ ဟဲ့ ... ဝေဟင် ... နင်တွက်တတ်ရင် ငါ့ကို တစ်ချက်လောက် ရှင်းပြစမ်းပါ"

မီးနင်းစာအုပ်ကိုထုတ်ကာ မီးနင်းတွေ ပြန်ရွေးနေရင်းက နေ ဝေဟင်က ခခကျော် စကားကြောင့် မီးနင်းစာအုပ်ကို ခဏပိတ်ထား လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြလေ ... ဘယ်ဟာလဲ"

ဆိုပြီး ခခကျော် ရှိရာကို ထသွားဖို့ လုပ်လိုက်ပေမယ့် စိတ်မြန်သည့် ခခကျော်က သူမ ဘာသာပဲ ထလာလိုက်ကာ အလယ်မှာ ပိတ်ရပ်နေသလို ဖြစ်နေသည့် မြင့်ဦးကို တွန်းလိုက်ကာ သူ့အနား ရောက်လာသည်။

"ဒီပုစ္ဆာဟာ၊ နံပါတ် ငါး ..."

"ဩော် ... ဒါလား ..."

သုံးယောက်သား သင်္ချာပုစ္ဆာထဲမှာ စိတ်ရောက်သွားကြသည်။ အခန်းထဲမှာ ဝေဟင်က စာအတော်ဆုံးမို့ အရင်နှစ်တွေကတည်းက တစ်ခုခု မသိတာရှိရင် ကျောင်းသူကျောင်းသား အများစုက ဝေဟင့်ကိုပဲ ရှင်းပြခိုင်းတာ များလေသည်။ ဝေဟင်ကလည်း ကျောင်းစာနှင့်ပတ်သက်လျှင် မညည်းမညူ လာသမျှကို ပြန်ရှင်းပြလေ့ရှိ၏။ ဒီတော့ ဝေဟင့်ကို မုန်းလျှင် တစ်ခန်းလုံးက ခင်ကြသလို စာတော်ပြီး အခန်းထဲမှာ အမြဲတမ်း အဆင့်တစ် ရလေ့ရှိသည့် ဝေဟင့်ကို ဆရာ၊ ဆရာမတို့ကလည်း ချစ်ကြလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

တစ်ခန်းလုံး၏ အကြည့်တွေက ဆရာမနောက်မှာ ပါလာသည့် ကောင်မလေးဆီမှာ ကပ်ငြိနေကြ၏။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါကွယ်၊ ထိုင်ကြ ... ထိုင်ကြ"

ကျောင်းသူကျောင်းသားတွေ အားလုံး ပြန်ထိုင်ပြီးကြစဉ်မှာတော့ ဆရာမက အားလုံးကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ကာ ...

"အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒီနေ့ ဆရာမတို့အခန်းကို ကျောင်းသူအသစ်တစ်ယောက် ပြောင်းလာတယ်၊ သူ့နာမည်က ကသစ်ချိုတဲ့၊ အားလုံး ချစ်ချစ်ခင်ခင် ဆက်ဆံပေးကြနော်၊ ပြီးတော့ သူက ဒီနေ့မှ ကျောင်းကိုရောက်တာဆိုတော့ သူလိုက်လို့ မမီလိုက်တဲ့ စာတွေကိုလည်း တတ်နိုင်သမျှ ဝိုင်းကူလိုက်ကြဦး၊ ကြားလား"

"ဟုတ်ကဲ့ ..."

ဟုတ်ကဲ့ဆိုသည့် အသံတွေက တစ်ပြိုင်တည်း။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူတွေရဲ့ "ဟုတ်ကဲ့"ထက်၊ ကျောင်းသားတွေရဲ့ "ဟုတ်ကဲ့"က အသံပိုကျယ်နေ၏။

ဝေဟင်ကလည်း ကျောင်းသူအသစ်ဆိုသည့် ကောင်မလေးကို သေချာကြည့်နေမိ၏။ အသားဖြူဖြူ၊ အရပ်ရှည်ရှည်နှင့် ခပ်ပါးပါးခန္ဓာကိုယ်ပိုင်ရှင် ကောင်မလေးက လှတာတော့ တော်တော်လှလေသည်။ ပိုပြီးတော့ သတိထားမိစေတာက ပခုံးပေါ်မှာ ခပ်ဝဲဝဲ ကျနေသည့် ဆံပင်တွေကြားထဲမှာ ရှိနေသည့် မျက်နှာဖူးဖူးလေးပဲ ဖြစ်သည်။ မျက်လုံးတွေကလည်း တစ်မျိုးသော အရိပ်ကလေးနှင့် အရောင်တွေ တောက်နေသလို ရှိလေ၏။

"မိုက်တယ်နော် ဝေဟင်၊ အလန်းလေး"

နားနားကပ်ကာ ခပ်တိုးတိုး ပြောလာသည့် မြင့်ဦးစကားကြောင့် ဝေဟင်က ခုံအောက်ကနေ မြင့်ဦး ခြေထောက်ကို အသာကျိတ်ကာ နင်းလိုက်သည်။ မြင့်ဦးက"အ"ဟု ခပ်တိုးတိုး အသံထွက်ကာ အသံတိတ်ဆဲ၏။ ဝေဟင်ကတော့ အသာကျိတ်ကာ ပြုံးလိုက်မိလေသည်။

"ဟုတ်ပြီ ... ဒါဆို သူ့ကို နေရာပေးရအောင်"

ဆရာမက ကျောင်းသူတွေဘက်တန်းကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ကာ ခခကျော်ရဲ့ဘေးနားက လွတ်နေသည့်နေရာကို အတွေ့မှာတော့ ...

"ဪ ... ခခကျော်၊ သမီးဘေးမှာ သူ့ကိုနေရာပေးလိုက်နော်"

"ဟုတ်ကဲ့ ဆရာမ"

"သွား ... သမီး အဲဒီကို သွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ချိုက ခကျော် ဘေးမှာ ဝင်ထိုင်လိုက်ကာ ခကျော်နှင့် ခပ်တိုးတိုး မိတ်ဆက်လိုက်သည်။

"ကဲ ... စာ စသင်ရအောင်"

ဆရာမစကားအဆုံး အနည်းငယ်ဆူနေသော အသံတွေ တိတ်သွားတော့သည်။ ဝေဟင်ကလည်း လွယ်အိတ်ထဲက စာအုပ်ကို ထုတ်ကာ ခုံပေါ်တင်လိုက်ရင်းမှ ကသစ်ချိုဆီကို ဘာရယ်မဟုတ် တစ်ချက်လှမ်းကြည့်လိုက်မိသည်။ ဖြစ်ချင်တာတော့ ကသစ်ချိုကလည်း ကျောင်းခန်းထဲကို ဝေ့ဝဲကြည့်လိုက်ရင်းက ဝေဟင့်ဆီကို အကြည့်အရောက်နှင့် အကြည့်ချင်း ဆုံသွားကြ၏။

ဝေဟင့်ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားကာ အကြည့်ကို ဆရာမဆီ ခပ်မြန်မြန်ပဲ ပို့လိုက်မိလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ကျောင်းရှေ့မှာ လာကြိုစောင့်နေသည့် မေမေ့ကားပေါ်ကို တက်လိုက်မိစဉ်မှာပဲ မေမေ့ဆီက အသံထွက်လာသည်။

"ဘယ်လိုလဲ၊ ကျောင်းတက်ရတာ အဆင်ပြေရဲ့လား သမီး"

"ပြေပါတယ် မေမေ"

မေမေက ကားကို မောင်းမထွက်သေးဘဲ မှန်ထဲမှာပေါ်နေသည့် သူမကို တစ်ချက်ကြည့်သည်။ သူမက ပြုံးပြလိုက်တော့မှ မေမေက ကားကို စက်နှိုးကာ မောင်းထွက်သည်။

"အဆင်မပြေတာရှိရင် ပြောနော်"

"ဟုတ် ... ဒါနဲ့ မေမေ့ကို ပြောစရာရှိတယ်"

"ပြောလေ ... ဘာများလဲ"

သူမက ကားမှန်ကို အောက်ဘက်လျှောချလိုက်ရင်းကနေ ...

"ဟို ... သမီးကို စက်ဘီးတစ်စီးလောက် ဝယ်ပေးပါလား၊ ကျောင်းနဲ့ အိမ်နဲ့ကလည်း နီးနီးလေးပဲလေ၊ ဆယ့်ငါးမိနစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



နင်းရင် ရောက်နေတာပဲဟာ၊ သမီး စက်ဘီးနဲ့ပဲ တက်မယ်လေ။ မေမေလည်း လာကြိုရတာ သက်သာတာပေါ့"

မေမေက သူမစကားကို လက်မခံချင်ဟန်ဖြင့် ခေါင်းယမ်းသည်။

"မေမေ့မှာ တခြား ဘာများလုပ်စရာ ထွေထွေထူးထူး ရှိလို့လဲ သမီးရယ်၊ ဘာမှမဖြစ်ဘူး၊ မေမေပဲ အကြိုအပို့ လုပ်ပေးမယ်၊ ပြီးတော့ ဒီပတ်ဝန်းကျင်ကို မေမေတို့က အခုမှ ပြောင်းလာတာ၊ ဘယ်လိုအခြေအနေရှိတယ်ဆိုတာလဲ မသိသေးဘူး၊ သမီးကို နီစွစွ တစ်ယောက်တည်း လွှတ်ရမှာ စိတ်မချပါဘူး"

သူမ ဘာမှမပြောမိ။ မေမေ ပြောရင် ပြောသည့်အတိုင်းသာ လုပ်ရမှာဖြစ်သည်။ မေမေ့ဘဝမှာ သူမတစ်ယောက်သာ တိုးတိုးဖော်ရှိတာဖြစ်သလို ချစ်ခင်တွယ်တာစရာ ဆိုလို့လည်း သူမတစ်ယောက်သာ ရှိတာ မဟုတ်ပါလား။ ဒီတော့ မေမေက သူမကို တစ်ခုခု ဖြစ်သွားမှာ အရမ်းကိုပဲ စိုးရိမ်တာ ဖြစ်ပါသည်။ အဲဒီလို စိုးရိမ်ရအောင်ကိုပဲ မေမေ ကြုံတွေ့ခဲ့ရသည့် လောကကြီးက ကြောက်စရာ ကောင်းခဲ့တာပဲ ဖြစ်ပါသည်။

"ဪ ... မေမေ ဒီနေ့ သမီးအတွက် အိမ်မှာစာသင်ဖို့ ဆရာငှားပေးထားတယ်နော်၊ မနက်ဖြန်ကစပြီးတော့ လာသင်ပေးလိမ့်မယ်၊ ညနေခြောက်နာရီကနေ ကိုးခွဲအထိ စာကျက်ဖို့ ဂိုက်အိုတော့ စာမေးပွဲဖြေဖို့ သုံးလလောက် အလိုကျမှ မေမေ ငှားပေးမယ်၊ ရတယ် မဟုတ်လား"

www.burmeseclassic.com



သူမက ခေါင်းညိတ်ပြလိုက်မိသည်။ ကားမှန်ချထားသဖြင့် အပြင်မှလေက သူမမျက်နှာကို လာရောက်တိုးဝှေ့နေ၏။ သူမက မျက်စိကို တစ်ချက်မှိတ်လိုက်ကာ အဲဒီလေကို အားရပါးရ ရှူရှိုက်လိုက်ပြီး နောက် မျက်စိကိုပြန်ဖွင့်လိုက်စဉ်မှာတော့ လမ်းဘေးမှာ စက်ဘီးနင်းသွားနေသည့် ကျောင်းသားနှစ်ယောက်ကို တွေ့လိုက်ရ၏။ အစတော့ သူမက သူတို့ကို နောက်ကနေ မြင်နေရတာဆိုတော့ ဘယ်သူတွေမှန်း မသိသေး။ သူတို့ဘေးနားကနေ ဖြတ်မောင်းကာ ကျော်တက်လိုက်တော့မှ သူမတို့ အခန်းထဲက ကျောင်းသားနှစ်ယောက် ဆိုတာကို သိလိုက်ရတာဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

ဖခင်ဖြစ်သူမှ စာချုပ်တစ်ခု ဝယ်ခိုင်းသဖြင့် ဝေဟင်မောင်က စက်ဘီးနဲ့ ထွက်လာခဲ့လိုက်လေသည်။ စာချုပ်ဝယ်ရမည့်ဆိုင်က သူတို့လမ်းနှင့် နှစ်လမ်းကျော်မှာ ရှိတာမို့ သူက ခပ်အေးအေးပဲ စက်ဘီးကို နင်းလာရင်းက စတိုးဆိုင်ရှိသည့် လမ်းထဲကို ဝင်လာခဲ့လိုက်သည်။ ဒီအချိန်မှာပဲ သူ့အကြည့်က လမ်းရဲ့ညာဘက်ခြမ်းမှာရှိသည့် အိမ်တစ်အိမ်က ဝရန်တာပေါ်မှာ စာအုပ်တစ်အုပ်ကိုကိုင်ရင်း မတ်တတ်ရပ်နေသည့် ကသစ်ချိုကို တွေ့လိုက်ရတာ ဖြစ်သည်။

"ဟင် ..."

ဘာမှန်းမသိ ရင်ထဲမှာ ရှိန်းခနဲ ဖြစ်သွားရ၏။

သူမပုံစံကို ကြည့်ရသည်မှာတော့ *စာကျက်နေပုံပါပင်။*

သူမက အစတော့ သူ့ကိုမမြင်။ နောက်တော့မှ သူမအကြည့်ကလည်း လမ်းထဲမှာ စက်ဘီးနင်းသွားရင်း သူမကို ကြည့်နေသည့် သူ့ဆီကို ဆွဲခနဲ ရောက်လာတော့တာဖြစ်သည်။

သူမက သူ့ကိုအမြင်မှာတော့ ဝရန်တာလက်ရန်းကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



ပြေပြေ မှီရပ်နေရင်းကနေ ခပ်မတ်မတ် အနေအထား ဖြစ်သွားသည်။ အကြည့်ကိုတော့ လွှဲမသွား။

"သူမက ဒီမှာ နေတာပေါ့"

စိတ်ထဲမှာ တစ်ယောက်တည်း ပြောလိုက်မိသည်။ သူမက လည်း သူ့ကိုတွေ့လိုက်ရသဖြင့် အနည်းငယ်တော့ အံ့သြသွားဟန် ရှိလေသည်။ ဟင်း ဟင်း ... ရေစက်များလားမသိဟု တွေးလိုက်မိရင်း သူက မလုံမလဲ ပြုံးလိုက်မိ၏။ သူမကတော့ ဘယ်လိုတွေးနေသည်မသိ ချေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဝေဟာင့်စကားအဆုံး မြင့်ဦးက တအံ့တဩ ပြန်မေးလာ၏။ နှစ်ယောက်သားက စာကျက်ဖို့ ဆုံကြတာဖြစ်သော်လည်း စာဆီကိုအခု ထိ မရောက်ကြသေးဘဲ ရောက်တတ်ရာရာ စကားတွေ လျှောက်ပြောနေ ရင်းက စကားတွေက ကသစ်ချိုဆီကို ရောက်သွားရတာ ဖြစ်လေသည်။

"ဟုတ်လား ... မင်းက သိတာမြန်လှချည်လား၊ သွက်တယ်ကွာ"

မြင့်ဦး စကားကြောင့် ဝေဟာင်က ရှက်ကိုးရှက်ကန်း ဖြစ် သွားရရင်းက ...

"အံမာ ... ဘာမှမသွက်ဘူး၊ စုံစမ်းထားတာလည်း မဟုတ်ဘူး၊ ဒီလိုပဲ ခရီးသွားဟန်လွဲနဲ့ တွေ့လိုက်တာ"

"အေးပါကွာ၊ မင်းကလည်း အကြောက်အကန်ကို ဖင်ပိတ်ငြင်း နေတော့တာပဲ၊ ငါတောင် ဘာမှမပြောရသေးဘူး"

မြင့်ဦးက ဝေဟာင့်ကို စသလိုလိုနဲ့ အစ်အောက်တာ စကား ခေါ်သည်။ ဒါပေမဲ့ ဝေဟာင်က မြင့်ဦးရဲ့စကားကျော့ကွင်းထဲကို မဝင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆိုလိုလိုက်တဲ့စကားကို ငါ ပေါက်ပါတယ် မြင့်ဦးရာ၊ လာလုပ်မနေစမ်းပါနဲ့"

"ဟဲ ဟဲ ... မင်းကလည်း၊ ဒါနဲ့ သူက ချမ်းသာမယ်ထင်တယ်နော်၊ ကားနဲ့တောင် အကြိုအပို့လုပ်ပေးနေတာဆိုတော့"

"အင်း ... ငါတို့နဲ့ စာရင်တော့ အပုံကြီးချမ်းသာတယ် ပြောရမှာပေါ့"

မြင့်ဦးက ကသစ်ချိုကို မျက်လုံးထဲမှာ ပြန်လည်မြင်ယောင်ကြည့်လိုက်ဟန်နဲ့ မရိုးမရွ ဖြစ်သွားပုံပေါ်ကာ ...

"ဟီး ... ချစ်စရာလေးကွ"

ဟု ဆိုသည်။ ဝေဟင်က သဘောတကျ ပြုံးလိုက်ရင်းကနေ ...

"ခွေးကောင် ... မင်း ငါ့ဆီလာတာ၊ စာကျက်ဖို့ မဟုတ်လား"

"အေးလေ ..."

"အဲဒါဆို ကသစ်ချိုကို ခက်ဆစ်ဖွင့်နေတာ တော်လောက်ပြီ၊ စာကျက်မယ်၊ ဒါနဲ့ ငါ့ကို ဘိုင်အို ရှင်းပြနိုင်းမလို့ဆို၊ ဘယ်အပုဒ်လဲ"

"ဪ ... အေး၊ ခဏ ...၊ ဒီဟာ ... ဒီအပုဒ်"

နောက်တော့ နှစ်ယောက်သား စာကျက်ခြင်းထဲမှာ ရှာန်ဝင်စားသွားကြသည်။ ကသစ်ချိုလည်း မသိတော့။ ချမ်းသာတာတွေ၊ ဆင်းရဲတာတွေလည်း မသိတော့၊ ချယ်ဆီးဘောလုံးအသင်းအကြောင်းလည်း မသိတော့။

အတော်ကြာ စာကျက်ပြီးကြစဉ်မှာတော့ ဝေဟင့် မိခင် ဒေါ်စန်းစန်းတင့်က လက်ဖက်သုပ်တစ်ပန်းကန်ဖြင့် ရောက်လာသည်။

"သားတို့ ... ဒီမှာ အိပ်ချင်ပြေ လက်ဖက်သုပ်စားဦး"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်ရောက်လာသော လက်ဖက်သုပ်ပန်းကန်ကို မြင့်ဦးက ဝေဟင့်ထက်အရင် ဦးအောင်ကောက်ယူလိုက်ရင်းက ...

"အား ... အိပ်ချင်နေတာနဲ့ အတော်ပဲ ... ဟီး ဟီး"

ဟု ဆိုကာ ပါးစပ်ထဲကို နှစ်ဇွန်းဆက်တိုက် ဆင့်ထည့်လိုက်ကာ ဝါးတော့သည်။

"ကော်ဖီရော သောက်ကြဦးမလား၊ ဖျော်ပေးမယ်လေ"

ဝေဟင်က မိခင်ဖြစ်သူ စကားကို ခေါင်းယမ်းလိုက်ပြီးနောက်မှ ...

"သားတော့ မသောက်တော့ဘူး မေမေ၊ မြင့်ဦး ... မင်းသောက်ဦးလား"

ဝေဟင့် စကားအဆုံး မြင့်ဦးက ဒေါ်စန်းစန်းတင့်ကို ပြုံးပြလိုက်ရင်းမှ ...

"တော်ပြီ အန်တီ၊ မသောက်တော့ဘူးခင်ဗျာ၊ လက်ဖက်သုပ်ပဲ စားတော့မယ်"

"ဪ ... အေး အေး"

မေမေ ပြန်ထွက်သွားတော့မှ ဝေဟင်က အကြောတစ်ချက်ဆန့်ထုတ်လိုက်ပြီးနောက် ...

"ဟော့ကောင် ... ထ၊ ခဏနားရင်း လက်ဖက်သုပ်လည်းစား၊ တီဗီလည်း ခဏကြည့်ရအောင်"

"ဂွတ်တာပေါ့"

နှစ်ယောက်သား လက်ဖက်သုပ်ပန်းကန်ကို ကိုင်ကာ ဝေဟင့်အခန်းထဲကနေ အိမ်ရှေ့ဘက် ထွက်လာခဲ့လိုက်သည်။ အိမ်ရှေ့ဘက်ရောက်တော့ ဖခင်ဖြစ်သူကို နိုင်ငံခြားကားတစ်ကား ကြည့်နေသည်နှင့် တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးကျော်က သူတို့ထွက်လာတာကိုမြင်တော့ ပါဝါမျက်မှန်ကို ပင့်တင်လိုက်ရင်းက ...

"ဟော ... သားတို့ စာကျက်လို့ ပြီးကြပြီလား"

"မပြီးသေးဘူး ဖေဖေ၊ ခဏနားတာ"

"ဩော် ... အေး အေး"

နှစ်ယောက်သား လွှတ်ရာခုံမှာ ဝင်ထိုင်လိုက်ကြသည်။ မြင့်ဦးက တီဗီကို စိတ်ဝင်တစား ကြည့်လိုက်ရင်းမှ ...

"ဘာကားလဲ အန်ကယ်"

"Brad Pitt ကားလေ၊ Seven yerars in Tibet တဲ့၊ ဇာတ်ကားက မိုက်တယ်ကွ၊ ဒါပေမဲ့ ပြီးတော့မှာ ..."

"ဩော် ... ကျွန်တော် ကြည့်ပြီးပြီဗျာ၊ ဟုတ်တယ်၊ တော်တော်ကောင်းတယ်"

ကြည့်ပြီးပြီဆိုသော်လည်း မြင့်ဦး အပါအဝင် သုံးယောက်သားက တီဗီမှာပဲ စိတ်ရောက်သွားကြသည်။ ဆယ်မိနစ်လောက် ကြာသွားပြီးစဉ်မှာတော့ ဖေဖေ့ဆီက အသံထွက်လာသည်။

"ဒါနဲ့ မောင်မြင့်ဦးကို မေးရဦးမယ်၊ ဆယ်တန်းအောင်ရင် ဘယ်လိုင်းကို လိုက်မယ်စိတ်ကူးလဲ"

မြင့်ဦးက နံရံမှာချိတ်ထားသည့် တရားသူကြီးဝတ်စုံနှင့် ဖေဖေ့ဓာတ်ပုံကို တစ်ချက်ကြည့်လိုက်ကာ ...

"ကျွန်တော်လား၊ ကျွန်တော်က အန်ကယ့်လို တရားသူကြီးတစ်ယောက် ဖြစ်ချင်တာဗျာ၊ ဒါပေမဲ့ အိမ်က စစ်ဗိုလ်လုပ်ခိုင်းမယ်ပြောတယ်၊ D.S.A ဒီအက်စ်အေ လျှောက်ရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။ ဝေဟင့်ဖခင် ဦးစိုးကျော်က မြို့နယ်တရားသူကြီးတစ်ဦး ဖြစ်သလို မိခင်ဖြစ်သူ ဒေါ်စန်းစန်းတင့်ကလည်း နာမည်ရ ရှေ့နေတစ်ဦးပင် ဖြစ်သည်။

"ဩော် ..."

ဖေဖေက မြင့်ဦးရဲ့စကားကို ချီးသည် ခါးသည်မပြော။ ခေါင်းကိုသာ တဆတ်ဆတ် ညိတ်နေ၏။ ဒါက ဖေဖေ့ပုံစံပင်ဖြစ်သည်။ တစ်ဖက်လူရဲ့ဆန္ဒကို ဘယ်တော့မှ ဝေဖန်လေ့မရှိ။ လွတ်လပ်စွာ ရွေးချယ်ခွင့်၊ ပြောဆိုခွင့် ပေးထားတတ်၏။

"သားကရော ..."

ဖေဖေ့စကားကြောင့် သူက သူ့ရည်မှန်းချက်ကို ပြောမည်ပြင်စဉ်မှာပဲ မေမေက သူတို့စကားဝိုင်းထဲကို ရောက်လာသည်။

"မေမေကတော့ သားကို ဆေးလိုင်းဝင်စေချင်တယ် သား၊ သားကို ဆရာဝန်ကြီးပဲ ဖြစ်စေချင်တယ်"

မေမေ့စကားကြောင့် ဖေဖေက ခေါင်းယမ်းသည်။ မေမေက သူဖြစ်စေချင်တာကို ရှေ့တန်းတင်ကာ ဖြစ်လာအောင် ပုံသွင်းလေ့ရှိသူဖြစ်ပြီး ဖေဖေကတော့ တစ်ဖက်လူရဲ့ဆန္ဒကို ရှေ့တန်းတင်ကာ အဲဒီလူရွေးချယ်လိုက်တဲ့ လမ်းကိုပဲ မယိမ်းအောင် တည့်မတ်ပေးတတ်တာ ဖြစ်ပါသည်။

"မဟုတ်သေးပါဘူး အမေကြီးရယ်၊ လူဆိုတာက ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ကို ကိုယ်ဝါသနာပါတာနဲ့ပဲ ရှင်သန်သင့်တယ်၊ အဲဒါမှသာ အဲဒီလူရဲ့ အသက်ရှင်နေခြင်းက အဓိပ္ပာယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပျော်ရွှင်စရာ ကောင်းတော့မပေါ့။ ဝါသနာမပါတဲ့ အလုပ်ကြီးတစ်ခုကို ရွေးချယ်လိုက်မိလို့ ဘဝတစ်လျှောက်လုံးမှာ ငြီးငြီးငွေ့ငွေ့နဲ့ အသက်ရှင်နေတာမျိုးကိုတော့ ကိုယ်မလိုချင်ဘူး၊ သားကိုလည်း အဲလိုမဖြစ်စေချင်ဘူး၊ ပိုက်ဆံရပေမယ့် စိတ်မပျော်တဲ့ အလုပ်ကြီးကိုတော့ ဘာလုပ်မှာလဲ"

"မဟုတ်ပါဘူး အဖေကြီးရယ်၊ ရှင် မှားနေပြီ၊ ကျွန်မက သားကို ပိုက်ဆံအတွက် ဆရာဝန်ဖြစ်စေချင်တာ မဟုတ်ဘူး၊ ဆရာဝန်ဆိုတဲ့ဂုဏ်ကိုပဲ ရစေချင်တာ၊ ကျွန်မ ပိုက်ဆံမမက်ဘူးဆိုတာ ရှင်သိပါတယ်၊ ကျွန်မသာ ပိုက်ဆံမက်တဲ့ မိန်းမတစ်ယောက်ဆိုရင် ရှင့်လို အစိုးရလခစား ယောကျ်ားတစ်ယောက်ကို ယူခဲ့ပါ့မလား၊ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ယောက်ကိုပဲ ရှာယူတော့မှာပေါ့ ရှင်၊ ကျွန်မ ငွေမမက်ဘူး၊ ဒါပေမဲ့ ဂုဏ်မက်တယ်၊ အဲဒီအတွက် ကျွန်မသားကို လူတကာ ရိုသေလေးစားလောက်တဲ့ ဂုဏ်ပုဒ်တစ်ခုနဲ့ လောကအလယ်မှာ ရပ်တည်စေချင်တယ်၊ ကျွန်မဆန္ဒက အဲဒါပဲ၊ လူတစ်ယောက်ဟာ ပိုက်ဆံရှိဖို့ မလိုဘူး၊ စားနိုင်သောက်နိုင်ရင် တော်ပြီပေါ့၊ သေရင် ကိုယ့်နောက်ကို အဲဒီ စည်းစိမ်ချမ်းသာတွေက ပါမလာပါဘူး၊ ဒါပေမဲ့ အဲဒီလူရဲ့ဂုဏ်ပုဒ်ကတော့ သူသေသွားလည်း ရှင်သန်ပြီးတော့ ကျန်နေခဲ့တယ်ရှင့်၊ ကျွန်မကသားကို လူသေရင်တောင် နာမည်မသေတဲ့လူမျိုး ဖြစ်စေချင်တာ"

"ဟုတ် ... သားလည်း ဆရာဝန်အလုပ်ကို ဝါသနာပါပါတယ် မေမေ။ သား ကြိုးစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့အဖြေကို သဘောကျသွားဟန်ရှိ၏။ အားရပါးရပြုံးလိုက်ကာ ...

"မေမေ့သားကို မေမေယုံပြီးသားပါ၊ ဒီမှာ သား၊ မေမေ ကုန်ကုန်ပြောလိုက်မယ်၊ နောင်တစ်ချိန် သားကျောင်းပြီးလို့ အိမ်ထောင်ပြုမယ်ဆိုရင်တောင် သားယူမယ့် မိန်းမဟာ ပိုက်ဆံရှိဖို့ မလိုဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ရှိပါစေ၊ စာရိတ္တကောင်း၊ မျိုးရိုးကောင်းတဲ့ မိန်းကလေးဖြစ်နေရင် ရပြီ"

မေမေ့စကားအဆုံး မြင့်ဦးက သဘောတကျနှင့် သူ့လက်ခောင်းကို လာပုတ်သည်။ သူသည်လည်း မေမေ့စကားကြောင့် ရှက်သောင်သွားရ၏။ မေမေတော့ လုံးဝကို အတည်အတံ့ကြီး ပြောနေတာဖြစ်သည်။

ထိုအခိုက် မျက်လုံးထဲမှာ ကသစ်ချို့ရဲ့ပုံရိပ်က ပြေးဝင်လာတော့ ရုတ်တရက် လန့်သွားရသည်။ အာ ... ဘာဆိုင်လို့ သူ့ကိုသွားမြင်ယောင်မိရတာတဲ့လဲ။

ခက်တော့နေပါပြီ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် ... ဟိုမှာကြည့်၊ ဟိုမှာ"

ဆရာမ စာရှင်းပြနေတာကို လိုက်ကြည့်နေရင်းကနေ ဝေဟင့်အကြည့်က မြင့်ဦး ညွှန်ပြရာကို ရောက်သွားရသည်။ မြင့်ဦး ပြတာက ခခကျော် ငိုက်နေတာကို ပြတာဖြစ်သည်။ သူက သဘောတကျနှင့်ပြုံးလိုက်မိသည်။

တစ်ဆက်တည်းမှာပဲ သူ့အကြည့်က ခခကျော်ရဲ့ဘေးမှာ ရှိသည့် ကသစ်ချိုဆီကို ရောက်သွားရသည်။ ကသစ်ချိုက ဆရာမစာသင်နေတာကို လိုက်ငေးကြည့်နေတာ ဖြစ်သည်။

ကုပ်ပေါ်မှာ ခပ်ဝဲဝဲကျနေသည့် ဆံပင်များကြားမှ တစ်ဝက်တစ်ပျက် မြင်နေရသည့် မျက်နှာလေးက ဘယ်လိုကြည့်ကောင်းနေမှန်းကို မသိ။

စာသင်တာကို လိုက်နားထောင်ရင်း စာအုပ်ထဲမှာ လိုက်မှတ်လိုက်၊ မှတ်စရာမရှိရင် ဆရာမကိုကြည့်နေရင်းက ဘောပင်လေးကို ပါးစပ်နဲ့ကိုက်လိုက်၊ မေးမှာထောက်လိုက်နှင့် ရှိနေပုံလေးက ဘယ်လိုမှန်းကို မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းကောင်းနှင့် ကြည့်နေရင်းကနေ တစ်ချက်မှာတော့ သူမအကြည့်က သူ့ဆီကို ဖျတ်ခနဲ ရောက်လာတော့၏။ ဒီတော့မှ သူက လန့်ဖျပ်ကာ သူမဆီက အကြည့်ကို ဆရာမဆီ အမြန်ပို့လိုက်ရသည်။

ရင်ထဲမှာ ရှိန်းတိန်းတိန်းနှင့်ပါပဲ။

ခဏကြာတော့မှ သူမကို တစ်ခါ ပြန်ခိုးကြည့်မိသည်။ ဒီတစ်ခါမှတော့ သူမအကြည့်က ဆရာမဆီမှာ ပြန်ရောက်နေပြီ။ ဘေးနားက ငိုက်နေသည့် ခကျော်ကလည်း အခုတော့ မငိုက်တော့ဘဲ မျက်လုံးကို ပြူးပြဲထားကာ စာသင်တာကို ကြည့်နေလေပြီ ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ပိုင်း ခဏတဖြုတ် (၁၅)မိနစ်အားလပ်ချိန်ပေးစဉ်မှာတော့ ကျောင်းသူကျောင်းသားတွေ အားလုံးနီးပါး အပြင်ထွက်ဖို့လုပ်နေကြပေမယ့် ကသစ်ချို့ကတော့ အပြင်မထွက်ချင်တာနဲ့ ရေသည်ပြဇာတ်စာအုပ်ကိုထုတ်ကာ ဖတ်နေလိုက်သည်။

ဒီအချိန်မှာပဲ ခခကျော်က သူမဘက်ကို ငဲ့စောင်းကြည့်လာရင်းက ...

"ကသစ် ..."

"ဟင် ..."

"အပြင်သွားပြီး မုန့်လေး ဘာလေး သွားဝယ်စားရအောင်လေ၊ လိုက်ဦးမလား"

"ဟိုဟာ ..."

"လိုက်ခဲ့ပါဟာ၊ ငါလည်း အဖော်မပါလို့"

ငြင်းမလို့ ပြင်လိုက်သော်လည်း ခခကျော်ဆီက အဆက်မပြတ် ထွက်လာသည့် စကားကြောင့် သူမက အဲဒီစိတ်ကူးကို ပယ်ဖျက်လိုက်ကာ စာအုပ်ကို ပိတ်လိုက်ရင်းမှ ...

"အင်း ... ဒါဆိုလည်း သွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မုန့်ဆိုင်တန်းတွေဘက် ထွက်လာကြရင်း တစ်ခုလတ်မှာ ဝေဟင်တို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်ဆုံသည်။

မြင့်ဦးက လက်ထဲမှာကိုင်ရင်း စားလာသည့် ရေခဲမုန့်ကို အကျော်အား မြှောက်ပြလိုက်ရင်းမှ ...

"ဟဲ့ ... စားဦးမလား"

"နင်က ကျွေးမလို့လား"

"မကျွေးပါဘူး၊ ကြိုက်ရင် ကိုယ့်ဘာသာဝယ်စားလို့ ပြောမလို့"

မြင့်ဦး စကားကြောင့် ခခကျော်က အောက်နှုတ်ခမ်းကို ကိုက်၊ မျက်လုံးပြူးကြည့်လိုက်ရင်းက ...

"မသာကောင် ...၊ ဩော် ... ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ..."

"ကသစ်ချိုတဲ့၊ ငါတို့ သိပြီးသားပဲဟာ"

ကြားဖြတ်ကာ ပြောလိုက်သည့် မြင့်ဦး စကားကြောင့် ခခကျော်က နင်သလို ဖြစ်သွားရကာ မြင့်ဦးကို လှမ်းထုလိုက်ရင်းမှ ...

"ဟဲ့ ... နင် ကြားထဲက ဝင်ဝင်မပြောစမ်းပါနဲ့၊ နာမည်ပဲ သိပြီး မရင်းနှီးသေးဘူး မဟုတ်လား၊ ငါက ရင်းနှီးအောင်လို့ မိတ်ဆက်ပေးမလို့၊ ကသစ် ... သူတို့နှစ်ယောက်က ငါနဲ့ခင်တာ ကြာပြီ၊ ပြောမနာ ဆိုမနာတွေ၊ သူ့နာမည်က မြင့်ဦးတဲ့၊ သူ့နာမည်က ဝေဟင်မောင်၊ မှတ်ထား ... သိလား၊ တစ်ခန်းတည်းသားတွေပဲ၊ ရင်းရင်းနှီးနှီးပေါ့၊ ဒါပေမဲ့ ပိုက်ဆံတော့ မချေးနဲ့ သူတို့ကို ဘယ်တော့မှ ပြန်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဘယ်တုန်းက နင့်ဆီ ပိုက်ဆံချေးဖူးလို့လဲ ပြောပါဦး"

မြင့်ဦး စကားအဆုံး ခခကျော်က တခိခိ ရယ်လေသည်။ ကသစ်ကတော့ နှစ်ယောက်စလုံးကို ပြုံးပြလိုက်မိ၏။ သူတို့နာမည်တွေကိုလည်း သူမ သိပြီးသားပါ၊ ပြီးတော့ ဝေဟင်မောင့်ကိုလည်း တစ်နေ့က သူမတို့လမ်းထဲကနေ စက်ဘီးတစ်စီးနှင့် ဖြတ်သွားတာ တွေ့လိုက်ပါသေးသည်။

သူမက ပြုံးပြလိုက်သလို သူကလည်း သူမကို ဖော်ရွေစွာ ပြုံးပြပါ၏။ ဘာစကားမှတော့ မဆိုဖြစ်ကြ။ နောက်တော့ သူတို့ကလည်း သူတို့ဦးတည်ရာဘက်ကို လျှောက်သွားကြသလို သူမတို့လည်း မုန့်ဆိုင်တန်းတွေဘက် ဆက်လျှောက်လာခဲ့ကြသည်။

"မြင့်ဦးက ဗရုတ်လေ၊ ဝေဟင်ကတော့ စာတော်တယ်၊ အခန်းထဲမှာ အမြဲတမ်း အဆင့်တစ်ရတယ်၊ နှစ်ယောက်စလုံး ခင်ဖို့ကောင်းတယ်ဟ၊ ပေါင်းသင်းလို့လည်း ကောင်းတယ်၊ နင်လည်း ကြာရင် ရင်းနှီးသွားမှာပါ"

ခခကျော်ရဲ့ စကားကို သူမက ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်မိသည်။ နောက်တော့ မုန့်ဝယ်စရာရှိတာ မြန်မြန်ဝယ်ပြီး အတန်းထဲ ပြန်လာခဲ့လိုက်ကြ၏။ အားလပ်ချိန်က ဆယ့်ငါးမိနစ်ပဲပေးထားတာ မဟုတ်ပါလား။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ကျောင်းလာကတည်းက အလောတကြီးနှင့် ထွက်လာမိသည့် သူမက ကျောင်းထဲရောက်လာပြီးတော့မှပင် ဖိနပ်လွဲစီးလာမိတာကို သိလိုက်ရတာဖြစ်သည်။ လက်ရှိစီးနေသည့် ကတ္တီပါဖိနပ်က ပြတ်လုပြတ်ခင် တဲတဲလေးသာ ရှိတော့တာမို့ ဖိနပ်အသစ်ကိုစီးဖို့ ထုတ်ချထားပြီးသားပါ။ ဒါပေမဲ့ လောလော လောလောနှင့် ထွက်လာမိတော့ လွဲလာခဲ့တာဖြစ်သည်။

သူမက ကိုယ့်အဖြစ်ကိုယ် စိတ်ပျက်သွားရပြီးနောက် ဖိနပ်ကို ပြတ်ထွက်မသွားစေဖို့ ခြေထောက်ကိုကြွကာ ခပ်ဖြည်းဖြည်းပဲ လျှောက်လာခဲ့လိုက်ပါသော်လည်း ခဏအကြာမှာတော့ ဖိနပ်က သည်းကြိုးခေါင် အောက်ခြေကနေ ပြုတ်ထွက်သွာရတော့၏။

"ကျွတ် ... ဖြစ်ပြီကွာ"

သူမက စိတ်ပျက်လက်ပျက် ရေရွတ်ကာ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ဝဲကြည့်လိုက်မိသည်။ ဒီအချိန်မှာပဲ သူမနှင့် မလှမ်းမကမ်းမှာရှိနေသည့် ဝေယာင်မောင့်ကို မြင်လိုက်ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူမ တစ်ခုခု ဖြစ်နေတာကို ရိပ်မိဟန်ဖြင့် သူမဆီသို့ တန်းတန်းမတ်မတ်ကိုပဲ လျှောက်လာတော့၏။

"ဘာဖြစ်တာလဲ ကသစ်"

သူ့ရဲ့ပြောပုံဆိုပုံက တရင်းတနှီး ဆန်နေတော့ သူမလည်း ရှိန်နေတာ နည်းနည်းတော့ လျော့သွားရသည်။

"ဟို ... ဖိနပ်ပြတ်သွားလို့၊ အဲဒါ"

"ဩော် ..."

သူက သူမဖိနပ်ကို ငုံ့ကြည့်လာ၏။ ပြီးတော့ ဘာလုပ်ပေးရမှန်းမသိစွာ တစ်ချက်တွေးလိုက်ပြီးနောက်မှ သူက တစ်ခုခုကို အကြံရသွားဟန်နှင့် ...

"ခဏလေး၊ ဒီလိုလုပ် ..."

ဟုဆိုကာ သူ့လွယ်အိတ်ထဲက လက်ကိုင်ပဝါ အပြာရောင်လေးကို ထုတ်ယူလိုက်ကာ သူမရှေ့မှာ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီးနောက် ...

"ခြေထောက် မြှောက်လိုက်၊ ဒီပဝါနဲ့ နင် ဆက်သွားလို့ရအောင် ငါ လုပ်ပေးလိုက်မယ်"

"ဘယ်လိုလုပ်မှာလဲဟ နင်က"

သူမက ငုံ့မိုးကာ ပြောနေတာကို သူက မော့ကြည့်လာရင်းကနေ ...

"ခြေထောက်သာ မြှောက်လိုက်ပါဟာ၊ ငါ လုပ်ပေးပါ့မယ်"

"မဟုတ်ဘူး၊ အား ... အားနာလို့၊ ငါ့ဘာသာလုပ်မယ်လေ၊ ဘယ်လိုလုပ်ရမလဲပဲ ပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... အားနာမနေနဲ့။ နင်လုပ်တာနဲ့ ကျောင်းတက်သွားလိမ့်မယ်၊ မြှောက်ပါဆို ခြေထောက်"

မတတ်သာသည့်အဆုံး အားနာနာနှင့်ပဲ သူမက ခြေထောက်ကို မြှောက်ပေးလိုက်ရသည်။ ဒီမှာတင်ပဲ သူက လက်ကိုင်ပဝါကို ရှည်မျောမျောလေးဖြစ်အောင် ထောင့်ချိုးခေါက်လိုက်ကာ သူမဖိနပ်အောက်မှာ ချထားလိုက်ပြီးနောက် သူမခြေထောက်နှင့် ဖိနပ်ကို ပူးကပ်ကာ လက်ကိုင်ပဝါနှင့် သိုင်းချည်ပေးလိုက်လေသည်။ သူ့ရဲ့ဉာဏ်ပြေးမှုကို သဘောကျသွားရသလို ကျေးဇူးလည်း တင်သွားရသည်။

"ဒီတိုင်းသာ ထိန်းပြီးလျှောက်သွားလိုက် အခန်းထဲကို၊ နင့်ဖိနပ်က နံပါတ်ကိုးနော်"

သူက ထိုင်ရာမှလည်း ထလိုက်သလို သူမဖိနပ်နံပါတ်ကိုလည်း တစ်ခါတည်း ကြည့်ထားလိုက်ဟန်ဖြင့် ...

"အင်း ..."

ဟု ဆိုလိုက်မိတော့ သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီးနောက် ...

"ကျောင်းခန်းကို သွားနှင့်လိုက်၊ နင့်အတွက် ဖိနပ်တစ်ရံ ငါသွားဝယ်လာခဲ့လိုက်မယ်"

"ဟို ... ရ ..."

သူမက အားနာသွားရသဖြင့် ငြင်းဆန်မည်ပြင်လိုက်သော်လည်း ...

"ရမနေနဲ့ ... သွားတော့၊ သူငယ်ချင်းတွေ ဖြစ်နေပြီပဲ၊ အားမနာနဲ့တော့၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောကာ လှည့်ထွက်သွားတော့သည်။ သူ့ခြေလှမ်းတွေက ကျောင်းအပြင်ကို ဦးတည်နေတာမို့ သူမအတွက် ဖိနပ်သွားဝယ်တာပဲ ဖြစ်ပါလိမ့်မည်။ သူ့လုပ်ရပ်အတွက် သူမ ရင်ထဲမှာ သိမ့်ခနဲနေအောင် ခံစားလိုက်ရ၏။

နောက်တော့ အသာထိန်းလျှောက်ရင်း ကျောင်းခန်းထဲရောက်လာသည်။ ခခကျော်က သူမခြေထောက်ကို အမြင်မှာတော့ သူမပုံစံအတိုင်း ပြုံးပြုံးကြည့်လာရင်းက ...

"ဟဲ့ ... ဘာဖြစ်လာတာလဲ"

"ဖိနပ်ပြတ်လာလို့"

"ဪ ... ဖြစ်ရမယ်၊ ဒါနဲ့ နင်က ဘာဏ်ပြေးသားပဲ၊ အဲလိုလုပ်ရတယ်လို့ နင့် ဘယ်သူပြောလဲ၊ ငါတောင် တစ်ခါမှ မတွေ့ဖူးဘူး"

"ငါလုပ်တာ မဟုတ်ဘူး၊ ဝေဟင်မောင် ကူညီပေးလိုက်တာ"

"ဟုတ်လား၊ ခစ် ခစ် ... နှစ်ယောက်သား ရုပ်ရှင်ရိုက်လာတယ်ဆိုပါတော့"

"အာ ... နင်ကလည်း ..."

သူမက ရှက်သွားရကာ ခေါင်းကိုတစ်ချက် ကုတ်လိုက်ပြီးနောက် ကိုယ့်ခြေထောက်ကိုကိုယ် ပြန်ငုံ့ကြည့်လိုက်မိသည်။ ခခကျော်ကတော့ တခစ်ခစ် ရယ်နေ၏။ ပါးစပ်ကလည်း "မရိုးဘူး၊ ဒီကိစ္စ ဗွတ်တော်မှာ တင်ပြရမယ်"ဟု နောက်လာသေး၏။ သူမကတော့ ပြုံးရုံသာပြုံးနေလိုက်ပြီးနောက် လွယ်အိတ်ထဲမှ သချာၤစာအုပ်ကိုထုတ်ကာ မနေ့



www.burmeseclassic.com

www.burmeseclassic.com



က အိမ်စာပေးလိုက်သော ပုစ္ဆာများ တွက်ထားသည်ကို တစ်ချက်ပြန် စစ်နေလိုက်သည်။ အဲဒီလို စစ်နေရင်းကနေ နာရီကိုလည်း ခဏ ခဏ ကြည့်ရသေး၏။ ဖိနပ်သွားဝယ်ဟန်ရှိတဲ့ သူ ကျောင်းမတက်ခင် ပြန်မှ ရောက်ပါ့မလား။

ဒီလိုနဲ့ ကျောင်းတက်ခေါင်းလောင်းထိုးပြီး ခဏအကြာမှာ ပဲ အခန်းထဲကို သူက အထုပ်တစ်ထုပ်ဖြင့် ရောက်လာ၏။ သူမဆီကို တန်းတန်းမတ်မတ်ပဲ လျှောက်လာပြီးနောက် ...

"ရော့ ... ဖိနပ်၊ နံပါတ်ကိုးနော်၊ ကိုက်လား စီးကြည့်ဦး"

သူပေးသည့် အထုပ်ကို သူမက လှမ်းပြောင်းယူလိုက်ရင်းမှ...

"ကျေး ... ကျေးဇူးပါဟာ၊ ဒါနဲ့ ဖိနပ်ဖိုး"

ဟု ဆိုကာ ဖိနပ်တန်ဖိုးကို ပြန်ပေးဖို့ ကြံလိုက်ပေမယ့် အခန်းထဲကို ဆရာမဝင်လာတာမို့ အကြံအစည်က ပျက်သွားရကာ သူ ကလည်း ...

"နောက်မှပြောတော့ ..."

ဟု ဆိုကာ သူ့နေရာကို ခပ်သွက်သွက် လျှောက်သွားကာ ထိုင်၏။ ခဏကျော်ကတော့ သူမ ကြားရလောက်သော လေသံတိုးတိုး ဖြင့် ...

"ဇာတ်လမ်းကတော့ စပြီ ... ခိခိ"

ပြောကာ လုပ်ရယ်နေတော့သည်။ ဆရာမကို မတ်တတ် ရပ် လက်အုပ်ချီကာ "မင်္ဂလာပါ ဆရာမ"ဟု နှုတ်ဆက်ပြီးကြတော့မှ သူမက သူဝယ်လာပေးသည့် ဖိနပ်ကလေးကို ထုတ်စီးရသည်။ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးက အစိမ်းရောင် ကတ္တီပါဖိနပ်ပါးပါးလေးဖြစ်ကာ သူမနှင့်လည်း အကိုက်ပဲ ဖြစ်ပါသည်။ သည်းကြိုးပေါ်မှာလည်း ကျောက်ကလေးတွေ စီထားသေး၏။

သူမက ဖိနပ်လေးကို သဘောကျသွားရပြီးနောက် ကျိတ်ပြုံးလိုက်ကာ ဈေးနှုန်းတင်စရာဖြင့် သူ့ရှိရာကို လှမ်းကြည့်လိုက်မိသည်။ သူကတော့ သူမဘက်ကို ကြည့်မနေခဲ့ပါ။ လွယ်အိတ်ထဲကို ခေါင်းငုံ့ကြည့်ကာ သင်မည့်စာအုပ်ကို ရှာနေဟန်ရှိလေ၏။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ...။

ဝေဟင်မောင်က ကျောင်းဝင်းထဲက ခုံတန်းလျားတစ်ခုပေါ်မှာ ထိုင်နေတုန်းမှာပဲ အနားကို ကသစ်ချို ရောက်လာသည်

"တစ်ယောက်တည်းလား၊ မြင့်ဦးရော ..."

"မလာသေးဘူးဟ"

သူမက သူ့ဘေးမှာ ဝင်ထိုင်လိုက်ကာ လွယ်အိတ်ထဲက လက်ကိုင်ပဝါ အသစ်လေးတစ်ထည်ကို ထုတ်ကာ ကမ်းပေးလာရင်းမှ ...

"ဒီမှာ နင့်အတွက် လက်ကိုင်ပဝါ၊ မနေ့က နင့်လက်ကိုင်ပဝါက ငါ့ဖိနပ်နဲ့ ထိထားတာဆိုတော့ ပြန်မပေးချင်တော့လို့ အသစ်ဝယ်လာတာ"

"အာ ... နင်ကလည်း၊ မဟုတ်တာ၊ ဘာလို့ ဝယ်လာတာလဲ၊ မယူချင်ပါဘူး"

သူက ငြင်းလိုက်ပေမယ့် သူမက လက်ကိုင်ပဝါကို သူ့ခေါင်းပေါ်က စာအုပ်ပေါ် တင်ပေးလာရင်းမှ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူပါဟာ၊ ခင်တာမှမကြာသေးဘူး၊ ငါ အားနာလို့ပါ၊ ပြီးတော့ ဟိုဖိနပ်ဖိုးလည်း ပြန်ပေးချင်တယ်၊ ဖိနပ်ကရော ဘယ်လောက်ပေးရတာလဲဟင်"

"အာ _ မပေးနဲ့၊ ဘယ်လောက်မှ တန်ကြေးရှိတာလဲ မဟုတ်ဘူး"

"မဟုတ်ဘူးဟာ၊ ငါ ပြန်ပေးချင်လို့ပါ၊ ဘယ်လောက်လဲဟင်"

"မယူပါဘူးဆိုဟာ ..."

သူက ခေါင်းခါယမ်းကာ ငြင်းလိုက်သည်။ သူမက ပြောရခက်သလို တစ်ချက်ငြိမ်သွားပြီးတော့မှ ...

"ဒါဆို ဒီလိုလုပ်ဟာ၊ နင့်ကို ငါ တစ်ခုခု ပြန်ဝယ်ကျွေးမယ်၊ ဟုတ်လား၊ အဲဒါတော့ လက်ခံ"

"အင်း ... အဲဒါဆိုရင်တော့ လက်ခံပြီး စားပေးမယ်၊ အစားအသောက်က လူနဲ့တည့်တယ်ဟ ... ဟင်း ဟင်း ..."

နှစ်ယောက်သား ရယ်လိုက်မိကြသည်။ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုပိုလာသလို ခံစားလိုက်ကြရသည်။ သူက သူမဘက် ငဲ့စောင်းကြည့်လိုက်ရင်းမှ ...

"နင်က (......)လမ်းထဲကို ပြောင်းလာတာ မဟုတ်လား၊ ငါက နင်တို့နဲ့ နှစ်လမ်းကျော်က လမ်းထဲမှာ နေတာလေ၊ မြင့်ဦးတို့ အိမ်နဲ့ဆို သုံးလမ်းကျော်ပေါ့"

"ဟုတ်လား၊ အဲဒါကြောင့် နင့်ကို တစ်နေ့က လမ်းထဲမှာ စက်ဘီးနဲ့ လှမ်းမြင်လိုက်တာ ဖြစ်မယ်"

သူမတို့လမ်းထဲက စတိုးဆိုင်မှာ စာချုပ်သွားဝယ်ရင်း သူမကို ဝရန်တာမှာ လှမ်းမြင်လိုက်ရသည့်နေ့ကို မြင်ယောင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် စာတွေရော လိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်၊ နင့်လောက်တော့ မတော်ဘူးပေါ့"

"အာ ... ငါလည်း မတော်ပါဘူးဟာ"

"မတော်ဘူးသာဆိုတယ်၊ အတန်းထဲမှာ အမြဲတမ်း နင်က အဆင့်တစ်ချည်းပဲ ရခဲ့တာဆို"

"နင့်ကို ဘယ်သူပြောလဲ"

"ခခ ပြောတယ်"

"အလကား လျှောက်ပြောတာ"

ရယ်ကျဲကျဲနှင့် ပြောလိုက်သည့် သူ့စကားကြောင့် သူမက မျက်စောင်းတစ်ချက် ထိုးလာ၏။

"အံမယ် ... လာလျှိုနေသေးတယ်၊ ဟော ... ဟိုမှာ မြင့်ဦးလာနေပြီ"

သူမစကားကြောင့် သူက သူမ ကြည့်နေရာကို လိုက်ကြည့်မိသည်။ မြင့်ဦးကလည်း သူတို့ကို မြင်သွားဟန်ဖြင့် ကျောင်းခန်းတွေဘက် မသွားတော့ဘဲ သူတို့ရှိရာကို ဦးတည်လာနေတာကို တွေ့လိုက်ရ၏။

ထို့ကြောင့် သူက သူမပေးထားသည့် လက်ကိုင်ပဝါလေးကို လွယ်အိတ်ထဲ ခပ်မြန်မြန်ပဲ ကောက်ထည့်ကာ သိမ်းလိုက်မိသည်။ လက်ကိုင်ပဝါကိုမြင်ရင် မြင့်ဦး ပါးစပ်က တောပြော တောင်ပြော လျှောက်ပြောနေဦးမှာကို မြင်ယောင်နေသောကြောင့်ပင် ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

အဲဒီရဲ့ နောက်နေ့တွေမှာတော့ သူတို့လေးယောက်က ပိုမိုရင်းနှီးလာကြသည်။ ကျောင်းထဲမှာ စာစုကျက်တာမျိုး၊ ထမင်းစားရင်လည် လေးယောက်အတူ စုစားတာမျိုးတွေ လုပ်ဖြစ်လာကြသည်။

"ဟဲ့ ... ဒီနေ့ ဘာဟင်းလဲ မြင့်ဦး"

ထမင်းချိုင့်ကို တစ်ဆင့်ချင်း ဖြုတ်ကာ စားပွဲပေါ်ချရင်း မေးလိုက်သည့် ခခကျော်ရဲ့စကားကို မြင့်ဦးက ရယ်ကျဲကျဲလုပ်လိုက်ရင်းမှ ...

"ငါလား၊ ဒီနေ့ ထမင်းပဲ ထည့်ခဲ့တယ်ဟ"

ဟု ဆိုတော့ ခခကျော်က နားမလည်နိုင်သလို ဖြစ်သွားရကာ ပြန်မေးသည်။

"အင် ... ဘာလို့လဲ"

"ငါတို့က အခုလို နေ့တိုင်း ထမင်းစုစားဖြစ်နေတော့ အိမ်ကို ငါက ပြောလိုက်တယ်လေ၊ အမေ ... သားကို ဒီနေ့က စပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



ဟင်းမထည့်ပေးတာနဲ့၊ အကုန်အကျ သက်သာအောင် ထမင်းသဲ ထည့်ပေးတော့၊ ဟင်းကို သား သူငယ်ချင်းတွေဆီကပဲ ကပ်စား တော့မယ်လို့ ပြောလိုက်တယ်"

"အံ့မယ် ... တော်တော်ကောင်းတဲ့ အစီအစဉ်ပဲနော်၊ ဒါဆို ငါ လည်း နောက်နေ့ကစပြီး ဆားနဲ့ပဲ ထမင်းထုပ်ခဲ့မယ်"

လေးယောက်သား ရယ်လိုက်မိကြသည်။ တစ်ယောက် ထမင်းချိုင့်ထဲ တစ်ယောက်ဟင်းကို ခပ်ထည့်ပေးကြရင်းက စကားတ ပြောပြောနှင့် ထမင်းစားဖြစ်ကြ၏။

ဝေဟင်က လက်ထဲက ထမင်းချိုင့်ကို ခဏချကာ ရေသန့် ဘူးထဲကရေကို တစ်ငုံသောက်လိုက်ပြီးနောက် ...

"လပတ်စာမေးပွဲ နီးပြီနော်၊ စာတွေရော ရပြီလား နင်တို့"

ဟု မေးလိုက်တော့ ခခကျော်က ထမင်းပလုတ်ပလောင်း စားနေသည့်ကြားမှ အာလုပ်သံကြီးဖြင့် ...

"ငါလား ရသလိုလို မရသလိုလိုပဲ၊ ခေါင်းထဲမှာ ကျက်ထားသမျှ အကုန်ရောနေတယ်"

ဟု ဆိုသည်။ ကသစ်ချိုကတော့ မျက်မှောင်ကုတ်လိုက် ကာ သူ့ကိုကြည့်လာရင်းမှ ...

"ငါတော့ physics သိပ်မရသေးဘူး"

ဟု ဆိုသည်။

"ငါကတော့ အကုန်ရပြီ၊ အခုဖြေတောင် ရတယ်"

မြင့်ဦး စကားကြောင့် ခခကျော်က မျက်နှာကို ပြုံးဖြီးဖြီး လုပ်ထားရင်းမှ ဆိုသည်။

"ဘာသာစုံ အထူးထုတ် ခါးကြားထိုးထားရင် ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း _ နှင်တောင် သိနေပြီ၊ တော်လိုက်တာ"

လေးယောက်သား ထမင်းသီးမတတ် ရယ်လိုက်မိကြပြန်သည်။ လေးယောက်ဆုံပြီဆိုတာနှင့် မြင့်ဦးနဲ့ ခခကျော်တို့က တစ်ယောက်ကိုတစ်ယောက် ဖဲ့နေကြမို့ အမြဲတမ်း သူတို့နှစ်ယောက်ကြောင့် ရယ်နေရတတ်၏။

"ဒါနဲ့ ကသစ်က physics ကို ဘယ်အပိုင်းတွေ မရတာလဲ"

ဝေဟင့် စကားကြောင့် ကသစ် အကြည့်က သူ့ဆီကို ဝင့်ခနဲ ရောက်လာ၏။

"တွက်တာ ချက်တာက ရတယ်ဟ၊ ပြဿနာက ဖော်မြူလာတွေကို မမှတ်နိုင်တာ၊ ဖော်မြူလာတွေက ခပ်ဆင်ဆင်တွေနဲ့ ခေါင်းထဲမှာ ရောနေတာ၊ ဖော်မြူလာသိရင် တွက်လို့ရပြီ"

"ဩော် ... မှတ်တတ်ရင် လွယ်ပါတယ်ဟ၊ မမှတ်တတ်လို့ ရောတာပါ၊ ပြီးရင် မှတ်နည်း ပြောပြမယ်၊ ငါမှတ်သလိုသာ မှတ်ထားလိုက်၊ မရောစေရဘူး စိတ်ချ"

"အေးဟာ ... အဲဒါဆိုလည်း လုပ်ပါဦး"

တစ်ယောက်နှင့်တစ်ယောက် အပေးအယူ တည့်နေသည့် သူတို့ကိုကြည့်ကာ မြင့်ဦးနှင့် ခခကျော်တို့က "အဟမ်း အဟမ်း"တွေ လုပ်သူကလုပ်၊ ထမင်းမနင်ပါဘဲနှင့် ထမင်းဟင်ဟန်လုပ်ကာ ရင်ဘတ်ထုသူကထု လုပ်ကုန်ကြ၏။ ဝေဟင်မောင်နှင့် ကသစ်ချိုတို့ကတော့ ပြုံးလို့သာ နေလိုက်ကြတော့၏။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

စကားတပြောပြောနဲ့ ကျောင်းဆင်းချိန်မှာ ဝေဟင်နဲ့ မြင့်ဦး တို့က စက်ဘီးနင်းလာခဲ့ကြသည်။ ခဏနေတော့ သူတို့ကို ကသစ်ချို ပါလာသည့်ကားက ကျော်တက်သွားကာ ကားပေါ်က သူမက ပြုံးပြ [illegible]တ်ပြသွား၏။ သူတို့ကလည်း ပြန်လက်ပြလိုက်ကြသည်။

"ကသစ်က ငါတို့ကိုတော့ တော်တော်ခင်တယ်နော် မြင့်ဦး"

"အင်း ... မင်းကိုတော့ ပိုပြီးတော့တောင် ခင်သလိုပဲ"

"အာ ... မင်းကလည်း၊ အတူတူပါပဲ၊ ဘာကိစ္စ ငါ့ကို ပိုခင်ရမှာ လဲ၊ ပြောစမ်းပါဦး"

"ဘာလို့ရမှာလဲ၊ စောသက်နေမှာပေါ့"

"ဘာလဲ ... စောသက် ဆိုတာက"

"ရင်ဘတ်ကြီးက တောင်းဆိုလို့လေကွာ"

"အာ ... ခွေးကောင်"

သူက မြင့်ဦးကို ဆဲလိုက်ရင်း ဘေးချင်းယှဉ်ကာ စက်ဘီး နင်းနေရင်းမှ ပခုံးကို လက်သီးနှင့် ခပ်ဖွဖွ တစ်ချက်လှမ်းထိုးလိုက်တော့ မြင့်ဦးက သူ့လက်သီးချက်ကိုလွတ်အောင် စက်ဘီးကို ရှေ့မြန်မြန်နင်း လိုက်ရင်းက အော်ရယ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရေ ... သမီးဖေဖေဆီက ဖုန်းလာတယ်"

အပေါက်ဝကနေ လှမ်းအော်လိုက်သည့် မေမေ့အသံကြောင့် သူမက ခြံထဲမှာ စာကျက်နေရာမှ အိမ်ထဲကို ပြန်လာလိုက်ကာ ဖုန်းကိုင်ရသည်။ ဖေဖေက အမေရိကားမှာ နေတာဖြစ်ပြီးတော့ တစ်ပတ် တစ်ခါတော့ အခုလို သူမတို့ဆီကို ဖုန်းဆက်လေ့ ရှိပါသည်။

သူမက ဖုန်းခွက်ကိုကောက်ကိုင်ကာ နားမှာကပ်လိုက်ရင်း...

"ဟယ်လို ဖေဖေ"

"သမီး နေကောင်းလား"

"ဟုတ် ... ကောင်းပါတယ် ဖေဖေ၊ ဖေဖေရော"

"ဖေဖေလည်း ကောင်းပါတယ်၊ ဒါနဲ့ သမီး အိမ်အသစ်မှာနေရတာ အဆင်ပြေရဲ့လား၊ ကျောင်းအသစ်မှာရော တက်ရတာ ဘယ်လိုနေလဲ"

ဖေဖေ့အသံက ကြင်နာဂရုစိုက်မှုတွေ အပြည့်နှင့်ဖြစ်သော်လည်း ထိုကြင်နာမှုများသည် အဝေးမှပို့သသော ကြင်နာမှုများသာဖြစ်၏။

"အားလုံး အဆင်ပြေပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



*"အဆင်မပြေတာရှိရင် ဖေဖေ့ကို ပြောနော် သမီး"*

"ဟုတ် ..."

"သမီး ဘာလိုသေးလဲ၊ လိုချင်တာရှိရင် ပြောလေ သမီး။ ဖေဖေ ဒီကနေ ဝယ်ပေးလိုက်မယ်၊ သမီးအမေကရော သမီးကို မုန့်ဖိုး အလုံအလောက် ပေးရဲ့လား"

"သမီး အားလုံးအဆင်ပြေပါတယ် ဖေဖေ၊ ပြီးတော့ ဘာမှမလိုပါဘူး၊ မေမေကလည်း သမီးကို လိုလေသေးမရှိရအောင် ဂရုစိုက်ပါတယ်၊ ဖေဖေသာ သူများနိုင်ငံမှာ ကျန်းမာရေးကို ဂရုစိုက်နော်၊ အလုပ်ချည်းပဲ ဖိလုပ်မနေနဲ့ဦး"

"ဖေဖေ နေကောင်းပါတယ် သမီးရဲ့၊ သမီးသာ စာကြိုးစားနော်၊ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်,အောင်လုပ်၊ ကြားလား"

"ဟုတ်ကဲ့"

"အေး အေး ... သမီး ထွေထွေထူးထူး ပြောစရာမရှိရင် ဒါပဲလေ၊ နော် ...၊ ဖေဖေ သမီး အမေနဲ့ စကားပြောဦးမယ်"

သူမက ဘေးမှာ ပြုံးကာရပ်ကြည့်နေသည့် မေမေ့ကို ဖုန်းခွက်အား လက်ပြောင်းပေးလိုက်ပြီးနောက် အပြင်ကို စာကျက်ဖို့ ပြန်ထွက်လာခဲ့လိုက်၏။ သူမတို့မိသားစုမှာက မိဘနှစ်ပါးနှင့် သူမသာရှိတာဖြစ်သော်လည်း သုံးယောက်စလုံး အတူတူ နေထိုင်ရသော ရက်တို့ထက် သူမနှင့် မေမေသာ အတူနေရသောရက်တွေက ပိုများနေတာ ဖြစ်ပါသည်။ ဖေဖေက နိုင်ငံခြားနှင့် ဖက်စပ်ကုမ္ပဏီတစ်ခုကို လုပ်ကိုင်နေတာဖြစ်သောကြောင့် ဖေဖေ့အချိန်အများစုဟာ နိုင်ငံခြားမှာသာ နေထိုင်ကုန်ဆုံးရတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်တို့နှစ်ယောက် နောက်နေ့ ကျောင်းသွားရင် ငါ့ကားနဲ့လိုက် ခဲ့ကြပါလား၊ လမ်းချင်းလည်း နီးနီးလေးပဲဟာ၊ ပတ်ပို့ပေးမယ် လေ"

သူမ စကားအဆုံး ဝေဟင်က ဘိုင်အိုစာအုပ်ကို ငုံ့ဖတ်နေ ရာကနေ ခေါင်းမော့လာကာ ...

"မလိုက်တော့ပါဘူးဟာ၊ ကျောင်းနဲ့ကလည်း နီးနီးလေးပဲဟာ၊ ငါတို့ဘာသာပဲ စက်ဘီးနဲ့ တက်ပါ့မယ်"

ဟု ဆို၏။ သူမက သူတို့ကို နေ့တိုင်း စက်ဘီးနဲ့အသွား အပြန်လုပ်နေရတာ အချိန်လည်း ကုန်သလို လူလည်းပန်းတဲ့အတွက် သက်သာအောင် ပြောတာဖြစ်သည်။ ဒီမနက်တုန်းကတောင် နံနက်စာ စားရင်းနဲ့ အကျိုးအကြောင်း ပြောပြလိုက်တော့ မေမေကလည်း ခွင့်ပြု သည်။ ဒါပေမဲ့ မြင့်ဦးရော၊ ဝေဟင်ရောက ဘယ်သူမှ သူမကားနှင့်လိုက် ဖို့ စိတ်ဝင်းစားဟန် မရှိကြ။

"ငါက နင်တို့ကို သက်သာအောင် ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ပြောတာလား၊ သူ့ကို ပြောတာလား"

မြင့်ဦး စကားကြောင့် သူမမျက်နှာက ရှိန်းခနဲ ပူနွေးသွားရ၏။ ခခကျော်က "အဟမ်း ... အဟမ်း"လို့ လုပ်ချောင်းကြီးကို ဆိုးပြသည်။ သူမကတော့ ဟန်ကိုယ့်ဖို့ ဆိုတဲ့အတိုင်း ဘာမှမဖြစ်သလို ပုံစံကို ဖမ်းထားလိုက်ရင်း ...

"အမ် ... နှစ်ယောက်စလုံးကို ပြောတာပေါ့ဟဲ့"

"သြော် ... ဟုတ်လား၊ ငါက မသိပါဘူး၊ ဟိုလိုထင်လို့"

"ဘယ်လို ထင်လို့လဲ"

"နှစ်ယောက်စလုံးကို ခေါ်တယ်လို့ ထင်တာပါပဲ ..."

ပြောကာ မြင့်ဦးကို သူ့စကားသူ သဘောတကျဖြင့် အော်ရယ်နေတော့၏။ သူမကလည်း ရောယောင်လိုက်ရယ်ရင်ကနေ ဝေဟင့်ကို တစ်ချက်ကြည့်လိုက်မိသည်။ သူကလည်း ပြုံးလို့ ...။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

ဝေဟာင်နဲ့ မြင့်ဦးတို့ကို သူမကားနဲ့ လိုက်ခဲ့ဖို့ ခေါ်ခဲ့သော်လည်း အဲဒီလို ခေါ်ခဲ့သည့် သူမက နောက်တစ်နေ့မှာတော့ ကျောင်းသွားကာနီးမှာ ကားပျက်နေတာနဲ့ ကြုံတော့သည်။ သူမရော၊ မေမေရောက ကားပေါ်ရောက်နေပြီ။ ဒါပေမဲ့ ကားက ဘယ်လိုမှ စက်နှိုးလို့မရ။

အတော်ကြာ နှိုးစမ်းကြည့်ပြီးနောက်မှာတော့ မေမေကလည်း ကားစက်နှိုးခြင်းကို လက်လျှော့လိုက်တော့ကာ ...

"သမီးရေ ... ကားကတော့ မြင်တဲ့အတိုင်းပဲ၊ အခြေအနေမကောင်းဘူး၊ ဒီတော့ တက္ကစီနဲ့ပဲ သွားလိုက်ရအောင်လေ၊ မေမေ လိုက်ပို့ပေးမယ်"

အစတော့ သူမက မေမေ ပြောတာကို လက်ခံလိုက်ကာ တက္ကစီနဲ့ပဲ သွားလိုက်ဦးမလို့ပင်။ ဒါပေမဲ့ သူမက မြင့်ဦးနှင့် ဝေဟာင်မောင်တို့ကို သတိရလိုက်သည့် အခါမှာတော့ အဲဒီအစီအစဉ်ကို ဖျက်ပစ်လိုက်ကာ ...

"ရ ... ရတယ် မေမေ၊ အဲဒါဆို မေမေ လိုက်ပို့မနေနဲ့တော့။

---



www.burmeseclassic.com

www.burmeseclassic.com



သမီး ... သမီး သူငယ်ချင်းတစ်ယောက်ယောက်ရဲ့ စက်ဘီးနဲ့ပဲ လိုက်သွားလိုက်တော့မယ်၊ နှစ်လမ်းကျော်မှာတင် နေတာ ... သူတို့က"

"မဟုတ်တာ သမီးရယ်၊ သူများကို အားနာစရာ ..."

"အားနာစရာ မရှိပါဘူး အမေရယ်၊ သူငယ်ချင်းတွေ၊ အေးအေး၊ မေမေ နေခဲ့လိုက်တော့ သိလား မေမေ၊ သမီးသွားပြီး ညနေကျောင်းဆင်းရင်လည်း သူတို့နဲ့ပဲ ပြန်လာခဲ့လိုက်မယ်"

ကိုယ့်အတွေးနဲ့ကိုယ် သူမက ကျိတ်ပြုံးရင်း ထွက်လာခဲ့လိုက်သည်။ မြင့်ဦးနှင့် ဝေဟင်မောင်တို့ကတော့ သူမကိုတွေ့လျှင် ဘာပြောလေမည် မသိချေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

သူမက ဝေဟင်တို့ လမ်းထဲကိုတော့ ဝင်မသွား။ သူတို့ အလာကို လမ်းထိပ်ကနေပဲ စောင့်နေလိုက်သည်။ ဒီအချိန်လောက်ဆို ရင် သူတို့ မသွားလောက်သေးဘူး ထင်ပါရဲ့။

သိပ်တော့ မစောင့်လိုက်ရဘဲ ဆယ်မိနစ်လောက် အကြာ မှာတော့ လမ်းထိပ်ဘက်ကို နင်းလာနေသည့် ဝေဟင့်စက်ဘီးကို တွေ့ လိုက်ရလေသည်။ မြင့်ဦးတော့ မပါချေ။

ဝေဟင်မောင်က သူမကို မြင်သွားစဉ်မှာတော့ ဘာဖြစ်တာ ပါလိမ့်ဆိုသည့် အထာမျိုးဖြင့် ...

"ဟင် ... ကသစ်၊ ဘာလုပ်နေတာလဲ ဒီမှာ"

ဟု ပြောကာ စက်ဘီးပေါ်က ဆင်းလိုက်ပြီးနောက် သူမ အနားကို နီးကပ်လာသည်အထိ တွန်းလာ၏။

"နင်နဲ့ မြင့်ဦးကို စောင့်နေတာလေ၊ ငါ့အိမ်ကကားက ပျက်နေ လို့ဟ၊ အဲဒါ နင်တို့စက်ဘီးနောက်ကလိုက်ခဲ့ချင်လို့၊ ဒါနဲ့ မြင့်ဦး ရော"



www.burmeseclassic.com

www.burmeseclassic.com



"သူက သွားနှင့်ပြီလေ"

"ဟင် ... သူက နင်နဲ့ အမြဲတမ်း အတူတူသွားတာ မဟုတ်ဘူးလား"

"ဒီနေ့က သူတို့အသင်း ကျောင်းမှာ သန့်ရှင်းရေးကျတဲ့နေ့လေ ဟာ၊ အဲဒါကြောင့် ကျောင်းကို စောစောသွားတာ"

"ဪ ... ဒါနဲ့ နင့်စက်ဘီးနဲ့ ငါ လိုက်ခဲ့လို့ ရတယ်မဟုတ်လား"

သူမစကားအဆုံး သူက ရယ်ကျဲကျဲ လုပ်လိုက်ရင်းမှ ...

"ရတာပေါ့၊ လာတက်၊ ကယ်ရီခ မုန့်တော့ ဝယ်ကျွေးမယ် မဟုတ်လား"

"ကျွေးပါတယ်ဟယ်၊ နင်ကလည်း သိပ်ဈေးကိုင်တာပဲ"

"နောက်တာပါဟာ"

နောက်တော့ သူက ရှေ့ကနေ စက်ဘီးနင်း၊ သူမက သူ့နောက်ကနေ တင်ပါးလွှဲ အနေအထား ထိုင်လိုက်လာရင်းမှ စကားတွေ ပြောလာခဲ့ကြလေသည်။

"ငါ့ကိုယ်က လေးလား"

"မလေးပါဘူး၊ နောက်က ပါလာမှန်းတောင် မသိရဘူး"

သူက ပါလာမှန်းတောင်မသိဘူး ပြောသော်လည်း နောက်က သူမမှာတော့ သူ့နောက်က လိုက်လာရင်းမှ ရင်ထဲမှာ ဘယ်လိုမှန်း မသိသည့် အပျော်တစ်မျိုးက စီးဝင်လာခဲ့လေသည်။ သူမတစ်သက်နှင့် တစ်ကိုယ်မှာ ယောကျ်ားလေးတစ်ယောက်နင်းသော စက်ဘီးနောက်က



www.burmeseclassic.com

www.burmeseclassic.com



လိုက်စီးဖူးခြင်းသည် ဒီတစ်ခါဟာ ပထမဆုံးပဲဖြစ်ပါသည်။ ဒီတော့ စိတ်ထဲမှာ ဘယ်လိုခံစားရမှန်းကိုမသိ။ စိတ်လှုပ်ရှားသလိုလို ပျော်သလိုလို။

"ဒါနဲ့လေ၊ မနက်ဖြန်ကျရင် ငါနဲ့ စာအတူတူ လာကျက်ပေးပါလား၊ ဘိုင်အိုတွေ chapter 3 သိပ်နားမလည်ဘူး ဖြစ်နေတယ်၊ ငါ့ကို သင်ပေးနေတဲ့ ဆရာမကလည်း ဘုရားဖူးထွက်သွားလို့ဟာ၊ နင်က စာတော်တော့ နင်နဲ့စာကျက်ရင် စာတစ်ပုဒ်က ခဏလေးနဲ့ ရရသွားတယ်"

"ဘယ်အချိန်လောက်လဲ"

"နေ့လယ်ဘက်လောက်ပေါ့"

"အင်း ... ငါက လာလို့ ဖြစ်ပါတယ်၊ ဒါပေမဲ့ နင်တို့အိမ်က ကြိုက်ပါ့မလား"

"အိမ်က အေးဆေးပါ။ စာကျက်တာပဲဟာ၊ မေမေကလည်း သဘောကောင်းပါတယ်"

"အေးလေ ... ဒါဆိုလည်း ငါလာခဲ့ပါ့မယ်"

သူ့ဆီက တစ်ချက်တစ်ချက်မှာ လွင့်ပျံလာတတ်သည့် ပေါင်ဒါနံ့(ထင်ရသည်)ကလေးကလည်း တစ်မျိုးလေးမို့ သူမက အဲဒီအနံ့လေးကိုလည်း သူ မသိအောင် အသာခိုးခိုးရှူမိသေး၏။ တစ်ချက်မှာတော့ အဲဒီပေါင်ဒါနံ့မျိုး မဟုတ်ဘဲ တခြားအနံ့တစ်မျိုးက သူမနှာခေါင်းထဲကို တိုးဝေ့ဝင်လာခဲ့လေသည်။ ရုတ်တရက်တော့ ဘာနံ့မှန်းမသိ။

"ဟင် ... ဘာနံ့ပါလိမ့်၊ ခရေပန်းနံ့၊ ဟုတ်တယ် ခရေနံ့ရတယ်ဟာ၊ ဘယ်ကလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကို ရှုံ့ပွ ရှုံ့ပွနှင့် တရှူးရှူးလုပ်ကာ ပြောလိုက်သည့် သူ့မစကားကြောင့် သူက ဟက်ခနဲ တစ်ချက်ရယ်သွမ်းသွေးလိုက်ပြီးနောက် ...

"နင်က အနံ့ခံ ကောင်းသားပဲ၊ ဟုတ်တယ်ဟ၊ ခရေပန်းနံ့၊ ဟိုရှေ့က လူမနေတဲ့ ခြံကြီးကိုတွေ့လား၊ အုတ်တံတိုင်းကို ကျော်ပြီး အပြင်ကိုထွက်နေတဲ့ အကိုင်းတွေလေ၊ အဲဒါ ခရေပင်ဟ၊ အဲဒီက ခရေနံ့ရတာ"

ဟု ပြောလည်းပြော၊ လက်တစ်ဖက်ကိုလည်းလွှတ်ကာ တစ်နေရာကို လက်ညှိုးထိုးပြ၏။ သူပြရာကို လှမ်းမျှော်ကြည့်လိုက်မိရင်းက ...

"မွှေးလိုက်တာဟယ်၊ ခရေပန်းတွေ ကြွေကျနေတာနဲ့ တူတယ်နော်၊ သွားကောက်လို့ ရလားဟင်"

"လူတော့ မနေဘူးဟ၊ အပြင်ကနေ ကောက်ရင်တော့ရမယ်၊ နင်က ခရေပန်းကြိုက်လို့လား"

"ကြိုက်တာပေါ့၊ ခရေပန်းနံ့ကို ပန်းနံ့တွေထဲမှာ အကြိုက်ဆုံးပဲ"

နှစ်ယောက်သား ခြံကြီးဘေးမှာ စက်ဘီးကိုကပ်ရပ်လိုက်တာ ခရေပင်အောက်မှာ ခရေပန်းကောက်ကြသည်။ ခရေပင်က ခြံကြီးရဲ့အုတ်တံတိုင်းအတွင်းပိုင်းမှာ ရှိတာဖြစ်ပေမယ့် ကိုင်းအချို့က အပြင်ကိုထွက်ကျနေတာမို့ ထိုကိုင်းတွေမှာပွင့်သည့် ခရေပန်းတွေက အပြင်ကိုပဲ ကြွေကျလာကြတာ ဖြစ်ပါသည်။ ခြံကြီးက လူမနေတာတော့ တော်တော်ကြာပြီဖြစ်မည် ထင်ရကာ အထဲမှာလည်း ချုံနွယ်တွေဖြင့် ရှုပ်ယှက်ခတ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အောက်မှာတော့ သိပ်မရှိဘူးနော်၊ တစ်ပွင့်တလေပဲ ရှိတယ်"

"အင်း ... အထဲဘက်ခြမ်းမှာတော့ ရှိလောက်မယ်ဟ၊ ဒီဘက်ကျတော့ ဒီအနီးအနားတစ်ဝိုက်က မနက်ဘက်ဆို လာလာကောက်တတ်တယ် ထင်တယ်၊ အဲဒါကြောင့် မရှိတာနေမှာ"

သူမက သက်ပြင်းတစ်ချက်ကိုချကာ ခရေပင်ကြီးပေါ်ကို မော့ကြည့်လိုက်မိ၏။ ဒီအချိန်မှာပဲ သူက နောက်ဘက်ကို နည်းနည်းဆုတ်ကာ အားယူလိုက်ပြီးနောက် ပြေးခုန်ကာ ခရေကိုင်းတစ်ခုကို ဖမ်းဆွဲကာ လှုပ်ယမ်းလိုက်တဲ့ အခါမှာတော့ ခရေပွင့်တွေက မြေပြင်ပေါ်ကို တဖွဲဖွဲ ကြွေကျလာကြလေတော့၏။

"ဟာ ... ကျတယ်၊ ကျတယ်၊ ကြွေကျလာပြီ အများကြီးပဲ"

သူမက ဝမ်းသာအားရ ခုန်ပေါက်လိုက်မိပြီးနောက် ခရေပန်းတွေကို ကောက်မိတော့၏။ သူကလည်း သူမကိုကြည့်ကာ ပြုံးလိုက်ပြီးနောက် ပျံ့ကျဲနေသော ခရေပန်းများကို လိုက်ကူကောက်ပေးကာ သူမရဲ့လက်ခုပ်နှစ်ဖက်ထဲကို ထည့်ပေးလာ၏။

"ရော့ ..."

လက်ခုပ်နှစ်ဖက်နှင့် အပြည့်ရလိုက်သော ခရေပန်းများကို သူမက အားရပါးရ တစ်ချက်မွှေးကြူလိုက်မိ၏။ ခရေပန်းရနံ့က သူမရင်တစ်ခုလုံးကို မွှေးမြသွားစေတော့သည်။

"အား ... မွှေးလိုက်တာ။ ဒါပေမဲ့ ဒါကို ဘယ်လိုထည့်ရပါ့မလဲ"

"ခဏလေး ..."

သူက သူ့လွယ်အိတ်ထဲက ဗလာစာအုပ် တစ်အုပ်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ကာ အဲဒီစာအုပ်ရဲ့ အလယ်စာမျက်နှာတစ်ရွက်ကို ဖြုတ်ယူလိုက်ပြီးနောက် စက္ကူကန်တော့တစ်ခု လုပ်ပေးလာ၏။

"ရော့ ... ဒီထဲထည့်လိုက်"

သူ့ရဲ့ဖြတ်ထိုးဉာဏ်ကောင်းပုံကို သူမက သဘောကျသွားရကာ အားရပါးရ ပြုံးလိုက်မိပြီးနောက် လက်ခုပ်ထဲက ခရေပန်းတွေကို စက္ကူကန့်တော့ထဲ အသာထည့်လိုက်သည်။ နောက်တော့မှ နှစ်ယောက်သား ကျောင်းကို ဆက်ထွက်လာခဲ့လိုက်သည်။

ကျောင်းရောက်တော့လည်း သူ့စက်ဘီးနှင့် ပါလာသည့် သူမကို ခခကျော့က မသင်္ကာသော မျက်လုံးများဖြင့် ကြည့်လာပြီးနောက် ...

"ဟဲ့ ... နင်တို့နှစ်ယောက် တော်တော်ခရီးပေါက်နေတယ်ပေါ့၊ ဟုတ်လား"

"အာ ... ငါ့အိမ်က ကားပျက်နေလို့ သူ့စက်ဘီးနဲ့ လိုက်လာတာပါ၊ ဘာကို ခရီးပေါက်ရမှာလဲ"

ပြောကာ မြူးနေသည့် စိတ်ကြောင့် အသာခေါင်းငုံ့ကာ ပြုံးမိသည်။

"အံမယ် ... ရုပ်ကိုက ကားပျက်တာကို ကျေနပ်နေတဲ့ရုပ်ကြီးနဲ့"

ဆက်ပြောနေလျှင်လည်း စလို့ပြီးဦးတော့မှာ မဟုတ်သည့်အတွက် သူမက ခခကျော့ကို ဘာမှ ထပ်ပြောမနေတော့ဘဲ ကိုယ့်ခုံနေရာမှာ အသာဝင်ထိုင်လိုက်ကာ လွယ်အိတ်ထဲက ခရေပန်းထုပ်လေးကို အသာစမ်းကြည့်ရသည်။ ဒီခရေပန်းတွေကိုသာ တွေ့လျှင်တော့ ခခကျော့တစ်ယောက်ဟာ ပြောလို့ကို ပြီးမှာမဟုတ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်အတူ သူမက သူထိုင်နေကျဖြစ်သည့် သူ့ခုံနေရာကို တစ်ချက်လှမ်းကြည့်လိုက်မိ၏။ ဒါပေမဲ့ သူကတော့ သူ့နေရာမှာ ရှိမနေခဲ့ပါ။ သို့သော်လည်း သူ မရှိသည့် သူ့ခုံလေးကို ကြည့်ရတာနှင့်ကို ရင်ထဲမှာက နွေးတေးတေးနှင့် ...။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

နောက်တစ်နေ့ အရောက်မှာတော့ ဝေဟင်မောင်က ခရေပင်ရှိသည့် ခြံအိုကြီးဆီကို မနက်အစောကြီးပဲသွားကာ ဘယ်သူမှ မရောက်သေးခင် ခရေပန်းများကို ကောက်မိလေသည်။ ခရေပန်းပွင့်လေးတွေကို တစ်ပွင့်စီလိုက်ကောက်ရင်း သူမမျက်နှာလေးကို မြင်ယောင်ကြည့်မိတော့ သူတစ်ကိုယ်လုံးက လေထဲမှာပဲ မြောက်နေသလိုလို။

အပြန်ကျတော့ ခရေပန်းထည့်ထားတဲ့ ပန်းအိတ်လေးကို စက်ဘီးခြင်းထဲမှာထည့်ကာ နင်းပြန်လာ။ ပြီးတော့ မေမေ မသိအောင် အလစ်ချောင်းကာ ကိုယ့်အခန်းထဲမှာ သွားထားထားလိုက်ရသည်။

"ဟဲ့ သား ... မနက်စောစောစီးစီး ဘယ်ပျောက်သွားတာလဲ၊ စောစောက မတွေ့ပါဘူး"

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားရသော်လည်း သူက ဉာဏ်ပြေးသူမို့ အကြောင်းပြချက် တစ်ခုကို ချက်ချင်းပဲ ပေးလိုက်နိုင်သည်။

"ဟုတ် ... ဟို ... မြင့်ဦးဆီ ခဏသွားတာ မေမေ၊ သူ့ဆီမှာ သား လေ့ကျင့်ခန်းစာအုပ်တစ်အုပ် ပါသွားလို့၊ အဲဒါ သွားယူတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အေး အေး၊ လာ လာ ... ထမင်းကြော် စားရအောင်၊ မင်းအဖေတောင် စားနေပြီ"

"ဟုတ် ..."

မိဘတွေနဲ့ မနက်စာ စားနေရင်းကလည်း နေ့လယ်ဘက် သူမဆီကို စာသွားကျက်ကူရမည်ကို တွေးကာ ပျော်သလိုလို ဖြစ်နေရသည်။ ထမင်းစားတာတောင် ဘယ်လိုအရသာမှန်း သေချာမသိလိုက်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် သူက သူမတို့ခြံထဲမှာပဲ စာအတူကျက်ဖြစ်ကြ၏။ စာအတူကျက်သည် ဆိုပေမယ့် သူ ရပြီးသာစာကို သူမရအောင် သူက ပြိုင်းကူကျက်ပေးခြင်းသာ ဖြစ်ပါသည်။

သူမက မေမေနှင့်လည်း သူ့ကို မိတ်ဆက်ပေးလိုက်သည်။

"မေမေ ... ဒါ သမီးသူငယ်ချင်း ဝေဟာင်မေင်တဲ့၊ သူက သမီးတို့နဲ့ နှစ်လမ်းကျော်မှာပဲ နေတာလေ၊ ဝေဟာင် ... ဒါက ငါ့မေမေ၊ ဒေါ်ရွှေရည်ဝင်းတဲ့"

"ဟုတ်ကဲ့ ခင်ဗျာ့"

"အေးကွယ်၊ တွေ့ရတာ ဝမ်းသာပါတယ်"

"သမီးတို့အခန်းထဲမှာ ဝေဟာင်က စာအတော်ဆုံးလေ မေမေရဲ့၊ သူက All D ထွက်မယ့်သူလေ"

"အာ ... နင်ကလည်း လျှောက်ပြောနေတယ်"

သူမစကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည့် သူ့ကို ကြည့်ကာ သူမက တခိခိရယ်မိသည်။ မေမေကလည်း ခပ်ပြုံးပြုံး အမူအရာဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့သမီးလည်း 4 D ထွက်နိုင်ပါတယ် သား ရဲ့"

"ဟဲ ဟဲ ... တွေ့လား၊ ငါ့အမေက ငါ့အပေါ် ယုံကြည်မှုရှိတယ်"

သူမက မေမေ့စကားကြောင့် ကိုယ့်ကိုယ်ကိုယ် မြှောက်သွားကာ အင်္ကျီကော်လာစကို မ,ကာ ပြောလိုက်မိသော်လည်း ...

"ဒီနေရာ၊ ဒီအတန်း၊ ဒီအခန်းမှာ ဒီစာတွေပဲ ပြန်ကျက်မှာလေ... အဟင်း ... ဟင်း ..."

ဆိုသည့် မေမေ့စကားကြောင့် ဖီလင်အောက်ကာ ရှုံ့မဲ့သွားရတော့၏။

"အာ ... မေမေကလည်း ..."

သူကလည်း သူမဖြစ်သွားပုံကိုကြည့်ကာ အသံထွက်ပြီးတော့ကို ရယ်လေသည်။

"ကဲ ... ကဲ ... စာကျက်ကြမှာ ဆက်ကျက်ကြတော့လေ၊ မေမေ မနှောင့်ယှက်တော့ဘူး။ ခဏနေမှ မေမေ လက်ဖက်သုပ် သုပ်ပြီး လာပို့ခိုင်းလိုက်မယ်"

"ဟုတ်"

မေမေ ထွက်သွားတော့မှ သူက မေမေ့နောက်ကို လိုက်ကြည့်နေပြီးနောက် ...

"နင့်မေမေက သဘောကောင်းလိုက်တာနော်၊ ငယ်လည်း ငယ်ဦး မယ်ထင်တယ်"

"အင်း ... ငါ့မေမေနဲ့ ငါနဲ့က အသက်နှစ်ဆယ်ပဲ ကွာတယ်လေ"

သူ့မျက်ခုံးတွေက အပေါ်ကို မြင့်တက်သွားကြသည်။ သူမကတော့ သူ ဖြစ်သွားပုံကိုကြည့်ကာ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါဆို နင့်မေမေက အသက်ငယ်ငယ်နဲ့ အိမ်ထောင်ပြုခဲ့တာပေါ့"

သူမက တစ်ချက်တော့ တွေခနဲ ဖြစ်သွားမိပြီးမှ ...

"အင်း ... အဲလိုပဲ ဆိုပါတော့ဟာ"

ဟု ဆိုလိုက်မိသည်။ ဒီအခိုက်မှာတင်ပဲ သူက တစ်ခုခုကို သတိရသွားဟန်ဖြင့် သူ့လွယ်အိတ်ထဲကို ငုံ့ကြည့်နှိုက်လိုက်ရင်း ဆိုလာသည်။

"ဪ ... ဒါနဲ့ မေ့နေတယ်၊ ဒီမှာ ... နင့်အတွက်"

သူပေးလာသည့် ခရေပန်းထုပ်လေးတွေကို အမြင်မှာတော့ သူမရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားရကာ ...

"ဟယ် ... ခရေပန်းတွေ"

ပြောလည်းပြော လက်ကလည်း ခရေပန်းထုပ်လေးကို ယူလိုက်မိသည်။

"အင်း ..."

"နင်ဝယ်လာတာလား"

"အာ ... မဟုတ်ပါဘူး၊ နင် ခရေပန်းကြိုက်တယ်ဆိုလို့၊ ဟိုခြံကြီးကို မနက်အစော တသွားပြီး ဘယ်သူမှ မကောက်ကြသေးခင်ကတည်းက သွားကောက်ထားတာ"

"တကယ် ..."

သူက ပြုံးကာ ခေါင်းညိတ်ပြသည်။ ရင်ထဲမှာ သိမ့်ခနဲ အောင်ပင် ခံစားလိုက်ရသည်။ သူ့ရဲ့အလေးထားမှုက သူမအတွက်တော့ တကယ့်ကို ရှောခ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ နှစ်ယောက်အတူတူ စာကျက်ဖြစ်ခဲ့ကြသည်။ စာရှင်းပြနေသည့် သူ့မျက်နှာကို သူ မရိပ်မိအောင် ခိုးခိုးကြည့်မိရင်း ဖြစ်ပေါ်လာသည့် ဖီလင်က သူမ တစ်ခါမှ မခံစားဘူးသော ခံစားချက် တစ်မျိုးဖြစ်သည်။ ဒါပေမဲ့ အဲဒီခံစားချက်က ဘယ်လိုဆိုတာကိုတော့ သူမလည်း ထိထိမိမိ ဖမ်းဆုပ်မရချေ။ ခံစားချက်တစ်ခု ရှိနေတာကိုသာ သိလျက် အဲဒီခံစားချက်ကို အမည်တပ်လို့မရနိုင်ခဲ့ချေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် စာအတူကျက်အပြီး ပြန်လာတော့ မေမေနှင့်အိမ်အဝင်ဝမှာတင်တွေ့သည်။ မေမေက ကန်စွန်းရွက်တွေ ထည့်ထားသည့် ခြင်းကိုမ,ကာ အိမ်ရှေ့ဘက်က ထိုင်ခုံဆီကို ထွက်လာတာဖြစ်၏။

"ဘယ်က ပြန်လာတာလဲ သား"

"သူငယ်ချင်းတစ်ယောက်နဲ့ စာအတူကျက်ပြီး ပြန်လာတာပါ မေမေ"

"ဘယ်သူငယ်ချင်းလဲ၊ မြင့်ဦးလား၊ မြင့်ဦးကတော့ စောစောကလေးတင် လမ်းထိပ်ဘက်မှာ စက်ဘီးနဲ့ တွေ့လိုက်သေးတယ်"

"ဟို ... မြင့်ဦး မဟုတ်ဘူး မေမေ၊ တခြားတစ်ယောက်ပါ သားတို့နဲ့ နှစ်လမ်းကျော်က"

"ဘယ်သူလဲ၊ ဟို ကသစ်ချိုဆိုတဲ့ ကောင်မလေးလား"

သူတို့တွေဆီက သူမနာမည်ကို နားစွန်နားဖျားကြားဖူးထားသလို သူမကိုလည်း တစ်ခါ နှစ်ခါ မြင်ဖူးထားသည့် မေမေက နှစ်လမ်းကျော်က သူငယ်ချင်းဆိုတာနဲ့ သူမဆိုတာကို တန်းသိနေလေ၏၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

မေမေက ကန်စွန်းရွက်ဖန်းကို လက်တစ်ဖက်တည်းပြောင်းကိုင်လိုက်ပြီးနောက် သူ့မျက်နှာကို စေ့စေ့ကြည့်လာတော့ကာ ...

"အင်း ... စာကျက်တာကိုတော့ ကောင်းတဲ့ကိစ္စမို့လို့ ဘာမှမပြောလိုပါဘူး။ ဒါပေမဲ့ သားကို မေမေ တစ်ခုတော့ မေးဦးမယ်၊ အဲဒီကောင်မလေးရဲ့ မိဘတွေအကြောင်းကို သား ဘယ်လောက်သိထားလဲ"

"ဟင့်အင်း ... သား သိပ်မသိဘူး မေမေ၊ သူက ဒီမှာ သူ့အမေနဲ့ နေတယ်၊ သူ့အဖေကတော့ အမေရိကားမှာဆိုလားပဲ"

"အင်း ... တစ်နေ့က ဈေးထဲမှာ သူတို့မိသားစုအကြောင်းကို ပြောနေကြတာ မေမေ ကြားခဲ့တယ်၊ သိပ်တော့ သဘောမကျဘူးသား၊ ဒါပေမဲ့ သားတို့ လူငယ်ချင်း စာအတူကျက်တာ၊ ခင်မင်တာကို မေမေ မတားပါဘူး၊ ဒါပေမဲ့ သတိတော့ ထားစေချင်တယ်၊ လူအထင်လွဲစရာဖြစ်အောင်လည်း သူနဲ့ သိပ်ပြီး ရောထွေးယှက်တင်မနေနဲ့၊ ဟုတ်ပြီလား"

မေမေ့စကားကို သူက ခေါင်းတစ်ချက်သာ ခပ်လေးလေးညိတ်ပြဖြစ်လိုက်သည်။ ရင်ထဲမှာတော့ သိပ်မကောင်း၊ သူမတို့မိသားစုအကြောင်း ဆိုပါလား။ သူမတို့မိသားစုမှာ လူပြောစရာ ဘာများမကောင်းတာ ရှိနေလို့ပါလဲ။ သူတွေ့နေရသလောက်တော့ အားလုံး အဆင်ပြေနေတာပင်။

သူမဖခင်က ဘယ်လိုနေမည်မသိပေမယ့် သူမမိခင် အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရည်ဝင်းကတော့ ပြုံးပြုံး ပြုံးပြုံး ဖော်ရွေသဘောကောင်းသော အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။ အင်းလေ ... လူ့စိတ်ဆိုတာကလည်း အပြင်ကိုကြည့်လို့မှ မရတာပဲ။ ဒါပေမဲ့ ဒါက သူမတို့မိသားစုအပိုင်းဖြစ်ပြီး သူနဲ့ ဘာမှမဆိုင်ချေ။

သူမနဲ့ သူ့ရဲ့ခင်မင်မှုမှာ သူမတို့မိသားစုကိစ္စက ဘာအရေးပါလို့လဲ။ အဲဒါက တစ်ကဏ္ဍဖြစ်သလို၊ ခင်မင်မှုကလည်း သက်သက်တစ်ကဏ္ဍဖြစ်သည်။

"သွား သွား ... ရေမိုးချိုးတော့၊ ညနေ ကျူရှင်ရှိသေးတယ် မဟုတ်လား"

မေမေက ငေးကြောင်ကာ ခပ်တွေတွေ ဖြစ်သွားသည့် သူ့ကို တစ်ချက်ကြည့်ကာ အိမ်ရှေ့ဘက် ထွက်သွားတော့၏။ ဒီတော့မှ သူလည်း သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်ပစ်လိုက်ကာ ကိုယ့်အခန်းထဲကိုယ် ဝင်လာခဲ့လိုက်သည်။

ခုတင်ပေါ် ပစ်လှဲချလိုက်ရင်းမှ မျက်စိတွေကို မှေးမှိတ်ထားလိုက်မိ၏။ မေမေ ပြောလိုက်သော စကားများကြောင့် သူမဆီမှ ပြန်လာစဉ်က ပါလာသည့် အကြည်ဓာတ်လေးတောင် ဘယ်ရောက်သွားမှန်းမသိချေ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဒီလိုနှင့် အချိန်တွေ တဖြည်းဖြည်း ကုန်လွန်ကာ ဆယ်တန်းနှစ် နောက်ဆုံးစာမေးပွဲကြီးဖြေသည့် အချိန်ကိုတောင် ရောက်လာခဲ့သည်။ သူတို့လေးယောက်အဖွဲ့သည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုခင်မင်မှုကာ သံယောဇဉ်ပမာဏ ကြီးလာကြ၏။ သူ၊ မြင့်ဦးနှင့် ခခကျော်တို့က ခင်မင်လာခဲ့ကြတာ ကြာပြီမို့ ထွေထွေထူးထူး ခင်မင်လာတယ်ဟု မဆိုနိုင်သော်လည်း အခုနှစ်မှ သူတို့ကျောင်းကို ပြောင်းလာပြီး သူတို့အဖွဲ့ထဲကို ရောက်လာသည့် ကသစ်ချိုသည်လည်း သူတို့သုံးယောက်နှင့်အတူ ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်လာခဲ့ကြသည်။

ဘယ်သူတွေ ဘာပြောပြော အခင်အမင် မပျက်ခဲ့။ သွားအတူ၊ စားအတူ၊ စာကျက်လည်းအတူ၊ စကြ၊ နောက်ကြနှင့် ရှိနေခဲ့ကြရာမှ ဆယ်တန်းဟူသော စာသင်နှစ်ကြီး တစ်နှစ်ဟာလည်း ခဏလေးနှင့် ကုန်ဆုံးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနေ့ ဘိုင်အို စာမေးပွဲဖြေအပြီး အချိန်မပြည့်ခင် ဖြေပြီးနေတာမို့ အပြင်ထွက်လို့ ရပြီဆိုတာနှင့် ထွက်လာမိကြသည့် ဆေဟင်၊ မြင့်ဦးနှင့် ခခကျော်တို့က ကသစ်ချို ထွက်အလာကို သူမ စာမေးပွဲဖြေရသည့် အခန်းနားမှာ စောင့်နေမိကြ၏။

သူမက အချိန်စေ့ခေါင်းလောင်း ထိုးပြီးတော့မှပင် အပြင် ထွက်လာလေသည်။

"ဖြေနိုင်လား ကသစ်"

သူမက သူတို့ကို မြင်သွားပြီး သူတို့ရှိရာကို လျှောက်လာ နေပေမယ့် သူမအတွက် စိုးရိမ်နေမိသည့် သူက သူမအနားကို ရောက် လာမှာကိုတောင် မစောင့်နိုင်ဘဲ လှမ်းမေးလိုက်မိသည်။ သူမက သူတို့ အားလုံးကို တစ်ချက်ပြုံးပြလာရင်းမှ ...

"အင်း ... ဖြေနိုင်ပါတယ်၊ နင်တို့ရော"

ဟု ဆိုလာတော့မှ သူ့ရင်ထဲက အပူက အနည်းငယ်သက် သာသွားသည်။

"ငါတို့အားလုံး ဖြေနိုင်ပါတယ်၊ ငါတို့က နင့်ကို စိတ်ပူနေတာ"

"ဖြေတော့ ဖြေနိုင်ပါတယ်ဟာ၊ အောင်မှတ်တော့ ရမှာပါ၊ အမှတ် တော့ သိပ်များမယ် မထင်ဘူး"

သူမက မေးခွန်းစာရွက်ကို ခေါက်ချိုး,ချိုးလိုက်ပြီးနောက် လွယ်အိတ်ထဲသို့ ထည့်လိုက်ရင်းမှ ...

"ဗိုက်ဆာတယ်ဟာ၊ တစ်ဆိုင်ဆိုင် သွားရအောင်"

"ဟုတ်တယ်၊ ငါလည်း ဗိုက်ဆာနေတာ၊ စာမေးပွဲကြီး မပြီးခင် တုန်းကတော့ စာမေးပွဲဇောနဲ့ တစ်ပတ်လုံးလုံး အစားအသောက် ပျက်နေတာ၊ အခုမှ ရင်ထဲမှာ ဟာဆင်းလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သား အနားမှာရှိသည့် အအေးဆိုင်တစ်ခုကို ချိတက်ဖြစ်ခဲ့ကြသည်။ စားသောက်စရာတွေမှာကာ စိတ်လွတ်ကိုယ်လွတ် စကားတွေ ပြောဖြစ်ကြသည်။ လူတစ်ယောက်အတွက် ဘဝမှာ အပျော်ဆုံးရက် သုံးရက်ရှိပြီး အဲဒါတွေက ရှင်လိုင်ပြန်သည့်နေ့၊ ထောင်ကထွက်သည့်နေ့၊ မင်္ဂလာဆောင်သည့်နေ့ဟု မှတ်သားဖူး၏။ သို့သော်လည်း သူတို့အတွက်တော့ ဘဝမှာ အပျော်ဆုံးနေ့က အခုလို ဆယ်တန်းစာမေးပွဲကြီး ပြီးသွားသည့်နေ့ပဲ ဖြစ်ပါသည်။

"အား ... ဆန်းတယ်ဆိုတဲ့ ဆယ်တန်းကြီးတော့ ပြီးသွားပြီ။ ဒီတစ်ပတ်ကစပြီး ဘောလုံးပွဲတွေ လွတ်လွတ်လပ်လပ်နဲ့ ပြန်ကြည့်ရတော့မယ်၊ ပျော်စရာကြီး"

ဆယ်တန်းစာမေးပွဲတွင်းမှာ ဘောလုံးပွဲတွေနှင့် အဆက်အသွယ်ပြတ်နေသည့် မြင့်ဦးက ရယ်ကျဲကျဲနှင့် ဆို၏။ ကာသစ်ကတော့...

"ငါတော့ နွေရာသီမှာ ကွန်ပျူတာတက်မလို့၊ နင်တို့ရော သင်တန်းလေး ဘာလေး မတက်ကြဘူးလား"

"ဟဲ့ ... ငါ လိုက်တက်မယ်၊ တန်းတော့ မတက်ချင်ဘူးဟယ်၊ တစ်လလောက် ကောင်းကောင်းနားပြီးတော့မှ တက်ရအောင်"

"အေးပါ၊ ငါလည်း တန်းတော့ မတက်သေးပါဘူး"

ကာသစ်နှင့် ခခကျော်တို့က နှစ်ယောက်သား အတိုင်အဖောက်ညီနေကြ၏။ မြင့်ဦးကတော့ ကွန်ပျူတာ အခြေခံ တတ်ထားပြီးသားမို့ MYOB သင်တန်းတက်မယ်ဟု ပြောသည်။

"ဝေဟင် ... နင်ရော ဘာမှမလုပ်ဘူးလား၊ နွေမှာ"

"မသိသေးပါဘူးဟာ၊ ငါက စပီကင်တက်မလားလို့ စိတ်ကူးတုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ စားစရာတွေ ရောက်လာတော့ကာ ထေး ယောက်သား အစားဘက်မှာ အာရုံတွေ စုသွားကြသည်။ စကားတွေက လည်း နိုင်ငံရေးရောက်သွားလိုက်၊ ရုပ်ရှင်ဘက်ရောက်သွားလိုက်၊ အသစ် ထွက်နေသည့် သီချင်းခွေတွေဘက်ရောက်သွားလိုက်နှင့် စုံနေ၏။ တစ်နှစ် နီးပါး ပခုံးပေါ်မှာ ထမ်းပိုးထားရသည့် ဆယ်တန်း ဆိုသည့် အထုပ်ကြီးကို အောင်မြင်စွာ ပစ်ချလိုက်နိုင်ကြပြီမို့ အားလုံးက စိတ်တွေ လွတ်လပ် ပေါ့ပါးကာ အလိုလိုနေရင်းကိုပဲ မြူးနေကြတာလည်း ဖြစ်ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

အောင်စာရင်းတွေ ထွက်သည့်အခါမှာတော့ ဝေဟင်မောင်က ငါးဘာသာဂုဏ်ထူးထွက်ကာ၊ မြင့်ဦးက ရိုးရိုးသာအောင်ပြီး၊ ခခကျော်က တစ်ဘာသာ၊ ကသစ်ချိုကလည်း တစ်ဘာသာဂုဏ်ထူး ထွက်လေ၏။

စာမေးပွဲအောင်သည့်အတွက် ကသစ်က သူတို့ကို အိမ်မှာ ထမင်းဖိတ်ကျွေးလေသည်။ ကသစ်မေမေကလည်း သူ့သမီးစာမေးပွဲကို နှစ်ချင်းပေါက် အောင်သလို ဂုဏ်ထူးတစ်ဘာသာတောင် ပါသည့်အတွက် ပျော်နေရှာကာ ထမင်းစားကြရင်းမှ သူတို့နှင့်အတူ စကားတွေ ဝင်ပြော၏။

"သား ဝေဟင်က တော်လိုက်တာနော်၊ ဂုဏ်ထူးငါးလုံးတောင် ပါတယ်၊ သားမိဘတွေလည်း တော်တော်ပျော်နေကြမှာနော်"

"ဟုတ်ကဲ့ ... အန်တီ"

"ကျွန်တော်လည်း တော်ပါတယ် အန်တီရဲ့၊ ဒါပေမဲ့ ကျွန်တော်က ဂုဏ်ထူး မလိုချင်လို့ ခြစ်ချခဲ့တာ"

ရုပ်တည်နှင့် ပြောလာသည့် မြင့်ဦး စကားကြောင့် အန်တီ ရွှေရည်ဝင်းက သဘောတကျဖြင့် ပြုံးလိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ယုံတယ်၊ ယုံတယ်၊ သားတို့အားလုံး တော်ကြပါတယ်"

"ဒါနဲ့ ဝေဟင်က ငါးဘာသာတောင် ပါထားတာဆိုတော့ အမှတ်ကောင်းမှာပဲ၊ နင် ဘာတက်မှာလဲ ဝေဟင်"

ကသစ်စကားအဆုံး အားလုံးရဲ့အကြည့်တွေက သူ့ဆီကို ရောက်လာကြ၏။

"ငါလား၊ ဆေးကျောင်းတက်မလို့ စိတ်ကူးထားတယ်ဟ၊ ငါလည်း ဝါသနာပါသလို မေမေကလည်း တက်စေချင်နေတယ်လေ"

ကသစ်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ...

"ကောင်းသားပဲ၊ ငါကတော့ ဒေးပဲတက်ဖြစ်မယ် ထင်တယ်"

ဟု ဆိုပြီးနောက် ခခကျော်နှင့် မြင့်ဦးတို့ဘက်ကိုလှည့်ကာ "နင်တို့ရော"ဟု မေးလိုက်သည်။

"ငါလည်း ဒေးပဲကျမှာပါဟယ်၊ အမှတ်လည်း ပြောလောက်အောင် ကောင်းမယ် မထင်ပါဘူး"

"တစ်လုံးစီပါတဲ့ နင်တို့တောင် ဒေးဆိုမှတော့ ငါလည်း အဲဒါပဲ ကျမှာပါဟာ၊ အီးမေဂျာလောက်တော့ မှန်းတယ်"

အဲဒီလိုဆိုတော့ သူတို့သုံးယောက်ကတော့ ဆယ်တန်းဘွဲ့ကလိုပင် မခွဲဘဲ ကျောင်းအတူတူတက်ကြမှာဖြစ်ကာ ဝေဟင် တစ်ယောက်သာ ဆေးကျောင်းကို ရောက်သွားတော့မှာဖြစ်သည်။

"ဟဲ့ ... ဆေးကျောင်းသား ဖြစ်တော့မှာဆိုပြီး ချေမယ်တော့ စိတ်မကူးနဲ့နော်၊ သေမယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းခပ်ပါးပါးထိုးကာ ဆိုလာသည့် ခနဲ့ကျော် စကားကို ဝေဟင်က ပြုံးလိုက်မိကာ ...

"မချောပါဘူးဟာ၊ ငါ ဘယ်တုန်းက ချောဖူးလို့လဲ"

ဟု တုံ့ပြန်ဖြစ်သည်။

ထမင်းစားပြီးစဉ်မှာတော့ သူမတို့ခြံထဲမှာထိုင်ကာ အချိုတည်းသော မုန့်များကိုစားရင်း ရောက်တတ်ရာရာ စကားတွေ ပြောဖြစ်ကြသည်။ အဲဒီလို စကားတွေပြောရင်းနှင့်မှ ဝေဟင်က ကသစ်ချုံကို မသိမသာ ခိုးခိုးကြည့်မိ၏။ တက္ကသိုလ်ကျောင်းသူကြီးတစ်ယောက် ဖြစ်တော့မှာမို့လားတော့မသိ။ သူ့မျက်လုံးထဲမှာ ကသစ်ချုံက ပိုလှလာသလို ပိုပြီးတော့လည်း ပြင်တတ် ဆင်တတ်လာသည်ဟု ထင်မိသည်။ ရင်ထဲမှာ ရှိနေခဲ့သည့် ခံစားချက်တစ်ခုကလည်း ပိုမိုရင့်သန်လာသလို ခံစားရ၏။ ဒါကို သူမကတော့ သိသည် မသိသည် သူ မခန့်မှန်းတတ်။ သူကတော့ တစ်နေ့ထက်တစ်နေ့ သေချာလာခဲ့ပြီ ဖြစ်လေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

ပစ္စုပ္ပန်

www.burmeseclassic.com

www.burmeseclassic.com

နံနက်စာကော်ဖီဝိုင်းမှာ ဝေဟင်မောင်နှင့် ကသစ်ချိုတို့ အကြောင်းတွေကို ခခကျော်က ကိုမြတ်အေးအား ပြောပြနေခဲ့ခြင်း ဖြစ်ပါသည်။ ရုံးပိတ်ရက်မို့ ကိုမြတ်အေးက ခခကျော် ပြောသမျှကို ကော်ဖီသောက်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်နေခဲ့တာဖြစ်သည်။

"ဒါဆို ကိုဝေဟင်မောင်နဲ့ မကသစ်ချိုတို့က ဆယ်တန်းမှာကတည်းက တစ်ယောက်ကိုတစ်ယောက် ကြိုက်ခဲ့တာပေါ့"

"အင်း ... ဟုတ်တယ်၊ ဒါပေမဲ့ ကျောင်းစာကိုပဲ အလေးပေးနေခဲ့ကြရတာဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မပွင့်လင်းခဲ့ကြဘူးလေ"

"အေးပေါ့၊ ငယ်လည်း ငယ်ကြသေးတာကိုး၊ ဒါနဲ့ တက္ကသိုလ်တက်တဲ့အချိန်မှာ ဘာတွေဆက်ဖြစ်ကြသေးလဲ၊ ပြောပါဦး"

"ဘာတွေဖြစ်လဲဆိုတော့ ကျောင်းချင်းက မတူတော့ဘူးလေ၊ သူတို့ သုံးယောက်က ဒေးပဲတက်ဖြစ်ခဲ့တာဆိုတော့ တက္ကသိုလ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အတူတူ၊ စာကလည်း သိပ်များဘူး၊ ဝေဟင်ကကျတော့ ဆေး ကျောင်းသားလေ၊ ဒီတော့ စာတွေများတယ်၊ အပတ်တိုင်းလိုလို ကလည်း စာမေးပွဲတွေ ရှိနေတာဆိုတော့ အရင်ကလောက် သူတို့ နှစ်ယောက် မတွေ့ဖြစ်ကြတော့ဘူး၊ ဒါပေမဲ့ ဝေဟင်ကတော့ ကျောင်းကို သူအားတဲ့ အချိန်မျိုးမှာ လာလာလည်ပါတယ်"

ခခကျော်က ပြောနေရင်းမှ အတိတ်ကို ပြန်သတိရတွေးတော မြင်ယောင်လိုက်မိသလို မျက်လုံးတွေက မှိုင်းညို့သွားတော့၏။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

အတိတ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

အတန်းချိန် အားနေတာမို့ သူမတို့သုံးယောက်က ကန်တင်းမှာ ထိုင်နေကြတုန်းမှာပဲ သူမတို့ရှိရာ ကန်တင်းဆီကို လျှောက်လာနေသည့် ဝေဟင်မောင့်ကို မြင့်ဦးက အရင်ဆုံး မြင်သွားသည်။

"ဟော ... ဟိုမှာ ဆရာဝန်လောင်းကြီး လာနေပါပြီ"

မြင့်ဦး ကြည့်နေရာဆီသို့ သူမတို့နှစ်ယောက် ကြည့်လိုက်မိကြသည်။ စတိုင်ပန် နက်ပြာရောင်နှင့် အပေါ်က ရှပ်အင်္ကျီအဖြူကို ဆက်တွေ့ခေါက်ဝတ်ထားပုံက သူ့ကို ရှင်းသန့်နေစေ၏။ သူကလည်း သူမတို့သုံးယောက်ကိုကြည့်ကာ အဝေးကြီးကတည်းက လှမ်းပြုံးပြလာ၏။

"ဝေဟင့်ကို ကြည့်ရတာ အရင်ထက်ပိုပြီး ကြည့်ကောင်းလာတယ် နော်၊ ဆရာဝန်တောင် မဖြစ်သေးဘူး၊ ဆရာဝန်ရုပ် ပေါက်တယ် ဆိုတာ သူ့လိုလူမျိုးကို ပြောတာဖြစ်မှာ"

လျှောက်လာနေသည့် ဝေဟင့်ကိုကြည့်ကာ ခဲကျော်က



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ မှတ်ချက်စကားကို ဆို၏။ နောက်တော့ ဝေဟင်လည်း သူမ တို့အနားကို ရောက်လာတော့၏။

"မင်းတို့ အတန်းမရှိဘူးလား"

ဝေဟင်က မေးခွန်းတစ်ခုနှင့်အတူ သူမတို့ဝိုင်းမှာ ဝင်ထိုင် လာ၏။ ခခကျော်က ခေါင်းတစ်ချက် ညိတ်လိုက်ရင်း ...

"အင်း ... မရှိဘူး။ နင်ရော စာတွေလိုက်နိုင်ရဲ့လား၊ ဆေးကျောင်း ဆိုတော့ စာတွေ အရမ်းကျက်ရမှာပေါ့"

ဆိုလိုက်တော့ ဝေဟင်က ခခကျော်ကို ကြည့်လိုက်ရင်းမှ –

"အင်း ... စာများတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကိုယ်ဝါသနာပါလို့ ရွေးထားတဲ့လိုင်းပဲ၊ စာကျက်ရတာ ပြဿနာမရှိပါဘူး"

ဆိုကာ နောက်ဆုံးကျတော့မှ အကြည့်က ကသစ်ချိုဆီမှာ အဆုံးသတ်သည်။

"နင် ဘာစားမလဲ၊ တစ်ခုခုမှာလေ၊ ဒီဆိုင်မှာ အသုပ်တွေအစုံရ တယ်၊ ကောင်းလည်း ကောင်းတယ်"

"တော်ပြီ၊ အအေးလောက်ပဲ သောက်တော့မယ်"

မြင့်ဦးက ဝေဟင့်အတွက် အအေးတစ်လုံး မှာလိုက်ပြီးတော့ မှ ...

"ဘယ်လိုလဲ ငါ့ကောင်ကြီး၊ ဆေးကျောင်းမှာ အလန်းလေးတွေ ပေါ်ရဲ့လား၊ အသိရှိရင် ငါ့ကိုလည်း တစ်ယောက်လောက် ချိတ် ပေးပါဦး၊ တစ်နေ့ တစ်နေ့ ဒီနှစ်ယောက်နဲ့ပဲ နေနေရတာ ဘ ပိတ်တယ်ကွာ"

"အောင်မာ ... ကိုယ့်ဘာသာ အစွမ်းအစ မရှိတာကိုများ၊ လာ သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦးနှင့် ခခကျော်က ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် နှိပ်ကွပ်သည်။ ကသစ်ချိုကတော့ ဘာမှမပြော၊ ပြုံးရုံသာနေ၏။

ဝေဟင့်စိတ်ထဲမှာ တက္ကသိုလ်ကျောင်းသူ ဖြစ်လာမှ ကသစ်ချိုဟာ အရင်ကလောက် စကားမသွက်တော့ဘူး ထင်သည်။ အင်းလေ ... စကားပြောတာတွေတင် ပြောင်းလဲသွားတာမှ မဟုတ်တာ၊ ဝတ်ပုံစားပုံ၊ သွားပုံလာပုံ၊ နေပုံထိုင်ပုံကအစ ပြောင်းလဲသွားခဲ့တာပဲ မဟုတ်လား။

"ဟား ... ဟား ... စာကြမ်းပိုးရုပ်တွေပါကွာ၊ ဒီကမှ မျက်စိအေးစရာလေးတွေ ပေါ်တာ၊ နောက်ကို မကြာမကြာ လာရမယ်"

"ဒါဆို အဲဒီမျက်စိအေးစရာတွေထဲမှာ ငါတို့နှစ်ယောက်ရော ပါလား"

ခခကျော် စကားကြောင့် ဝေဟင်က ရယ်ကျဲကျဲလုပ်ကာ ပြောလိုက်မိသည်။

"နင်တို့ကိုကျတော့ ငါက မြင်ကိုမမြင်မိတာဟ"

"သေနာကျ၊ မြွေပွေးကိုက်"

လေးယောက်သား တဟားဟား အော်ရယ်လိုက်မိသည်။ အဲဒီလို ရယ်နေရင်းကနေမှ ကသစ်ချိုက ဝေဟင်မောင့်ကို မသိမသာ အကဲခတ်နေမိ၏။ ပြောပုံဆိုပုံတွေက အရင်ကလိုပဲ မပြောင်းလဲသေးပေမယ့် နေပုံထိုင်ပုံတွေက ပြောင်းလဲသွားခဲ့ပြီဖြစ်သည့် သူ့ကို သူမက ရင်ထဲမှာ နေရာအကြီးကြီး ပေးထားမိပြီ ဆိုတာကိုလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုသေချာလာခဲ့ပြီဖြစ်သည်။ သို့သော်လည်း ဒါဟာ သူမရင်ထဲမှာသာ ဖြစ်ပေါ်နေတာဖြစ်ပြီး သူ့ရင်ထဲကိုတော့ သူမ သေချာမြင်မှ ခဲ့ချေ။ သူ့ပုံက သူမကို ချစ်နေတာလိုလို၊ မချစ်တာလိုလို၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သူ့မျက်လုံးထဲမှာ အဖြေရှာရတာကိုလည်း သူမ အတော့်ကို မောနေခဲ့ပြီ ဖြစ်လေသည်။

ချစ်နေတယ်ဆိုရင်လည်း ဖွင့်ပြောလာပါတော့လား ဝေဟင်ရယ်။ ငါ့မျက်ဝန်းတွေကို နင် ဖတ်တတ်မယ် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူမက မနက်ခင်း အစောကြီးပဲထကာ စက်ဘီးတစ်စီးနှင့် ခရေပင်ကြီးအောက်ကို ခရေပန်း လာကောက်နေမိတုန်းမှာပဲ သူမနည်းတူ ဝေဟင်လည်း ရောက်လာသည်။

"နင်လည်း ဒီရောက်နေတာကိုး"

ပန်းတွေကို တစ်ပွင့်ချင်း ငုံ့ကောက်ကာ အတွေးတွေပျံ့လွင့်နေတုန်းမှာပဲ အနားကိုလာရပ်သည့် ခြေတစ်စုံနှင့်အတူ အသံကြောင့် သူမက ရုတ်တရက် လန့်သွားရကာ မော့ကြည့်လိုက်မိပြီးနောက် ...

"ဟင် ... ဝေဟင်၊ ဘယ်ကိုလာတာလဲ"

သူက သူမနှင့် မလှမ်းမကမ်းမှာ ထိုင်ချလိုက်ပြီး ခရေပန်းလေးတွေကို လက်ခုပ်ထဲ ကောက်ထည့်လိုက်ရင်းမှ ...

"ဘယ်ကိုလာရမှာလဲ၊ ဒီကိုပဲ လာတာပေါ့၊ ဒီနေ့ ကျောင်းပိတ်ရက်လေ၊ အဲဒါ စာကျက်စရာလည်း သိပ်မရှိတာနဲ့ ပန်းကောက်မယ်ဆိုပြီး ထွက်လာတာ"

ဟု ဆိုသည်။ စိတ်ချင်းဆက်နေမှု တစ်ခုပဲလား၊ ဒါမှမဟုတ် တိုက်ဆိုင်မှုတစ်ခုပေပဲလား။ ဒါကိုတော့ သူမ သေချာမသေချာ တတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပန်းတွေကောက်ထည့်နေသည့် ခြင်းလေးထဲကို သစ်ရွက်တစ်ရွက် ကြွေကျလာတာမို့ သူမက အဲဒီသစ်ရွက်ကို ဖယ်ထုတ်လိုက်ရင်းမှ ...

"ဟုတ်လား၊ ဘယ်ကောင်မလေး အတွက်လဲ"

"ဘယ်ကောင်မလေးအတွက်ရမှာလဲ၊ နင့်အတွက်ပေါ့ဟ၊ နင်ခရေပန်းကြိုက်တာသိလို့ အဲဒါ ကောက်ပြီးတော့ နင်တို့ အိမ်ဘက်ထွက်လာတော့မလို့"

သူ့စကားကြောင့် သူမရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခုန်သွားရ၏။ သူမျက်နှာကို ကြည့်ရမှာလည်း ရှက်တရက် မဝံ့မရဲ ဖြစ်သွားတာမို့ ပန်းကိုပဲ ငုံ့ကာ ဆက်ကောက်နေလိုက်ရင်းမှ ကိုယ့်အသံကို ကိုယ်ထိန်းကာ ဘာမှမဖြစ်သည့် ပုံစံမျိုးဖြင့် ပြန်ပြောရသည်။

"အပြောကတော့ ကောင်းတယ်နော်၊ ဒီလိုစကားတွေနဲ့ ဆေးကျောင်းက ကောင်မလေး ဘယ်နှယောက်လောက်ကို ချူပ်ပြီးပြီလဲ"

"ဘယ်သူ့ကိုမှ မချူပ်ရပါဘူးဟာ၊ ကိုယ့်စာနဲ့ကိုယ်တောင် မနည်းနပမ်းသတ်နေရတာ"

သူမက သူ့ကို မျက်စောင်းထိုးလိုက်မိသည်။ ပြီးနောက်မှ ...

"ဪ ... ဪ ... စာနဲ့ နပမ်းမသတ်ရရင်တော့ ချူပ်ချင်တယ်ဆိုပါတော့"

"အဟား ... နင်ကလည်း၊ ငါ့စကားကို အကျအန လိုက်ကောက်နေပြန်ပြီ"

သူက စကားကို ခဏဖြတ်ထားလိုက်ကာ ကော်ခုပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခရေပန်းတွေပြည့်လျှံလာပြီမို့ ပန်းတွေကို သူမရဲ့ခြင်းကလေးထဲ ပြောင်းထည့်ပေးလိုက်ပြီးမှ သူမမျက်နှာကို တစ်ချက် ခပ်ငေးငေးကြည့်လိုက်မိကာ

"နှင်ရော ရင်ခုန်ရတဲ့သူ တွေ့နေပြီလားဟင်"

ဟု ပြောလိုက်မိသည်။ သူမက "ငါလား"ဟု ဆိုကာ သူ့မျက်နှာကို တစ်ချက်မော့ကြည့်လာ၏။ ဒီအခိုက် သူက သူမမျက်လုံးတွေထဲမှာ အဖြေတစ်ခုခုကို အသည်းအသန် ရှာဖွေမိသည်။ ဒါပေမဲ့ ညံ့ဖျင်းလွန်းသည့်သူက ထိုအဖြေကို တွေ့အောင်မရှာနိုင်ခဲ့ပါ။

သူမနှင့် စက္ကန့်အနည်းငယ်မျှ မျက်လုံးချင်း ဆုံသွားကြပြီးနောက် သူမက အပြုံးတစ်ခုနှင့်အတူ အကြည့်ကို ပြန်လွှဲသွားရင်းမှ ...

"ဒီလိုကိစ္စကိုတော့ နှင့်ကို ဘယ်ပြောပြပါ့မလဲ"

ဟု ဆိုလာ၏။ သူမအဖြေကြောင့် သူက သက်ပြင်းတစ်ခုကို အသာကျိတ်ချလိုက်မိသည်။ ငါကတော့ ချစ်ရမယ့်သူ တွေ့နေပြီကသစ်ရယ်။ အဲဒီတစ်ယောက်ကလည်း နှင်ပဲ။ ဟုတ်တယ်။ ငါ နှင့်ကိုသိပ်ကိုချစ်နေမိပြီ။ ဒါပေမဲ့ ငါ နှင့်ကို ဖွင့်ပြောဖို့ မရဲဘူးဟာ။ နှင့်စိတ်ကို ငါ မခန့်မှန်းတတ်ဘူး။ ငါ ဖွင့်ပြောလိုက်လို့ နှင်မုန်းသွားမှာကိုလည်း ငါကြောက်တယ်။ နှင်နဲ့ အခုလို ခင်မင်ခွင့်ရနေတာလေးကိုတောင် ဆုံးရှုံးသွားရမှာ ငါ သေမလောက် ကြောက်နေခဲ့တာပါ ကသစ်ရယ်။

ငါ့ရင်ခုန်သံတွေကို ငါ ဘယ်လို အသက်သွင်းရပါ့မလဲ။

❦ ဝ ❦



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စန်းစန်းတင်က လမ်းထိပ်က သစ်သီးဆိုင်လေးမှာ ဘုရားဆွမ်းတော်ကပ်ဖို့အတွက် သစ်သီးထွက်ဝယ်နေခဲ့ရင်းမှ မနက်စောစော ရယ်ရယ်မောမောဖြင့် တစ်နေရာရာမှ ပြန်လာဟန်ရှိသည့် သားဖြစ်သူ ဝေဟာင်နှင့် ကသစ်ချိုဆိုသည့် ကောင်မလေးတို့ကို တွေ့လိုက်ရလေသည်။ စိတ်ထဲမှာ အတော့်ကိုပဲ ဘဝင်မကျ ဖြစ်သွားရ၏။ သူတို့ဟာ စောစောစီးစီး ဘယ်ကပြန်လာကြတာတဲ့လဲ။ နှစ်ယောက်သားက ရှိမှရှိကြသေးရဲ့လား။

ထိုကောင်မလေးနှင့် တအား ရောရောနှောနှောမနေပါနဲ့လို့ ပြောထားတာကိုလည်း သားဖြစ်သူက မှတ်ပုံမရ။ ခင်မင်တဲ့ အဆင့်လောက်ကို မိမိ ဘာမှမပြောလိုသော်လည်း တခြားအရောင်တွေ စွန်းထင်းသွားမှာမျိုးကိုတော့ မိမိ လုံးဝမလိုလားပါချေ။

မိမိမြင်လိုက်သလိုပင် သားတို့နှစ်ယောက်ကို သစ်သီးသည် မတင့်ကလည်း မြင်သွားရကာ ...

"အစ်မရေ ... အစ်မ ကြိုက်,မကြိုက်တော့ မသိဘူး၊ ပြောသင့်တယ်ထင်လို့ ပြောရဦးမယ်"

www.burmeseclassic.com



"ဘာများလဲ မတင့်ရဲ့"

"စောစောက အစ်မသားဘေးက ကောင်မလေးလေ အစ်မရယ်၊ အစ်မ သိပြီးပြီလားတော့ မသိဘူး၊ အဲဒီကောင်မလေးရဲ့အမေက သူဌေးကြီးတစ်ယောက်ရဲ့ကီပင်တဲ့၊ သူဌေးကြီးက နိုင်ငံခြားမှာ ဆိုလားပဲ၊ သူတို့တွေက အရင်နေရာကနေလည်း ပတ်ဝန်းကျင် ရဲ့ဒဏ်ကို မခံနိုင်လို့ ဒီကို ပြောင်းလာတာဆိုပဲ၊ အဲဒီကောင်မလေး ကလည်း အစ်မသားနဲ့ တတွဲတွဲဆိုတော့ အစ်မသားကို ကြည့် ထိန်းဦး၊ တော်ကြာ ပိုက်ဘောတွေ ဘာတွေ မိနေဦးမယ်၊ မျိုးစေ့ မှ မမှန်တာ၊ အပင်လည်း သန်မယ်မထင်ပါဘူး အစ်မရယ်၊ ကျွန်မက အစ်မသားအတွက် စိုးရိမ်လို့ ပြောတာနော်၊ တစ်မျိုး မထင်နဲ့ဦး"

ပြန်လာရာ လမ်းတစ်လျှောက်လုံးမှာ အတွေးတွေနှင့်အတူ ခေါင်းထဲမှာ ချာချာလည်နေခဲ့သည်။ တကယ်တော့ မတင့် ပြောသမျှ တွေအားလုံးကို မိမိ သိထား၊ ကြားထားပြီးသားပါပင်။ သူမတို့မိသားစု အကြောင်းကို ပြောလိုက်တာက မိမိအတွက် အသစ်အဆန်း မဟုတ်။ ဒါပေမဲ့ မိမိအတွက် အသစ်အဆန်း ဖြစ်လာရတာက ပတ်ဝန်းကျင်ပင် ဖြစ်သည်။

ပတ်ဝန်းကျင်ရဲ့အမြင်မှာ မိမိသားနှင့် ဒီကောင်မလေးက တတွဲတွဲမို့ အမြင်မတော်စရာ၊ မေးငေါ့စရာ ဖြစ်လာနေခဲ့ပြီဖြစ်သည်။ ဒါကို မိမိ ဘယ်လိုမှ လက်မခံနိုင်။ သားကလည်း မဆင်ခြင်ချေ။ ဒီ ကောင်မလေးနှင့် လိုတာထက်ပိုပြီး ရင်းရင်းနှီးနှီး မနေပါနှင့်လို့ ပြော ထားပါလျက်နှင့်ကို သားဖြစ်သူက စကားနားမထောင်။

အခုတော့ ပတ်ဝန်းကျင်ကတောင် ပြောချင်လာကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်လာကြတာမဟုတ်။ ပြောကိုပြောနေကြပြီဖြစ်သည်။ မဖြစ်ရပါဘူး။ လုံးဝမဖြစ်ရပါဘူး။

အိမ်ပြန်ရောက်တယ် ဆိုရင်ပဲ လက်ထဲက သစ်သီးထုပ်ကိုတောင် မချနိုင်အားသေးဘဲ သားဖြစ်သူ ရှိနေနိုင်မည့် သူ့အခန်းထဲကိုပဲ တန်းဝင်သွားလိုက်သည်။ သားဖြစ်သူကို စာဖတ်နေပုံဖြင့် တွေ့ရ၏။

"သား ... မေမေနဲ့ စကားခဏ ပြောရအောင်"

ဆိုတော့ သားက ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ကာ မတ်တတ်ထရပ်လိုက်ရင်း ...

"ဟုတ် ... မေမေ၊ ပြောလေ၊ ဘာများလဲ မသိဘူး"

"မေမေ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ မေးမယ် သား၊ သားနဲ့ ကသစ်ချိုဆိုတဲ့ ကောင်မလေးရဲ့အခြေအနေက ဘယ်ထိရောက်နေပြီလဲ"

မိမိရဲ့စကားအဆုံး သားဖြစ်သူရဲ့ မျက်ခုံးတွေက တွန့်ချိုးသွားတော့ကာ ...

"ဘာဖြစ်လို့လဲ မေမေရဲ့၊ သားတို့က သူငယ်ချင်းတွေလေ"

ဟု ဆိုလာ၏။ ဒါပေမဲ့ ရှေ့နေတစ်ယောက်ဖြစ်သည့် မိမိက တန်းတော့ မယုံသေး။ သားဖြစ်သူကို စေ့စေ့ကြည့်ကာ ထပ်မေးလိုက်မိပြန်သည်။

"သေချာလား"

သားက မိမိအကြည့်ကို မခံနိုင်သလိုဟန်ဖြင့် မျက်လွှဲချသွားသည်။ ပြီးမှ ခပ်တိုးတိုးလေသံဖြင့် ...

"ဟုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလာ၏။ အဖြေကို သိပ်သဘောမကျ။ အဖြေဟာ ဖြတ်သားသော အဖြေမဟုတ်ဟု ထင်သည်။ ဒီတော့ ထပ်မေးဖို့ ဆုံးဖြတ်လိုက်သည်။

"သေချာရင် ပြီးတာပဲ၊ ဒါပေမဲ့ မေမေ ထပ်မေးဦးမယ်"

ဆိုတော့ သားရဲ့ခေါင်းက ပြန်မော့လာသည်။ သားမျက်လုံးတွေထဲကို အဖြေရှာလိုက်ရင်းမှ ...

"သား ... သူ့ကို ကြိုက်နေလား"

"ဗျာ ! "

သားက အံ့သြတုန်လှုပ်သလို ဖြစ်သွားကာ မိမိကို ငေးကြောင်ကြည့်နေ၏။

"ဖြေလေ သား"

သားက မဖြေ။ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းဆိုသည့် သဘောနှင့်များ အသံတိတ်ဝန်ခံလိုက်လေသလား။ ခေါင်းကို လေးကန်စွာ ရမ်းလိုက်မိသည်။

"မဖြေနိုင်ဘူးလား၊ ရတယ်၊ မဖြေလည်း ရတယ်၊ ဒါပေမဲ့ မေမေ့ဆန္ဒကိုတော့ ပြောထားမယ်နော်၊ သား သူ့ကို ကြိုက်နေတယ်ဆိုရင်တောင် အဲဒီကြိုက်နေတာကို ရင်ထဲမှာပဲ သိမ်းထားလိုက်၊ အပြင်ကို လုံးဝထုတ်မလာနဲ့တော့၊ မေမေ ... မင်းကို သူနဲ့လုံးဝသဘောမတူဘူး၊ သူတစ်ပါး မိသားစုကိစ္စကို မေမေ ပါးစပ်အရှည်ခံပြီး မပြောချင်ဘူး သား၊ ဒါပေမဲ့ သူတို့မိသားစုအကြောင်းတွေကို မင်းလည်း သိထား၊ ကြားထားပြီးသား ဖြစ်မှာပါ၊ မင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ပေါင်းနေကြတာမို့လို့ မေမေ သိထားတာထက်တောင် ပိုသိချင် သိနေပါလိမ့်မယ်၊ ထားလိုက်တော့၊ မေမေ ပြန်မပြော တော့ဘူး၊ ဒါပေမဲ့ သူတို့မိသားစုထဲကိုတော့ မင်းကို မေမေ လုံးဝ ထည့်မပေးနိုင်ဘူး၊ စာရိတ္တမကောင်းတဲ့ သူတွေနဲ့လည်း မေမေ ခမည်းခမက် မတော်နိုင်ဘူး၊ မေမေ မင်းကို ပြောဖူးပါတယ်၊ မင်းယူမယ့် မိန်းမဟာ ပိုက်ဆံရှိဖို့ မလိုဘူး၊ ပညာမတတ်ဘူးလား ရသေးတယ်၊ ဒါပေမဲ့ စာရိတ္တတော့ ချမ်းသာရမယ် ဆိုတာလေ၊ အဲဒါကိုတော့ မင်းခေါင်းထဲမှာ ထည့်ထားပါသား၊ မေမေ ဒါပဲ ပြောချင်တယ်”

ပြောကာ လှည့်ထွက်လာခဲ့လိုက်သည်။ သားဖြစ်သူကတော့ ခပ်ငူငူဖြင့် ကျန်နေခဲ့၏။ ခုလောလောဆယ်တော့ သားအမြင်မှာ မိမိ ဟာ ဂုဏ်မက်သည့် မိန်းမတစ်ယောက် ဖြစ်ကောင်းဖြစ်နေနိုင်လိမ့်မည်။ ဒါပေမဲ့ ကိစ္စမရှိ။ မိမိရင်သွေးကို မဖြစ်သင့်တာ မဖြစ်ရအောင်တော့ တားဆီးရမှာပဲဖြစ်ကာ နောင်တစ်ချိန်ကျလျှင်တော့ မိမိစေတနာကို သား ဖြစ်သူ နားလည်လာပါလိမ့်မည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

ဖေဖေက မြန်မာနိုင်ငံ ပြန်ရောက်နေတာမို့ သူမတို့မိသားစုက အခုတော့လည်း လူစုံတက်စုံပဲ ဖြစ်သည်။

"သမီး ... ဒီမှာ ကျောင်းတက်မယ့်အစား၊ နိုင်ငံခြားမှာပဲ ကျောင်းသွားတက်ပါလား သမီးရယ်၊ ဒီမှာ ရိုးရိုးဘွဲ့လေး ယူမယ့်အစား၊ နိုင်ငံခြားမှာ အသက်မွေးဝမ်းကျောင်းဖြစ်မယ့် ဒီပလိုမာတစ်ခုခု သွားတက်ပါလား၊ **management** ပိုင်းပဲ ဖြစ်ဖြစ်ပေါ့"

"ဟုတ်သားပဲ သမီးရဲ့၊ မေမေလည်း အဲဒါကို ပြောမလို့၊ သမီးဖေဖေကလည်း နိုင်ငံခြားကို အိမ်ဦးနဲ့ကြမ်းပြင်လို သွားနေတာပဲဟာ၊ သွားတက်ပါလား သမီး"

ဖေဖေနဲ့ မေမေတို့ရဲ့စကားကို သူမက ခေါင်းယမ်းငြင်းဆန်လိုက်ရင်းမှ ...

"သမီး မသွားချင်ဘူး ဖေဖေ၊ သွားမယ် ဆိုရင်တော့ ဘွဲ့ရပြီး



www.burmeseclassic.com

www.burmeseclassic.com



လောက်မှ သွားချင်တယ်၊ ဘွဲ့လေးတစ်ခုတော့ လူရှိသေရှင်ရှိသေ ယူချင်သေးတယ်"

"အင်းပါ ... ဖေဖေတို့ကလည်း သမီး စိတ်မပါရင် ဖွတ်မလွှတ်ပါဘူး၊ သမီးများ တက်ချင်မလားလို့ ဖေဖေတို့က လမ်းကြောင်းပေးတာပါ"

"ဟုတ် ... သမီး သွားတော့ သွားချင်တယ်၊ ဒါပေမဲ့ ဘွဲ့ရပြီးတော့မှပဲ သွားမယ်လို့ စိတ်ကူးထားတယ် ဖေဖေ"

ဖေဖေရော မေမေရောက ခေါင်းညိတ်သည်။ နောက်တော့ မေမေက နာရီကို တစ်ချက်ကြည့်လိုက်ပြီးနောက် ပြောလာသည်။

"ကဲ ကဲ ... သမီး ကျောင်းသွားရဦးမှာမလား၊ မြန်မြန်စား၊ နောက်ကျနေဦးမယ်၊ ဖေကြီးလည်း အလုပ်သွားရမှာ မဟုတ်လား၊ စားပြီး လာခဲ့တော့၊ ကျွန်မ အဝတ်အစား ထုတ်ပေးထားလိုက်မယ်"

"အေး ... အေး"

မေမေက စိတ်မြန်သူမို့ ပြောလည်းပြော၊ ထလည်းထသွားတော့သည်။ မေမေ မရှိတော့မှ ဖေဖေက အသံခပ်တိုးတိုးဖြင့် ...

"သမီး ... မုန့်ဖိုး ရှိသေးလား၊ ယူဦးမလား"

ဟု ဆိုလာသဖြင့် သူမက အားရပါးရ ပြုံးလိုက်ရင်းမှ—

"ရှိပါသေးတယ်၊ မယူသေးပါဘူး ..."

ဖေဖေက ခေါင်းညိတ်ကာ စားလက်စ နန်းကြီးသုပ်ကို လက်စသတ်စားသည်။ နောက်တော့ အလုပ်သွားဖို့အတွက် ပြင်ဆင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ ပြင်ဆင်ရန် ထွက်သွားတော့၏။ သူမကတော့ ဖေဖေ ထွက်သွားရာ နောက်ကို မျက်စိတဆုံး လိုက်ကြည့်နေရင်းမှ သက်ပြင်းတစ်ခုကို ခပ်ဝါးဝါး ချလိုက်မိလေသည်။

ပတ်ဝန်းကျင်တွင် ဖေဖေက မိန်းမရှုပ်သူဟု အမည်တွင်သူဖြစ်၏။ တကယ်တမ်းကျတော့ ဖေဖေသည် အများတကာ ထင်နေကြသလို မိန်းမရှုပ်သူတစ်ယောက် မဟုတ်ပါချေ။ အမှားတစ်ချက်ကြောင့်သာ အဲဒီအမည်းစက်ကြီးက ဖေဖေ့ဘဝတစ်လျှောက်လုံးကို ကပ်ငြိပါလာနေခဲ့တာ ဖြစ်သလို သူမတို့ မိသားစုသည်လည်း လူမေးငေါ့စရာ ဖြစ်နေခဲ့တာဖြစ်သည်။ သို့ပေမဲ့ ဘယ်သူတွေ ဘာပဲပြောပြော သူမတို့ ဂရုစိုက်ချေ။ ကိုယ့်ထမင်း ကိုယ်စားပြီး ကိုယ့်နှာခေါင်းပေါက်နှင့်ကိုယ် အသက်ရှူနေကြသည့် လူတွေအချင်းချင်းအတူတူ ဘယ်သူ့ကိုမှလဲ လိုက်ရှင်းပြနေစရာ မလိုဟု ထင်ပါသည်။ သူမမိဘတွေကလည်း ကာယကံရှင်အချို့တလေကလွဲလို့ ဘယ်သူကိုမှ အာပေါက်ခံပြီး ရှင်းမပြခဲ့။ ဒီတော့ သူတို့ရဲ့သမီးဖြစ်သည့် သူမကရော ဘာများလိုက်ရှင်းပြနေစရာ လိုပါမည်နည်း။ ထင်ချင်သလိုသာ ထင်ကြစမ်းပါစေလေ။

အတိတ်မှာ ဖေဖေနှင့် မေမေ ဘယ်လိုအပြစ်မျိုးကိုပဲ ကျူးလွန်မိခဲ့ပါစေ သူမအတွက်တော့ သူတို့ဟာ မိဘဖြစ်သည်။ ဖေဖေမေမေတို့ရဲ့ သားသမီးအဖြစ် ဒီလောကထဲ ရောက်လာခဲ့ရသည့် အတွက်လည်း ဘယ်တုန်းကမှ နောင်တမရခဲ့။

ဘယ်တော့မှလဲ နောင်တရမှာ မဟုတ်ပါချေ။

❦ ၀ ❦



www.burmeseclassic.com

www.burmeseclassic.com

"ကသစ်"

အနားကို လာရပ်ရင်း ခေါ်လိုက်သည့်အသံကြောင့် ကသစ်က ဖုန်းထဲငုံ့ကြည့်နေရာမှ မော့ကြည့်လိုက်မိသည်။ ရောက်လာသူက ခနော်ဆိုသည့် သူမတို့အတန်းထဲက ကျောင်းသား။ ပြောရရင်တော့ သူက ကသစ်ကို ချစ်ခွင့်ပန်ထားတာဖြစ်သည်။

"ဩော် ..."

သူက ခွင့်တောင် မတောင်း။ လွတ်နေသည့် ခုံတစ်လုံးမှာ ဝင်ထိုင်လာသည်။

"တစ်ယောက်တည်းလား ကသစ်"

"အင်း ... ခဏကို စောင့်နေတာ"

"ဩော် ..."

ဘာမှ ပြောစရာ မရှိတော့သဖြင့် သူမက ဖုန်းကို ပြန်ငုံ့ကြည့်ကာ ဖုန်းနံပါတ်တွေနဲ့ ဓာတ်ပုံတွေကို contacts ထဲမှာ ထွဲထည့်နေလိုက်သည်။ ဒီအချိန်မှာပဲ သူ့ဆီက အသံထပ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကသစ် ..."

ခေါ်သံကြောင့် သူမက မော့ကြည့်လိုက်မိပြန်သည်။ သူက သူမကို ခပ်ရီရီဝေဝေ ကြည့်လာရင်းမှ ...

"ကျွန်တော့်ကို အဖြေမပေးသေးဘူးလားဟင်"

"ကျွန်မ ရှင့်ကို မချစ်ဘူး"

"ဗျာ"

သူမဆီမှ မဆိုင်းမတွ ထွက်ပေါ်လာသည့် အဖြေစကားကြောင့် ရုတ်တရက် သူက ကြောင်သွားပုံရသည်။ သူမကတော့ ဖုန်းကို လွယ်အိတ်ထဲ ထည့်ပစ်လိုက်ပြီးနောက် သူ့ကို စေ့စေ့ကြည့်ပေးလိုက်တာ ...

"ဟုတ်တယ်၊ ကျွန်မ ရှင့်ကို မချစ်ဘူး"

သူက ခေါင်းကို ကုတ်လိုက်ရင်း ...

"ဟို ... ဟိုဟာ ... ကသစ်မှာ ချစ်ရမယ့်သူများ ရှိနေလို့လား ဟင်"

ဟု ဆိုလာသည်။ သူမမျက်လုံးထဲမှာ ဝေဟင့် မျက်နှာက ချက်ခြင်းပေါ်လာသည်။ ဟုတ်တယ်။ နှစ်ဦးသဘောတူ ပွင့်လင်းရင်ခုန်ကြတဲ့ ချစ်သူတွေ မဟုတ်ကြပေမယ့် သူမက သူ့ကိုချစ်နေတာ သေချာတာပဲလေ။ ဒီတော့ သူဟာ သူမရဲ့ချစ်သူပဲပေါ့။

"ဟုတ်တယ်၊ ကျွန်မမှာ ချစ်ရမယ့်သူ ရှိပြီးသား၊ သူကလွဲပြီး ကျွန်မ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ အဲဒါကြောင့် ကျွန်မအပေါ်ကို မမျှော်လင့်ပါနဲ့တော့၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

သူမ ပြောသမျှကို တ"ဗျာ"တည်း "ဗျာ"နေသည့် သူ့ကို သူမ ရယ်ချင်သွားရသည်။ သို့သော်လည်း မရယ်ရက်ပါ။ လူတစ်ယောက်၏ နှလုံးသားကို သူမ ဟာသမဖွဲ့ချင်ပေ။

ဒီအချိန်မှာပဲ သူမတို့ဆီ လျှောက်လှမ်းလာနေသည့် ခခကို သူမက လှမ်းမြင်လိုက်သည်။

"ဟိုမှာ ခခ လာနေပြီ၊ ရှင် သွားလိုက်တော့နော်"

"ဩော် ... ဟုတ် ..."

သူက ဝေဝေဝါးဝါး ဒီဖိုင်းဖြင့် ထွက်သွားသည်။ ခခကျော်က သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လာသည်။

"ဟိုတစ်ယောက် ဘာတွေ လာပြောနေတာလဲ"

သူမက ပြုံးလိုက်ရင်း ...

"အဖြေလာတောင်းနေတာ"

ခခကျော်က မျက်ခုံးတွေကို တမင်ပင့်တင်ပစ်လိုက်ကာ ပခုံးနှစ်ဖက်ကိုလည်း ဟန်ပါပါ တွန့်ပြလာသည်။

"ဘာပြောလိုက်လဲ"

"ရှင့်ကို မချစ်ဘူး၊ ကျွန်မမှာ ချစ်သူရှိတယ်လို့ ပြောလိုက်တယ်"

"သူက ဒီတော့ ဘာပြန်ပြောလဲ"

"ဘာမှမပြောဘူး၊ ပြန်သွားတယ်"

တကယ်ဆို သူမ လိုချင်တောင့်တမိတဲ့ အချစ်က ဘာကြောင့်များ သူမဆီကို ရောက်မလာခဲ့သလဲဆိုတာ သူမ စဉ်းစားလို့မရချေ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုယ့်ကိုပဲ မချစ်လို့လား။ ဒါမှမဟုတ် ကိုယ့်မိသားစုရဲ့ အခြေ မညီးကြောင့်လား။ ကိုယ့်ကိုမချစ်လို့ ဆိုရင်တော့ ဒါဟာ သူမအတွက် ကံမကောင်းခြင်းလို့ပဲ သတ်မှတ်ရမှာဖြစ်ပြီး ကိုယ့်မိသားစုရဲ့ နောက်ခံ အကြောင်းအရာတွေကြောင့် ဖွင့်ပြောမလာခဲ့သေးတာပါ ဆိုရင်တော့ တော်တော်ကြေကွဲဖို့ ကောင်းနေခဲ့ပြီ ဖြစ်သည်။

"ဟင်း ဟင်း ... သူ့ပုံစံက နည်းနည်းအေးတယ်နော်၊ အဲ ... အေး တာမဟုတ်ဘူး၊ အေးလွန်းလို့ အူကြောင်ကြောင် နိုင်သွားတာ၊ ဒါပေမဲ့ နောက်ခံကတော့ တောင့်တယ် ဆရာ၊ စိန်တိုက်ပိုင်ရှင် ရဲ့သားတဲ့၊ ဘောဇိ၊ ဝါသနာပါရင် ကောက်တွဲထားလို့ ရတယ်"

ခခကျော်ရဲ့စကားကို သူမက လက်မခံနိုင်သလိုဖြင့် ခေါင်း ကို ခပ်သွက်သွက်ပဲ ယမ်းခါပြလိုက်မိသည်။

"မထားချင်ပါဘူးဟာ၊ အချစ်ဆိုတာ အဲလို နောက်ခံငွေကြေးတွေ အပေါ်မှာ အခြေခံတာမှ မဟုတ်တာ၊ အချစ်ဆိုရာ ဘယ်အပေါ် မှာမှ မတည်ဘူး၊ သူ့ဘာသာ သီးသန့်ဖြစ်တည်နေတဲ့ အရာပါ"

ခခကျော်က သူမကို တအံ့တသြပုံစံဖြင့် ကြည့်လာတော့ သည်။ သူမပါးစပ်က အချစ်အကြောင်း ထွက်လာတာကို အံ့သြသွားဟန် ရှိ၏။

"ဘုရား ... ဘုရား၊ နင် အချစ်အကြောင်းတွေ ပြောလို့ပါလား။ ပြောစမ်း ... နင် ချစ်တတ်နေပြီမှလား၊ မှန်အောင်ပြော"

"အဟင်း ... ချစ်တတ်တာပေါ့၊ ငါ ချစ်တတ်တာ အခုမှမဟုတ် ဘူး၊ တော်တော်ကြာခဲ့ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



သူမအသံက အနည်းငယ်များ မောဟိုက်သံ ပေါက်နေမလား မပြောတတ်၊ အဲဒီအသံထဲမှာ နာကျင်သံတွေလည်း ပါကောင်း ပါနေပါ လိမ့်မည်။

"ဘုရားရေ ... နင် တကယ်ကြီး ပြောနေတာလား၊ မှန်မှန်ပြော၊ အဲဒီတစ်ယောက်က ဝေဟင်မောင် မဟုတ်လား"

"ငါ ဝန်မခံချင်သေးဘူး ခခ၊ နင် သိနေတယ် ဆိုရင်လည်း သိနေ တယ်လို့ပဲ ထားလိုက်ပါ၊ ငါ့နှုတ်က ထုတ်မပြောချင်သေးဘူး"

ခခကျော်က "ငါနားလည်ပြီ" ဆိုတဲ့ ပုံစံမျိုးနဲ့ ခေါင်းညိတ် ပြသည်။ အဲဒီလို နင် နားလည်သလို သူလည်း ငါ့မျက်လုံးတွေ၊ ငါ့ နှလုံးသားက အသံတွေကို နားလည်ရင် သိပ်ကောင်းမှာပဲ ခခရယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကသစ်ကို ကျောင်းသားတစ်ယောက်က အသည်းအသန်လိုက်နေတယ် ဝေဟာင်"

ရုတ်တရက် ကြားလိုက်ရသည့် မြင့်ဦးဆီက ထင်မှတ်မထားသည့် စကားကြောင့် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားရသည်။

"ဘယ်လို"

မြင့်ဦးက သူ့ကို ပြုံးစိုက်ကြည့်လာရင်းမှ သူ့ပခုံးကို အသာလာပုတ်သည်။ မြင့်ဦးရဲ့မျက်လုံးတွေထဲမှာ အရိပ်တချို့ကို တွေ့လိုက်ရ၏။ မြင့်ဦး မျက်လုံးတွေက ကိုယ့်ရင်ဘတ်ကို ဖောက်ထွင်းမြင်နေသလိုလို။

"မင်း သူ့ကိုချစ်နေတာ ငါသိပါတယ် ဝေဟာင်ရာ။ ငါနဲ့ မင်းက လည်ပင်းဖက် ပေါင်းလာကြတဲ့ သူငယ်ချင်းတွေပါ၊ ဒါပေမဲ့ မင်း ဘာဖြစ်လို့ သူ့ကို ဖွင့်မပြောသေးလဲဆိုတာကိုတော့ ငါ နားမလည်ဘူး"

"ငါ ..."

သူက ပြောရခက်လာသဖြင့် ခေါင်းကို ငုံ့ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးကို လူမိသလို ခံစားချက်တွေက တဖွားဖွား ပေါ်လာသလို ကိုယ့် ပုံစံက အဲဒီလောက်တောင်ပဲ အပြင်မှာ သိသာနေပြီလားဆိုတာကို တွေး လိုက်မိတော့ အနည်းငယ်လည်း တုန်လှုပ်သွားသည်။ ကိုယ့်ရင်ဘတ်ကို သူမရော မြင်တတ်နေခဲ့လေသလား။

နောက်တော့ လူသိနေသည့် အတူတူ တစ်ယောက်ယောက် ကိုတော့ ဖွင့်ပြော ရင်ဖွင့်ချင်လာသည့် ခံစားချက်ကြောင့် ခေါင်းငုံ့စဉ်းစား နေရာကနေ ပြန်မော့လာကာ မြင့်ဦးရဲ့ မျက်လုံးတွေကို ရင်ဆိုင်လိုက်သည်။

"ငါ သူ့ကို ချစ်နေတယ်ဆိုတာ ဝန်ခံပါတယ်ကွာ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ ငါဖွင့်ပြောလိုက်လို့ သူ့ဘက်က ငြင်းလိုက်မှာကို ငါ ကြောက်တယ်၊ သူငယ်ချင်းအဖြစ် ခင်နေတာကို အခွင့်ကောင်း ယူတယ်လို့ ထင်မှာကိုလည်း စိုးတယ်၊ ပြီးတော့ ..."

စကားက ဆက်ထွက်မရတော့သဖြင့် ရပ်တန့်သွားရပြန် သည်။ စကားမရှိတာ မဟုတ်။ ပြောစရာ စကားတွေက အများကြီးပဲ ရှိပါသည်။

သို့ပေမဲ့ အဲဒီစကားတွေကို ဘယ်လိုအသုံးအနှုန်းမျိုးနဲ့ သုံး ရမလဲဆိုတာ မသိတာဖြစ်သည်။

"ပြီးတော့ မင်းအမေကိုလည်း မင်းကြောက်တယ် မဟုတ်လား"

"သူမုန်းမှာစိုးလို့ ဖွင့်မပြောရဲတာကိုတော့ ငါနားလည်ပေးလို့ရပါ တယ်။ ဒါပေမဲ့ ငါ့အထင် သူလည်း မင်းကို ချစ်နေပါတယ် ဝေဟင်ရာ၊ မင်း ဖွင့်ပြောဖို့ပဲ လိုတာပါ၊ ဒါပေမဲ့ မင်းအမေကို ကြောက်လို့ ဖွင့်မပြောရဲတာ ဆိုရင်တော့ မင်း သတ္တိမရှိတာပဲ ဝေဟင်၊ ပြီးတော့ အချစ်ကို သစ္စာဖောက်ရာလည်း ကျတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း တကယ်ချစ်ရင် သူ့ကို ဖွင့်ပြောရဲရမှာပေါ့၊ ပြီးတော့ အတိတ်ကိုလည်း မင်း အားလုံးလက်ခံနိုင်ရမယ်၊ သူ့မိဘတွေဖြစ်ခဲ့တဲ့ ကိစ္စက သူနဲ့ဘာဆိုင်လို့လဲ၊ ပြီးတော့ ငါ ထင်တာပြောရရင် သူ့အမေ အန်တီရွှေရည်ဝင်းကလည်း သူများတွေ ပြောနေသလို မဟုတ်လောက်ပါဘူး၊ အခုလို ဖြစ်နေတယ်ဆိုတာလည်း သူတို့မှာ အကြောင်းပြချက်တစ်ခု ရှိကိုရှိနေပါလိမ့်မယ်၊ အကြောင်းပြချက်မရှိဘူးပဲထား သူ့မိဘတွေ စာရိတ္တပိုင်းဆိုင်ရာ တကယ်မကောင်းဘူးပဲ ထားပါဦး၊ မင်းသာ သူ့ကို တကယ်ချစ်ရင် အဲဒါတွေကိုလည်း လက်ခံနိုင်ရမယ်လေ၊ အချစ်အတွက် ရင်ဆိုင်ရဲရမယ်လေ၊ မဟုတ်ဘူးလား"

မြင့်ဦးရဲ့စကားတွေက သူ့ကို လှုပ်နှိုးလိုက်သလိုရှိသည်။ ရင်ထဲမှာ မှုန်မှုန်မွှားမွှားဖြင့် ဖြစ်နေသည့် အရာများအားလုံးကိုလည်း ပြတ်ပြတ်သားသား မြင်လိုက်ရသည်။

သူက မြင့်ဦး၏ပခုံးအား လက်သီးတစ်ချက် ခပ်သာသာ ထိုးလိုက်မိရင်းမှ ...

"ကျေးဇူးကွာ၊ တကယ် ကျေးဇူးတင်ပါတယ်၊ ငါ ဘာလုပ်ရမလဲ ဆိုတာ သိသွားပြီ"

နှလုံးသားက မြူမှုန်ကင်းသွားသလို ကြည်လင်မှုကို ထိတွေ့ခံစားလိုက်ရ၏။ အချစ်သည် ရင်ဘတ်ပေါ်သို့ စည်းချက်ကျစွာ ရဲရဲတွတ်တွတ်ဖြင့် စတင်လမ်းလျှောက်နေပြီ ဖြစ်ပါသည်။

❦ ၈ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

အရင်က တွေ့ဝေခဲ့သလောက် တကယ့်တကယ်တမ်း ဘယ်လိုပဲဖြစ်ဖြစ် ဖွင့်ပြောလိုက်တော့မယ်လို့လည်း ဆုံးဖြတ်လိုက်ရော သတ္တိတွေက သူ့မှာ အလိုလို ရှိလာခဲ့လေသည်။ အချစ်ကြောင့် နီစွေးလာသော နှလုံးသားကလည်း သူမရဲ့အချစ်ကို အခုမှ ပိုမိုတောင့်တလာခဲ့၏။

ဒီလိုနှင့် သူမကို တစ်ခုသော မနက်ခင်းရဲ့ ခရေပင်ကြီးအောက်မှာ ခရေပန်းအတူတူ ကောက်နေရင်းမှ ဖွင့်ပြောလိုက်မိလေသည်။

“ငါ နင့်ကို ချစ်နေမိပြီ ကသစ်”

ဘာပတ်ပျိုးမှမပါ၊ ဘာစကားဦးမှ မသမ်းဘဲ တုံးတိဖွင့်ပြောလိုက်သည့် သူ့စကားအဆုံး ခရေပန်းတစ်ပွင့်ဆီကို လက်လှမ်းနေသည့် သူမလက်က ဆတ်ခနဲ ဖြစ်သွားကာ ခရေပင်ဆီမရောက်သေးခင် စပ်ကြား လေထဲမှာပဲ ရပ်တန့်သွားလေသည်။

ပြီးနောက် သူ့ကိုမယုံနိုင်သလို မော့ကြည့်လာ၏။ နောက်တော့ သူမက ခရေပန်းလေးကို ကောက်ယူကာ ခြင်းလေးထဲ ထည့်လိုက်သည်။





ဘာစကားမှမဆို။

ဒီတော့ သူက သူမကို အဖြေရှာသလို ငေးကြည့်နေမိရင်း…

“နင် ငါ့ကို စိတ်ဆိုးသွားလားဟင်”

ဒါကိုလည်း သူမက မဖြေပြန်။

ခရေပန်းတွေကိုသာ တိတ်ဆိတ်စွာ ဆက်ကောက်နေ၏။

“ကသစ် …”

“ငါ့ပုံစံက စိတ်ဆိုးနေတဲ့ပုံ ပေါက်နေလို့လား”

သူ့ခေါ်သံနှင့် မရှေးမနှောင်းမှာဘဲ ထွက်လာသည့် သူမစကားသံက ကြည်ကြည်လင်လင်ပါပဲ။ ဒါပေမဲ့ သူမပုံစံက ခန့်မှန်းရခက်လှ၏။ ဒါကြောင့်လည်း ရှေးလူကြီးတွေက “စိန်ကဲ၊ ရွှေကဲ၊ ထိနှစ်ထက် မိန်းမကဲခတ်၊ လွန်ကဲခက်၏”လို့ ရေးခဲ့တာဖြစ်မည်။

“ငါ မပြောတတ်ဘူး၊ ငါ လူကဲခတ်ညံ့တာ နင်သိပါ[illegible]”

“ဟုတ်မှာပါ၊ နင့်မျက်လုံးတွေ မကောင်းလို့သာ ငါ့နှလုံးသားက နင့်ရှေ့မှောက်မှာ ဆယ်တန်းကတည်းက ဒူးထောက်နေခဲ့တာကို နင် မမြင်နိုင်ခဲ့တာပေါ့”

“ဘယ်လို”

သူမစကားကို ရုတ်တရက် သူ နားမလည်။ သူမကပြုံးစစဖြင့် ကြည့်လာသည်။ နောက်တော့ အဲဒီအကြည့်က မျက်စောင်းတစ်ခုအဖြစ်သို့ ကူးပြောင်းသွားတော့ကာ …

“ကျောင်းစာမှာ တော်သလောက် ဒီလိုနေရာမျိုးမှာကျတော့ နှစ်ယောက်မရှိအောင် အ,တဲ့ အ,အ၊ ငါသွားတော့မယ်၊ ဟွန်း… တော်တော် မုန်းဖို့ကောင်းတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှမဆို။

ဒီတော့ သူက သူမကို အဖြေရှာသလို ငေးကြည့်နေမိရင်း...

"နင် ငါ့ကို စိတ်ဆိုးသွားလားဟင်"

ဒါကိုလည်း သူမက မဖြေပြန်။

ခရေပန်းတွေကိုသာ တိတ်ဆိတ်စွာ ဆက်ကောက်နေ၏။

"ကသစ် ..."

"ငါ့ပုံစံက စိတ်ဆိုးနေတဲ့ပုံ ပေါက်နေလို့လား"

သူ့ခေါ်သံနှင့် မရှေးမနှောင်းမှာဘဲ ထွက်လာသည့် သူမစကားသံက ကြည်ကြည်လင်လင်ပါပဲ။ ဒါပေမဲ့ သူမပုံစံက ခန့်မှန်းရခက်လှ၏။ ဒါကြောင့်လည်း ရှေးလူကြီးတွေက "စိန်ကဲ၊ ရွှေကဲ၊ ထိနှစ်တဲ့ထက် မိန်းမကဲခတ်၊ လွန်ကဲခက်၏"လို့ ရေးခဲ့တာဖြစ်မည်၊

"ငါ မပြောတတ်ဘူး၊ ငါ လူကဲခတ်ညံ့တာ နင်သိပါ၏ ပ်"

"ဟုတ်မှာပါ၊ နင့်မျက်လုံးတွေ မကောင်းလို့သာ ငါ့နလုံးသားက နင့်ရှေ့မှောက်မှာ ဆယ်တန်းကတည်းက ဒူးထောက်နေခဲ့တာကို နင် မမြင်နိုင်ခဲ့တာပေါ့"

"ဘယ်လို"

သူမစကားကို ရုတ်တရက် သူ နားမလည်။ သူမကပြုံးစစခြင့် ကြည့်လာသည်။ နောက်တော့ အဲဒီအကြည့်က မျက်စောင်းတစ်ခုအဖြစ်သို့ ကူးပြောင်းသွားတော့ကာ ...

"ကျောင်းစာမှာ တော်သလောက် ဒီလိုနေရာမျိုးမှာကျတော့ နှစ်ယောက်မရှိအောင် အ,တဲ့ အ,အ၊ ငါသွားတော့မယ်၊ ဟွန်း... တော်တော် မုန်းဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောကာ သူမက ထိုင်ရာမှ ထရပ်လိုက်ကာ ရပ်ထားသည့် စက်ဘီးပေါ်သို့ တက်ကာ နင်းထွက်သွားလေသည်။ သူကတော့ နေရာမှာပဲ ရှော့ခ်ရနေသူ တစ်ယောက်လို ငုတ်တုတ်ထိုင်နေမိတုန်း။ နောက်တော့မှ သူက အားရပါးရ ပြုံးလိုက်ကာ ဝမ်းသာအားရဖြင့် လက်ခုပ်ထဲမှာ ကောက်ထည့်ထားမိသည့် ခရေပန်းလေးတွေကို မြူးနေသောစိတ်ဖြင့် လေထဲသို့ မြှောက်ပစ်ကြဲပစ်လိုက်မိလေသည်။ ပါးစပ်မှလည်း "အား"ဟု အကျယ်ကြီး အော်ပစ်လိုက်မိ၏။

အချစ်ကို ဒီလောက်မြန်မြန် ပြန်ရလိမ့်မည်လို့ တွေးထင်မထားမိခဲ့တာကိုအမှန်အတိုင်း ဝန်ခံရပါမည်။

သူမက စဉ်းစားဦးမယ်တို့၊ ဘာတို့ ပြောပြီး ရပ်ရှင်ထဲကလို အချိန်ဆွဲဦးမည်ဟု တွေးထားခဲ့တာ ဖြစ်ပါသည်။ အခုတော့ ကိုယ်ပေးလိုက်သော အချစ်က ချက်ချင်းရောင်ပြန်ဟပ်လာပါသတဲ့။ ဟား ...။

သူက ထိုင်ရာမှ ထရပ်လိုက်ကာ ခရေပင်ရဲ့ ကိုင်းတစ်ခုကို လှမ်းခုန်ဆွဲလိုက်မိသည်။

နောက်တော့ ရပ်ထားသည့် စက်ဘီးပေါ်သို့ ပြေးတက်ကာ သူ့ရှေ့က နင်းထွက်သွားသော သူမနောက်ကို အမီလိုက်ရလေသည်။ သို့သော်လည်း ရှက်သွားဟန်ရှိသည့် သူမက ဘယ်လိုအရှိန်မျိုးဖြင့် နင်းသွားသည်မသိ။ သူနှင့် လိုက်မမီနိုင်တော့လောက်သော အကွာအဝေးကို ရောက်နေခဲ့ပြီ ဖြစ်လေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ကသစ်တို့ ချစ်သူတွေ ဖြစ်သွားပြီ ဆိုတာကိုလည်း ပြောပြလိုက်ရော မြင့်ဦးက သဘောတကျဖြင့် ရင်ဘတ်ကို ဟန်ပါပါဖိပြရင်းက ဆိုလေသည်။

"ဝါး ... သွက်လှချည်လား၊ ဟမ်"

သူက ရှက်မိသလိုလို ဖြစ်သွားရကာ နားထင်စပ်ကို လက်ညှိုးလေးနဲ့ ကုတ်လိုက်မိသည်။

"အင်း ... ငါ့ဘက်က အချိန်တွေ ဆွဲခဲ့မိတော့ သိပ်ကြာကြာ မစောင့်ချင်တော့ဘူးလေ၊ မင်းပြောပြီး နောက်တစ်ရက်ပဲ ဖွင့်ပြောလိုက်တာ"

"သူက တန်းအဖြေပေးတာပဲ မဟုတ်လား"

မြင့်ဦးက ဗေဒင်ဟောစားဖို့တောင် ကောင်းနေချေပြီဖြစ်သည်။

"အင်း ..."

"ငါပြောသားပဲကွာ၊ သူလည်း မင်းကို ကြိုက်နေပါတယ်လို့ ဟား ဟား ... ဝမ်းသာတယ်ကွာ၊ မင်းတို့နှစ်ယောက် တွဲသွားလိုက်တယ် သိလား၊ ဒါပေမဲ့ လောလောဆယ်တော့ မင်းမိဘတွေ မသိစေနဲ့ဦး၊ သိုသိုသိပ်သိပ်နေကြ"

www.burmeseclassic.com



"အင်းပါ ... ငါ နားလည်ပါတယ်"

အချစ်သည် လ,တစ်စင်း ဆိုပါစို့။ သူနှင့် ကသစ်တို့က ထိုလရောင်ကို ထိတွေ့ခံစားဖို့ အမှောင်ရိပ်ထဲမှ တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး ထွက်လာခဲ့ကြပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါနဲ့ ဝေဟင် ချစ်သူတွေ ဖြစ်သွားပြီ ခခ"

ခပ်ရှက်ရှက်ဖြင့် ပြောလိုက်သည့် သူမစကားအဆုံး ခခကျော်က သူမရင်ဘတ်ကို သူမ ဖိလိုက်ရင်းက တအံ့တဩဖြင့် ဆိုလာလေသည်။

"တကယ် ..."

"အင်း ..."

"အိုးမိုင်ဂေါ့ထ် ... ကျောင်းပိတ်ရက်လေး နှစ်ရက်အတွင်းမှာ ပြောင်းလဲမှုက မြန်လှချည်လား"

"အင်း ... သူဖွင့်ပြောတော့ ငါ တန်းအဖြေပေးလိုက်တာ"

ခခကျော်က ချစ်မျက်စောင်းထိုးလာကာ "မနိုင်ဘူး"ဆိုသည့်အထာဖြင့် ခေါင်းတယမ်းယမ်းလုပ်နေပြီးမှ ...

"မိန်းမ ... နည်းနည်းလေးတောင် ဟန်မဆောင်လိုက်ဘူးပေါ့"

"လိုမှ မလိုတာဟာ၊ ငါလည်း သူ့ကို ချစ်နေတာပဲ၊ တကယ်ဆိုရင် ဟန်ဆောင်နေစရာ မလိုပါဘူးဟာ၊ သူ ဖွင့်ပြောတဲ့အချိန်ကို ငါ စောင့်နေခဲ့ရတာလည်း ကြာခဲ့ပြီလေဟာ"


www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူမက ရှက်သွားရကာ ခေါင်းငုံ့လိုက်မိသည်။ နောက်တော့မှ ရယ်ကျဲကျဲဖြင့် ခခကျော်ကို ပြန်မော့ကြည့်မိပြန်သည်။ ဒါပေမဲ့ ခခကျော်နဲ့ မျက်လုံးချင်း ဆုံမကြည့်ရဲဘဲ ဖြစ်ရကာ အကြည့်ကို လွှဲလိုက်မိပြန်သည်။

အချစ်သည် ပန်းတစ်ပွင့် ဆိုပါစို့။ ထိုပန်းအား သူမခေါင်းမှာ တစ်သက်လုံး ပန်ထားတော့မှာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူဖြစ်ပြီးသွားသည့် နောက်ပိုင်းမှာ သူနှင့် သူမတို့က ကျောင်းပိတ်ရက်တွေတိုင်း ခရေပင်အောက်မှာ ခရေပန်းကောက်ရင်း စကားတွေ ပြောဖြစ်ကြသည်။ မေမေက သူမကို အမြင်စောင်းကာ သဘောမကျသူမို့ သူကလည်း သူငယ်ချင်းဘဝတုန်းကထက်ပင် အနေအထိုင် ပိရိအောင် ကြိုးစားနေထိုင်ခဲ့မိ၏။

"ငါတို့ ချစ်သူဖြစ်တာ ဒီနေ့ဆိုရင် တစ်လတောင်ပြည့်ပြီနော် ကသစ်

"အင်းလေ ... အဲဒါ ဘာဖြစ်လို့လဲ"

"ငါတို့ အခေါ်အဝေါ်လေး ဘာလေး ပြောင်းရင် မကောင်းဘူးလား"

"အခေါ်အဝေါ် ပြောင်းမယ် ! ၊ ဘယ်လိုမျိုး ပြောင်းချင်လို့လဲ နင်က"

"ငါတို့နှစ်ယောက်ကဟာ ချစ်သူဆိုတာထက် သူငယ်ချင်းတွေလိုပဲ နေဖြစ်ကြတယ်မှုလား။ ဒီတော့ ချစ်သူဆိုတာ ပိုပြင်သွားအောင် ငါ့ကို 'မောင်'လို့ ခေါ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာက ရှက်စိတ်ကြောင့် ပန်းနုရောင် သမ်းသွားတော့ကာ ခေါင်းငုံ့သွားရင်း ...

"အာ ... ရှက်စရာကြီး နင်ကလည်း၊ မခေါ်ချင်ပါဘူး"

"ခေါ်ပါဟာ၊ ဘာရှက်စရာရှိလဲ၊ ကိုယ့်ချစ်သူကို ကိုယ်ခေါ်တာပဲဟာ၊ ဒါမှ ချစ်သူဆိုတဲ့ အထိမ်းအမှတ် ဖြစ်သွားမှာပေါ့"

"သူများတွေ ကြားကုန်ရင် ရယ်မှာပေါ့ဟာ၊ မြင့်ဦးတို့၊ ခခတို့သိရင် ပိုဆိုးမှာ"

"အာ ... သူတို့ရှေ့တော့ မခေါ်ချင် မခေါ်ပါနဲ့ဟာ၊ နင်နဲ့ ငါနဲ့ နှစ်ယောက်တည်း တွေ့တဲ့အချိန်ကျရင် ငါတို့နှစ်ယောက်အတွက် သီးခြားသတ်မှတ်ထားတဲ့ နာမ်စားလေးတွေ ခေါ်မယ်လေဟာ၊ နော် ..."

"ငါက နင့်ကို မောင်လို့ ခေါ်ရမယ်ဆိုတော့ နင်က ငါ့ကို ဘယ်လိုခေါ်မှာလဲ၊ ပြောကြည့်ပါဦး"

"ငါက နင့်နာမည် ကသစ်ချို ဆိုတာကို သူများတွေခေါ်သလို ကသစ်လို့ မခေါ်တော့ဘူး၊ သူများတွေနဲ့မတူအောင် ချိုလို့ပြောင်းခေါ်မယ်လေ၊ နော် ..."

"ပြီးတာပဲဟာ၊ နင့်သဘောပဲ"

အဲဒီလိုနဲ့ သူတို့နှစ်ယောက်ကြားမှာ နာမ်စားတွေ ပြောင်းလဲသွားခဲ့ကြသည်။ တခြားလူတွေရှေ့မှာ ဆိုရင်တော့ သူမနဲ့ သူက အရင်ကလိုပဲ "ဝေဟင်"၊ "ကသစ်"နဲ့ သုံးနှုန်းပြောဆိုကြတာ ဖြစ်သော်လည်း နှစ်ယောက်တည်းတွေ့သည့် အချိန်များမှာတော့ "မောင်"နှင့် "ချို" ဟူသော နာမ်စားတို့ကို ပြောင်းလဲသုံးနှုန်းဖြစ်ခဲ့ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခေါ်အဝေါ်တွေသာ အဲဒီလို ပြောင်းလဲသွားသော်လည်း မယ့် သူတို့နှစ်ယောက်က တခြားအတွဲတွေလိုပဲ ပန်းခြံထဲမှာ ချိန်းတွေ့တာမျိုး၊ လူမမြင်ကွယ်ရာမှာ ချိန်းတွေ့တာမျိုးတွေမရှိခဲ့ပါ။ လုပ်ဖို့ကိုမတွေးကြတာ ဖြစ်သည်။ အချစ်ကို ပုံဖော်သည့် နေရာမှာ တစ်ယောက်ကို တစ်ယောက် ချစ်နေဖို့သာ အဓိကဟု သူတို့နှစ်ယောက်စလုံးက ခံယူထားကြသည်မို့ သူတို့နှစ်ယောက်၏ တွေ့ဆုံရာဌာနက ကျောင်းကန်တင်း၊ ခရေပင်အောက်၊ တစ်ခါတလေ အင်းလျားကန်ပေါင်မှာ အေးအေးဆေးဆေး စကားပြောချင်ပြော၊ တစ်ခါတစ်ရံကျတော့ သူမတို့ခြံထဲမှာ သူငယ်ချင်းတွေဘဝတုန်းလိုမျိုး စကားပြောကြ။ ဒီလောက်သာပဲ ဖြစ်ပါသည်။

ဒီလိုနှင့် သူတို့နှစ်ယောက်က ပထမနှစ်ကျောင်းတွေပိတ်ပြီး ဒုတိယနှစ်ကျောင်းသားဘဝကို အသီးသီး ရောက်လာခဲ့ကြသည်အထိ နှစ်ယောက်သားက ချစ်သူအသွင်ထက် သူငယ်ချင်းလိုသာ ပိုမိုရှိနေခဲ့ကြတာဖြစ်ပါသည်။ ထို့ကြောင့်လည်း သူတို့တွေ ချစ်သူဆိုတာကို ကာယကံရှင်ဖြစ်တဲ့ သူတို့နှစ်ယောက်အပြင် ဘေးသူစိမ်းဆိုလို့ မြင့်ဦးနှင့်ခခကျော့တို့သာ သိကြတာဖြစ်သည်။

"မောင်နဲ့ ချို ... ချစ်သူတွေ ဖြစ်နေတာ၊ ချို့အိမ်က ရိပ်မိနေပြီလားဟင်"

သူမတို့ ခြံထဲမှာထိုင်ကာ စကားပြောရင်းမှ လူကြီးတွေရဲ့ အရိပ်အခြေကိုကြည့်ကာ မေးလိုက်သည့် သူ့အမေးကို သူမက ခေါင်းတစ်ချက် ခါယမ်းပြလာရင်း ...

"မသိလောက်ဘူး ထင်ပါတယ်၊ ချိုလည်း မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေလာသည်။

အချစ်ကို အချစ်လို ခံစားနေချိန်မျိုးမှာ စိတ်ထဲမှာ ကြည်နူးရသော်လည်း ရှေ့ရေးကို ကြိုတွေးလိုက်မိတိုင်း ရင်ထဲမှာ မောမောလာရ၏။

"မောင်နဲ့ ချို့ကို ချို့မိဘတွေက သဘောတူပါ့မလား"

"ဘာဖြစ်လို့လဲ"

"မောင်တို့က ချိုတို့လောက်မှ မချမ်းသာတာ၊ မောင့်မိဘတွေက ချိုသိတဲ့အတိုင်းပဲ၊ အစိုးရ လခစားတွေလေ"

"မဆိုင်ပါဘူး မောင်ရယ်၊ ချို့မိဘတွေက အဲလိုမခွဲခြားပါဘူး။ တကယ်တမ်း စိတ်ပူရမှာက ချိုပါ၊ ချိုတို့မိသားစုက အမည်းစက်ရှိတယ်လေ၊ ဒါပေမဲ့ မောင်တစ်ခု ယုံကြည်ထားပေးပါနော်၊ ချိုတို့မိသားစုက သူတို့တွေ ပြောနေကြသလို မဟုတ်ရပါဘူး၊ ချို့မိဘတွေက သန့်ရှင်းပါတယ်၊ ဒါတွေကို အခုအချိန်မှာတော့ ချိုပြောမပြချင်သေးဘူး မောင်၊ ဒါပေမဲ့ တစ်နေ့မှာတော့ မောင့်ကို ချို အားလုံး ရှင်းပြပါ့မယ်"

သူမ မျက်နှာက အနည်းငယ် ညှိုးရော်သွားတာမို့ သူက သူမကို အားပေးသည့် အပြုံးမျိုး ပြုံးပြလိုက်မိသည်။

"မောင် ချို့ကို ယုံပါတယ်၊ ချို့မိဘတွေကိုလည်း ယုံတယ်၊ တကယ်လို့ အဲဒီလို သူများတွေ ပြောနေကြတဲ့အတိုင်း ချို့မိဘတွေမှာ အမည်းစက်ရှိခဲ့တယ် ဆိုရင်တောင် အဲဒါ လူကြီးတွေကိစ္စပဲလေ၊ ချိုတို့ မောင်တို့နဲ့မှ မဆိုင်တာ၊ ချို စိတ်ချနေနော်၊ ...



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲတွေပဲရှိရှိ၊ ဘယ်သူတွေ ဘယ်လိုပဲတားတား ချို့ဘက်မှာ မောင် အမြဲရပ်တည်ပေးနေမှာပါ”

“ကျေးဇူးတင်ပါတယ် မောင်ရယ် ...”

“မလိုပါဘူး ချိုရယ်၊ ချို့ဘက်မှာ မောင်ရှိနေသလို မောင့်ဘက်မှာ ချိုရှိနေပေးရင်ပဲ ရပါပြီ”

တချို့လူတွေအတွက် အချစ်ခရီးလမ်းက ဖြောင့်ဖြူးနေတတ်ပေမယ့် တချို့တွေအတွက်ကျတော့ အချစ်အတွက် လျှောက်တဲ့လမ်းဟာ ခက်ခဲကြမ်းတမ်းတတ်ပါသတဲ့။ သူကတော့ ဘာပဲဖြစ်ဖြစ် အချစ်အတွက်ဆိုရင် ရင်ဆိုင်ချင်စိတ် အပြည့်ရှိနေခဲ့ပါသည်။ စကားတောင်ရှိသေးတယ် မဟုတ်လား။ အချစ်စစ်တို့မည်သည် ဘယ်တော့မှ ဖြောင့်ဖြူးတယ်လို့ မရှိဘူးတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကိုယုံလို့ အသည်းကွဲတာက

အချိန်တန်ရင် ပျောက်တယ် ...

လူကိုပုံလို့ ဘဝပျက်ရင်တော့

တစ်သက်လုံး နာလန်မထူတော့ဘူးမှတ် ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

"သမီးနဲ့ မောင်ဝေဟောင်နဲ့ ကြိုက်နေကြတာလား သမီး"

ရုတ်တရက် ထွက်လာသည့် မေမေ့စကားကြောင့် စားလက်စ ထမင်းက လည်ချောင်းထဲမှာ နင်သွားရသည်။ မေမေ့ကိုလည်း အသာ မော့ကြည့်လိုက်ပြီးမှ ...

"မဟုတ် ... မဟုတ်ပါဘူး၊ သမီးတို့က သူငယ်ချင်းတွေပါပဲ"

မေမေ့ကို မညာချင်ဘဲ ညာလိုက်မိသည်။ သူမ မရည်ရွယ် ခဲ့ပါ။ ဒါပေမဲ့ ဝန်ခံလိုက်ဖို့ ကျတော့လည်း အချိန်မတန်သေးဘူးဟု ထင်ပါသည်။

"အင်းလေ၊ ထားပါတော့၊ ဒါပေမဲ့ မေမေ သမီးကို တစ်ခုတော့ ကြိုပြောထားမယ်နော် သမီး၊ သမီးကို မေမေက နှလုံးသားရေးနဲ့ ပတ်သက်လို့ မချုပ်ချယ်ပါဘူး၊ ဒါပေမဲ့ လူရွေးမှားမှာကိုတော့ စိုးတယ်"

သူမက ထမင်းစားခြင်းကို ခဏရပ်ထားလိုက်သော မေမေ့ ကို ကြည့်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ချစ်သူရည်းစားထားပြီ ဆိုရင်လည်း မေမေ့ကို အသိပေးပါ၊ မေမေက သမီးကို တားဖို့ပြောတာ မဟုတ်ဘူးနော်၊ လူငယ်တွေရဲ့ အချစ်ရေးကိစ္စတွေကို မေမေ နားလည်ပေးလို့ ရပါတယ်။ ဒါပေမဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ မဖြစ်သင့်တာ မဖြစ်ရအောင်လို့တော့ မေမေ ထိန်းကျောင်းပေးရလိမ့်မယ်၊ ပြီးတော့ အချစ်ကိုယုံလို့ရတယ်၊ လူကိုတော့ ဘယ်တော့မှ မပုံလိုက်နဲ့၊ အချစ်ကိုယုံလို့ အသည်းကွဲတာက အချိန်တန်ရင် ပျောက်တယ်၊ လူကိုပုံလို့ ဘဝပျက်ရင်တော့ ဘယ်တော့မှ နာလန်မထူနိုင်တော့ဘူး သမီး၊ ဥပမာအနေနဲ့ မေမေ့ကိုပဲကြည့်"

တော်ပါသေးရဲ့။ ထမင်းဝိုင်းမှာ ဖေဖေ ရှိမနေခဲ့လို့သာပဲ။ ဖေဖေက ဒင်နာတစ်ခုရှိသဖြင့် အပြင်မှာပဲ စားခဲ့မယ်ဆိုတာကြောင့် သူမတို့သားအမိနှစ်ယောက်သာ ညစာကို အတူစားနေကြတာ ဖြစ်ပါသည်။

"ပြီးတော့ ကံကြမ္မာဆိုတာကလည်း ရှိသေးတယ် သမီး၊ လူနှစ်ယောက် ချစ်ကြတဲ့အခါမှာ တစ်ယောက်ကို တစ်ယောက် ချစ်နေရုံနဲ့လည်း မပြီးဘူး၊ ကံကြမ္မာက မျက်နှာသာမပေးရင်လည်း လွဲတတ်တယ်၊ အဲဒီလို လွဲလာခဲ့ရင် ကိုယ့်ဘက်မှာ ဘာအရှုံးမှ ရှိမနေတာ အကောင်းဆုံးပဲ၊ သမီးဖေဖေနဲ့ မေမေ့အကြောင်းကို သမီးသိပြီးသားပါ၊ မေမေ ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာမလိုဘူး ထင်ပါတယ်။ သမီး နားလည်တယ် မဟုတ်လား"

မေမေနှင့် ဖေဖေ့ဇာတ်ကြောင်းကို မေမေက သူမနားလည်တတ်သည့် အရွယ်ကတည်းက အားလုံး ပြောပြထားခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် ဖေဖေက တစ်ယောက်ကိုတစ်ယောက် သိပ်ကိုချစ်ခဲ့ကြတာဖြစ် သည်။ သို့ပေမဲ့ ကံကြမ္မာက မျက်နှာသာမပေးတော့ ဘဝတစ်လျှောက် လုံးမှာ အမည်းစက်အဖြစ် တင်ကျန်ရစ်ခဲ့ရတာ ဖြစ်ပါသည်။

"ဟုတ် ... သမီး နားလည်ပါတယ် မေမေ၊ မေမေ စိတ်ချပါ၊ သမီးကြောင့် မေမေတို့ ဘယ်တော့မှ မျက်နှာမပျက်စေရပါဘူး"

သူမစကားအဆုံး မေမေက သမီးမှားနေပြီဆိုသည့် အကြည့် မျိုးဖြင့်ကြည့်ကာ ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းပြလာရင်းမှ ...

"မဟုတ်ဘူး သမီး၊ မေမေ ပြောနေတာက မေမေတို့မိဘတွေ မျက်နှာပျက်မှာကို ကြောက်လို့ ပြောနေတာမဟုတ်ဘူးနော်၊ မေမေ အခုပြောလိုက်တဲ့ စကားတွေထဲမှာ မေမေတို့အတွက်ဆိုတဲ့ မျှော် လင့်ချက်မျိုး စိုးစဉ်းမှ မပါဘူး၊ သမီးဘဝမပျက်ဖို့ပဲ မေမေ မျှော် လင့်တာပါ"

မေမေနှင့်သူမ အကြည့်ချင်းအတော်ကြာ ဆုံသွားကြသည်။ မေမေ့မျက်လုံးတွေက သူမကို "ဒုတိယမြောက်ရွှေရည်ဝင်း ဘယ်တော့မှ မဖြစ်ပါစေနဲ့ သမီးရယ်"ဟု ပြောနေသလိုလို။

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com

သူမက မောင့်ကို အင်းလျားကန်ပေါင်မှာ ချိန်းလိုက်ကာ သူမမိဘတွေအကြောင်းကို ပြောပြဖို့ ဆုံးဖြတ်လိုက်လေသည်။ မောင်ကတော့ သူမကို အတိတ်ကို ပြန်တွေးပြီး နာကျင်မှာကြောက်ရင် မပြောပါနဲ့။ ဒီအတိုင်းပဲ ထားလိုက်ပါ။ ဘယ်လိုအရာတွေပဲဖြစ်ဖြစ် ကိုယ်လက်ခံပေးလို့ရတယ်ဟု ပြောလာ၏။ သူမတို့မိသားစုကလည်း ဘယ်သူ့ကိုမှ ပြောပြဖြေရှင်းပြဖို့ ရည်ရွယ်ချက် မရှိခဲ့ပါ။ ကိုယ့်ထမင်း ကိုယ်စားပြီး ကိုယ့်နှာခေါင်းနှင့်ကိုယ် အသက်ရှူနေကြသည့် ဘဝမှာ ဘယ်သူ့ဘာပြောပြော ဂရုမစိုက်ခဲ့။ သူမတို့မိသားစုနောက်မှာ အမြဲတမ်း အရိပ်လိုကပ်ငြိပါနေသည့် အရိပ်မည်းကြီးကို သူမတို့က လျစ်လျူရှုထားခဲ့ကြတာ ဖြစ်ပါသည်။ ဒါပေမဲ့ အဲဒါက သူများတွေကိုသာဖြစ်ပြီး မောင့်ကိုတော့ သူမပြောပြချင်ပါ၏။ သူမမိဘတွေရဲ့ ဖြူစင်မှုကို ဘယ်သူမှ အသိအမှတ်ပြုမယုံချင်ရင်နေ မောင့်ကိုတော့ ယုံချင်စေသည်သည်။ သိစေချင်သည်။ အသိအမှတ် ပြုစေချင်သည်။

ထို့ကြောင့်ပင် ပြောပြဖို့ ဆုံးမခဲ့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချို့မေမေနဲ့ ဖေဖေက တက္ကသိုလ်မှာ တွေ့ပြီးတော့ ချစ်သူတွေ ဖြစ်ခဲ့ကြတာလေ၊ ဒါပေမဲ့ မေမေက ဆင်းရဲတယ်၊ ဖေဖေတို့ကကျ တော့ ကျိုကျိုတက်ချမ်းသာတယ်၊ ဒီတော့ စိုင်းစိုင်းခမ်းလှိုင်ရဲ့ သီချင်းတစ်ပုဒ်ထဲက စာသားလို ပိုက်ဆံဆိုတာ အသည်းခွဲတဲ့ လူ ကြမ်းကြီးပါတဲ့ ဆိုသလို ဖြစ်ခဲ့တယ်လေ၊ ဖေဖေမိဘတွေက မေမေ နဲ့ သဘောမတူဘူး၊ အဆက်အသွယ် ဖြတ်ခိုင်းတယ်၊ ဒါပေမဲ့ ဖေဖေက မဖြတ်ဘူး၊ မေမေမှ မေမေပဲ၊ ဒီမှာတင် ကွက်ကျော်မြင် တတ်တဲ့ ဖေဖေ့မိဘတွေက နိုင်ငံခြားကို အလည်ပတ် သွားမယ် ဆိုပြီး ဖေဖေ့ကိုပါ ခေါ်သွားတယ်၊ ဟိုရောက်တော့မှ သူတို့ကြို တင်ကြံစည်ထားတဲ့အတိုင်း သူတို့ရဲ့စီးပွားဖက် မိတ်ဆွေရဲ့သမီး ဒေါ်နန်းမိမိစံ ဆိုတဲ့ အမျိုးသမီးနဲ့ ဟိုမှာတင်ပဲ ဖွတ်ပေးစားလိုက် တယ်၊ ဖြစ်ချင်တော့ ချစ်သူတွေဘဝမှာ အချစ်နယ်ကျွံခဲ့တဲ့အတွက် မေမေ့မှာက ကိုယ်ဝန်ကျန်ခဲ့တာကို ဖေဖေ မသိလိုက်ဘူး၊ နောက် သုံးလလောက်နေမှ ဖေဖေက ဒေါ်နန်းမိမိစံနဲ့ အတူပြန်လာတယ်၊ ဒီတော့မှ မေမေ့မှာ ကိုယ်ဝန်ရှိနေခဲ့တာကို သိသွားတာ၊ မေမေက သူမိုက်ခဲ့တဲ့ဒဏ်ကို သူ့ဘာသာပဲ ခံတာပါ၊ ဖေဖေ့ကို တာဝန်မယူ ခိုင်းပါဘူး၊ သူများအိမ်ထောင်ရေးကိုလည်း မဖျက်ဆီးချင်ဘူးလေ၊ ဒါပေမဲ့ ပိုက်ဆံချမ်းသာပြီး မောက်မာသလို မာန်လည်းကြီးတဲ့ ဒေါ်နန်းမိမိစံတို့ အသိုင်းအဝိုင်းက အလှမ်းကျဲတော့ [illegible] မေမေ့ကိစ္စကို သိသွားတယ်၊ ဒီမှာတင်ပဲ စာရိတ္တ[illegible] ပြီး ဖေဖေ့ကို ဒေါ်နန်းမိမိစံတို့ မိဘအသိုင်းအဝိုင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



လို လူရှုပ်လူပွေတစ်ယောက်ကို လက်မခံနိုင်ဘူးဆိုပြီး သူတို့သမီးနဲ့ ကွာရှင်း ခိုင်းပစ်လိုက်တယ်၊ လူရှုပ်လူပွေ တစ်ယောက်ကို လင်တော်ရမှာထက် တစ်ခုလပ် တစ်လင်ကွာဘဝက ပိုပြီးတော့ ဂုဏ်သိက္ခာရှိတယ် ဆိုပြီးတော့ပေါ့၊ ပြဿနာတွေက အတော့်ကို ဂယက်ထခဲ့တယ်လေ၊ ဒေါ်နန်းမိမိစံတို့ အသိုင်းအဝိုင်းရဲ့ မကျေမနပ်နဲ့ သတင်းလွှင့်မှုတွေကြောင့် ဖေဖေက အိမ်ထောင်ရေးဖောက်ပြန်သူတစ်ယောက်အဖြစ် သတင်းထွက်ခဲ့သလို မေမေ့မှာလည်း သူများယောက်ျားကို ကြာခိုတဲ့မိန်းမအဖြစ် ပတ်ဝန်းကျင်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရတယ်၊ ဖြစ်ချင်တော့ ဖေဖေ့ရဲ့အဖေ ချို့အဘိုးက ကားအက်ဆီးဒင့် ဖြစ်ပြီးတော့ ဆုံးသွားတယ်၊ သိပ်မကြာပါဘူး၊ ယောက်ျားစိတ်၊ သားစိတ်၊ ရှက်တဲ့စိတ်တွေနဲ့ အိပ်ရာထဲ လဲခဲ့တဲ့ ဖေဖေ့အမေကလည်း နှလုံးရောဂါရပြီး အဲဒီစိတ်တွေနဲ့ပဲ ဆုံးသွားခဲ့တယ်လေ၊ မေမေကရှက်တော့ အားလုံးရဲ့အဝေးမှာနေမယ်ဆိုပြီး ချို့ကို တောရွာတစ်ခုမှာ သွားမွေးပြီး ဘဝကိုဇာတ်မြှုပ်နေခဲ့တာ ချို့ ရှစ်နှစ်သမီးလောက် အထိပဲ၊ နောက်တော့မှ ဖေဖေက လိုက်စုံစမ်းပြီးတော့ မေမေ့ကို ဒူးထောက်မတတ်တောင်းပန်ပြီးတော့ ရန်ကုန်ကို ပြန်ခေါ်လာတယ် မေမေ့မိဘတွေဆီမှာလည်း ဝန်ချတောင်းပန်တယ်၊ မေမေ့ကို လက်ထပ်ခွင့်တောင်းတယ်၊ အစတော့ မေမေက လက်မခံပါဘူး၊ ဒါပေမဲ့ ချို့မျက်နှာကလည်းရှိ၊ အဘိုးအဘွားတွေရဲ့ တိုက်တွန်းမှုတွေကလည်းပါတော့ ဖေဖေနဲ့ မေမေ လက်ထပ်ဖြစ်ခဲ့တယ် ဒါပေမဲ့ အငြိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



လွန်းတဲ့ ဒေါ်နန်းမိမိစံတို့ အသိုင်းအဝိုင်းက မပြီးနိုင်မစီးနိုင်နဲ့ သတင်းတွေ လွှင့်နေကြတော့ ချို့မိဘတွေက ပတ်ဝန်းကျင်မှာ အမည်းစက်တွေနဲ့ ဖြစ်ကုန်ကြတော့တာပဲ၊ လူ့ဝသီအတိုင်း သူများ ကောင်းကြောင်းဆိုရင်သာ တစ်ရက် နှစ်ရက်နဲ့ ပြီးသွားတတ်ပေမယ့် သူများမကောင်းကြောင်းဆိုရင်တော့ ခဏ ခဏ စားမြုံ့ပြန်ပြီး ပြောနေတတ်တော့ အခုထိ အဲဒီအရိပ်မည်းက တစ်ယောက်စကား တစ်ယောက်နားနဲ့ ပြောလို့မပြီးကြသေးဘူးလေ”

ချို့က စကားတွေ အများကြီးကို ခံစားချက် အတက်အကျ အနိမ့်အမြင့်တွေနှင့် မနားတမ်း ပြောလိုက်ရသဖြင့် မောသွားဟန်ရှိကာ စကားစကို ဖြတ်ထားလိုက်ပြီးနောက် အဝေးကို ငေးကြည့်နေတော့၏။ သူက သူမကို နှစ်သိမ့်ပေးဖို့ စကားလုံးရှာပေမယ့်လည်း စကားလုံးက ရှာမရ။

ဒီတော့ သူမလက်ကလေးတစ်ဖက်ကိုသာ ညင်သာစွာဆုပ်ကိုင်အားပေးနေလိုက်မိသည်။ ဒီတော့မှ ချို့ဆီက စကားသံဆက်ထွက်လာသည်။

“ချို့မိဘတွေကလည်း ဘယ်သူ့ကိုမှ လေကုန်ခံပြီး ရှင်းပြမနေခဲ့ဘူးလေ၊ ရှင်းပြရင်ရော သူတို့တွေက ယုံကြမှာတဲ့လား”

သူမက စိတ်မာပါတယ်ဟု တင်းခံနေသော်လည်း မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ရစ်သိုင်းလာကာ တစ်ဖက်ကိုလှည့်ပြီး မျက်ရည်တွေကို တို့သုတ်လိုက်သည်။ သူက သူမပခုံးလေးကို ညင်သာစွာ ဖေးဖက်ထားလိုက်ကာ သူမကို သူ့ပခုံးပေါ်မှာ ခေါင်းမှီထားလိုက်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမက တင်းခံနေခဲ့တာဖြစ်သည်။ အကြောင်းအရာတွေ ဘယ်လိုပဲရှိရှိ ပတ်ဝန်းကျင်မှာတော့ သူမဟာ အိမ်ထောင်ရေးဖောက်ပြန်ရာကနေ မွေးဖွားလာခဲ့သည့် မိန်းကလေးတစ်ယောက်လို့ပဲ မြင်နေကြတော့မှာ မဟုတ်ပါလား။ ဒီအတွက် မိန်းကလေးတစ်ယောက်အနေနဲ့ မရှက်ဘဲ ရှိပါ့မလား။ သူမ သိပ်ကိုရှက်ရှာမှာပေါ့၊ ဒါပေမဲ့ ဘာကိုမှ ဂရုမစိုက်ဘူးဆိုသည့် အချိုးဖြင့် ချိုးထားခဲ့ရတာ ဘယ်လောက်တောင် ပင်ပန်းရှာမလဲ။ ဘယ်လောက်တောင် ရင်ထဲမှာ ထိခိုက်နာကျင်နေခဲ့ပါမည်လဲ။

"ချိုရယ် ..."

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

"ဒါဆို ကသစ်ရဲ့ဘဝက တော်တော်သနားစရာ ကောင်းတာပဲ နော်၊ အပြင်မှာ ဘာမှမဖြစ်သလို နေနေပေမယ့် ရင်ထဲမှာတော့ ဘယ်လောက်တောင် နာကျင်ခံစားနေခဲ့ရမလဲကွာ"

သူ့ရဲ့စကားတွေ အဆုံးမှာ မြင့်ဦးက အထက်ပါစကားကို သက်ပြင်းရှည်ကြီး မှုတ်ထုတ်ပြီးနောက် ပြောလာခဲ့၏။ သူဆို မနေ့က ကသစ်အတွက် ခံစားရလွန်းသဖြင့် တစ်ညလုံး အိပ်လို့တောင် မပျော်ခဲ့ချေ။ စာကျက်လို့လည်း မရခဲ့။

"ဟုတ်တယ်၊ ငါ ကသစ်ကို အရမ်းသနားတာပဲကွာ၊ ပြီးတော့ ပိုပြီးတော့လည်း သံယောဇဉ် ဖြစ်မိတယ်၊ ပိုပြီးတော့လည်း ချစ် သွားမိတယ်"

မြင့်ဦးက သူ့ပခုံးကို အသာအယာဖြင့် သုံးလေးချက်ဆင့် ပုတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကသစ်ရဲ့ဘဝကို မင်း သိသွားပြီပဲကွာ၊ အရင်ထက်ပိုပြီးတော့ သူ့ကို နွေးထွေးပေးလိုက်ပေါ့၊ အချစ်ကြောင့် ဘဝနာခဲ့ရတာတွေ ရှိပေမယ့် တစ်ခါတစ်လေကျတော့ အချစ်ဆိုတာ ဘဝရဲ့ခွန်အား တစ်မျိုးလည်း ဖြစ်တတ်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ဘဝအကြောင်းကို သိပြီးနောက်ပိုင်းမှာ သူမနဲ့သူက ပိုပြီး နီးနီးကပ်ကပ် ရှိလာသလို ခံစားရလေသည်။ သူက အတန်းအား ချိန်များဆိုလျှင် သူမကျောင်းကို ရောက်အောင်သွားလေ့ရှိသလို သူမက လည်း စိတ်လိုလက်ရရှိချိန်များဆိုလျှင် ဆေးကျောင်းထဲသို့ ခခကျော်နဲ့ အတူ ရောက်လာတတ်လေသည်။

ဒီလိုနဲ့ တစ်နေ့မှာတော့ သူ ကျောင်းက ပြန်လာချိန်မှာ မေမေက ဧည့်ခန်းထဲမှာ စိတ်ရှုပ်သော မျက်နှာထားဖြင့် စောင့်နေတာ ကို တွေ့လိုက်ရလေသည်။

"သား ... ဒီကိုလာပါဦး၊ မေမေတို့ စကားပြောရအောင်"

သူက လွယ်အိတ်ကိုတောင် အခန်းထဲသို့ သွားမထားအား ဘဲ မေမေနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်မိသည်။ မေမေက သူ့ မျက်နှာကို စေ့စေ့ကြည့်လာရင်း ...

"ဘာပြောမလို့လဲမေမေ၊ ပြောလေ"

"မင်း ... ကသစ်ချိုနဲ့ ကြိုက်နေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ရင်ထဲမှာ ဒိန်းခနဲတောင် ဆောင့်ခုန်သွားရသည်။ မေမေ့ ပုံစံက တစ်ခုခုကို အတိအကျ သိထားပြီး ဖြစ်နေတဲ့ပုံ။

"မလိမ်နဲ့နော်၊ လိမ်လို့လည်း မရဘူး၊ ဒီမှာကြည့် ... မင်းအခန်း ထဲက ငါရှာတွေ့လာတာ"

ပြောကာ မေမေက စားပွဲပေါ်သို့ ဓာတ်ပုံအချို့ကို ပစ်တင် လိုက်သည်။ ပုံတွေက ပြီးခဲ့တဲ့ ဗယ်လင်တိုင်းနေ့တုန်းက သူနှင့်ကသစ် တို့ အမှတ်တရအနေနဲ့ အတူတွဲရိုက်ထားသည့် ပုံများဖြစ်သည်။ ဒါပေမဲ့ ဒီပုံတွေကို သူက အလွယ်တကူနဲ့ လူမြင်နိုင်သည့် နေရာမှာ ထားခဲ့တာ တော့ မဟုတ်ချေ။ သူ့အဝတ်ဗီရိုရဲ့အောက်ဆုံးမှာ ထည့်ဖွက်ထားခဲ့တာ ဖြစ်သည်။

မေမေက သူ့အဝတ်ဗီရိုကို လှန်လှောလို့သာ အခုလိုဖြစ် ရတာဖြစ်သည်။

"မေမေ ..."

သူက မေမေ့ကို တစ်ခုခုပြောမယ် ပြင်လိုက်စဉ်မှာပဲ မေမေ က သူ့ကို လက်ကာပြလာရင်းမှ သူပြောချင်တာကိုပဲ ပြောလာသည်။

"မေမေ ... မင်းကို ဘာပြောထားလဲ သား၊ အဲဒီကောင်မလေးနဲ့ ဒီလိုတွေ ဖြစ်မလာပါစေနဲ့လို့ ကြိုပြောထားတယ်လေ၊ မင်း မေမေ့စကားကို နားမထောင်ဘူး"

သူက မေမေ့မျက်လုံးတွေကို ရင်မဆိုင်ဝံ့စွာ ခေါင်းငုံ့လိုက် မိသည်။ နောက်တော့မှ ဘာပဲဖြစ်ဖြစ် ဝန်ခံလိုက်တော့မယ်လို့ ဆုံးဖြတ် လိုက်ကာ မေမေ့ကို ပြန်မော့ကြည့်လိုက်မိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို တကယ်ချစ်တာပါ မေမေ၊ သူကလည်း ကျွန်တော့်ကို ..."

သူ့စကားတောင် မဆုံးသေး။ မေမေက ဖြတ်အော်၏။ ဒါပေမဲ့ မေမေက အသံအကျယ်ကြီးနဲ့ အော်တာမျိုးတော့မဟုတ်။ ဗတ်ဝန်းကျင်ကြားမှာ စိုးဟန်ဖြင့် အသံခပ်အုပ်အုပ်လုပ်ကာ အော်ခြင်းသာ ဖြစ်သည်။

"တော်စမ်း သား၊ မေမေ မင်းကို သူနဲ့ သဘောမတူနိုင်ပါဘူးလို့ ဘယ်နှခါ ပြောရမလဲ၊ အိမ်ထောင်ရေး အရှုပ်အရှင်းတွေနဲ့ သူတို့ မိသားစုဘဝထဲမှာ သားကို မေမေက ဘယ်လိုထည့်ပေးလိုက်နိုင်မှာလဲ၊ သူတို့ကို ကြည့်နေတဲ့ မျက်လုံးတွေက သားအပေါ်ကိုပါ ရောက်လာမှာပေါ့၊ မင်း ... အဲဒီ မျက်လုံးတွေကို ရင်ဆိုင်ရဲလို့လား"

သူက ခေါင်းကို ယမ်းလိုက်ရင်း ...

"ကျွန်တော် အဲဒါတွေကို မကြောက်ဘူး မေမေ"

မေမေ့ မျက်ခုံးတွေက အလိုမကျ စိတ်အိုက်သလိုပုံစံမျိုးဖြင့် တွန့်ချိုးသွားကြသည်။

"စကားကို အလွယ်မပြောစမ်းပါနဲ့၊ အခုအချိန်မှာ မင်းကမွန်နေလို့ အဲဒါတွေကို လက်ခံနိုင်နေတာပါ၊ မင်း သွေးအေးသွားရင် အဲဒါတွေကို မင်း စိတ်ညစ်လာမှာ ..."

ပြောရင်း မေမေက စကားကို ခဏဖြတ်ထားလိုက်ပြီးနောက်မှ လေအေးအေးဖြင့် သူ့ကို ဖျောင်းဖျဖို့ ကြိုးစားလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မပြောတာကို နားထောင်စမ်းပါ သားရယ်၊ မေမေက ရှေ့ရေးကို ကြိုမြင်နေလို့ ပြောတာပါ၊ အဲဒီ ကောင်မလေးနဲ့ အဆက်ဖြတ်လိုက်စမ်းပါ သားရယ် ... နော် ..."

သူက သက်ပြင်းမောတစ်ခုကို ခပ်ကြမ်းကြမ်းပဲ မှုတ်ထုတ်ပစ်လိုက်မိသည်။

"မဟုတ်သေးဘူး မေမေ၊ သား ရှင်းပြဦးမယ်၊ သူတို့မိသားစုကို လူတွေက အထင်လွဲနေတာပါ၊ တကယ်တမ်း အဖြစ်မှန်က ..."

သူက လူတွေအထင်လွဲနေသည့် သူမတို့မိသားစုအကြောင်း အဖြစ်အမှန်ကို မေမေ သိအောင်ပြောပြဖို့ လုပ်သည်။ သို့ပေမယ့် မေမေက မင်း နပါသေးတယ် သားရယ် ဆိုသည့် အပြုံးမျိုးဖြင့် ပြုံးစိုက်ကြည့်လာရင်းမှ ...

"ဘာလဲ ... မင်းကောင်မလေး ပြောပြတဲ့ ဇာတ်လမ်းကို မင်းက မေမေ့ကို ပြန်ပြောပြဦးမလို့လား၊ ဟင်း ... မေမေ ရှေ့နေလုပ်လာတာ နှစ်ပေါင်းနှစ်ဆယ်ကျော်လာပြီ သား၊ မကောင်းတာလုပ်ထားတဲ့သူ မှန်သမျှ ဘယ်သူကမှ သူ မဟုတ်တာ လုပ်ထားပါတယ်လို့ ဝန်မခံဖူးဘူး"

သူ အတော်ကိုပဲ စိတ်တွေ မွန်းကျပ်သွားရသည်။ လူတွေက ဘာကြောင့်များ အဖြူကို အရောင်ဆိုးချင်ရတာပါလဲ။ စွန်းထင်းနေတာကိုသာ နှာခေါင်းရှုံ့ကြပြီး ဘာကြောင့် အဲဒီလို စွန်းထင်းသွားရတာလဲ ဆိုတာကိုကျတော့ ဘာဖြစ်လို့ မသိကျိုးကျွံပြုနေကြတာပါလဲ။

"မေမေ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး သား၊ အဲဒီတော့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



လိုရင်းပဲပြောမယ်၊ သာ ... သူနဲ့အဆက်ဖြတ်လိုက်ပါ၊ မေမေက ဒါ အေးအေးဆေးဆေး ပြောနေတာနော်၊ ဒါကိုမှ မင်းဘက်က ရှေ့ဆက်တိုးလာမယ်ဆိုရင်တော့ မေမေ့ဘက်က ကိုယ့်သားသမီး ဘဝ မဖြစ်သင့်တာ မဖြစ်ရအောင် လုပ်သင့်တာကို လုပ်ရမှာပဲ"

သူ မေမေ့ကို အလန့်တကြားပဲ ကြည့်လိုက်မိသည်။ မေမေကလည်း သူ့ကို တန်ပြန်ကြည့်နေ၏။ မေမေ့မျက်လုံးတွေထဲမှာ အရိပ်တချို့ကို တွေ့နေရလေသည်။ ဒါပေမဲ့ အဲဒီအရိပ်ကို သူ မဖမ်းတတ်။ မေမေ ရှေ့နေတစ်ယောက်ပီပီ လျှို့ဝှက်တတ်သူဖြစ်ပြီး လှည့်ကွက်တွေလည်း အများကြီးသုံးတတ်သူ ဖြစ်သောကြောင့် မေမေ့ရဲ့"လုပ်သင့်တာကို လုပ်ရမှာပဲ"ဆိုသည့် စကားကိုတော့ သူ ကြောက်ပါသည်။

ဒါပေမဲ့လည်း သူမကို အဆက်ဖြတ်လိုက်ဖို့ဆိုတာကတော့လည်း သူ့အတွက် ဘယ်လိုမှ မဖြစ်နိုင်သည့် ကိစ္စတစ်ခုပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

"ငါနဲ့ ကသစ်အကြောင်းကို ငါ့မိဘတွေ သိသွားတယ် မြင့်ဦး"

"အိုးမိုင်ဂါထ် ... မိုးမီးလောင်ပြီလား"

စိတ်ညစ်ရသည့်ကြားမှ မြင့်ဦး စကားပြောပုံကြောင့် ပြုံးရသေးသည်။ သူ့မိဘတွေက လူတစ်ယောက်ရဲ့တန်ဖိုးကို သူ့ရဲ့ပညာအရည်အချင်း၊ ငွေကြေးတွေနှင့် ဘယ်တော့မှ မဆုံးဖြတ်ဘဲ အဲဒီလူရဲ့ အကျင့်စရိုက်နှင့်သာ ဆုံးဖြတ်တတ်တာကို မြင့်ဦးလည်း သိထားသည် မဟုတ်ပါလား။

"ဟုတ်တယ်၊ ဖေဖေကတော့ ချီသည် ချသည် ဘာမှမပြောသေးဘူး၊ ဒါပေမဲ့ သူလည်း သိပ်တော့ သဘောမကျဘူး ထင်တယ်"

"မင်း ကသစ်ကိုရော ပြောပြလိုက်ပြီလား"

"မပြောရသေးဘူး၊ ငါ ဘယ်ကစပြောရမှန်းကို မသိဘူးကွာ"

"အင်း ... ဒါတော့ ဟုတ်တယ်၊ သူသိရင်လည်း တော်တော်စိတ်မကောင်းဖြစ်သွားမှာ"

ကသစ်မျက်နှာက အာရုံမှာ ပေါ်လာ၏။ ရင်မောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ရယ်။ ဒါပေမဲ့ စိတ်ချပါ။ ဘယ်လိုအတားအဆီးတွေပဲရှိရှိ ကိုယ် ကသစ်ကို လက်တွဲမဖြုတ်ပါဘူး။

"ငါ ကသစ်ကို လုံးဝအဆုံးအရှုံး မခံနိုင်ဘူးကွာ၊ ဘာတွေပဲဖြစ်ဖြစ် ငါ ကသစ်ကိုပဲ လက်ထပ်မှာ၊ မိဘတွေ သဘောမတူရင် လည်းနေကွာ"

သူက ဖြစ်ချင်ရာဖြစ် ဇွတ်တရွတ် လုပ်ချင်စိတ်တွေတောင် ပေါက်လာ၏။

"အင်း ... မင်းက ကသစ်တို့မိသားစုအကြောင်း မင်းမိဘတွေကို မပြောပြလိုက်ဘူးလား"

"ပြောဖို့ လုပ်ပါသေးတယ်၊ ဒါပေမဲ့ မေမေက ဘယ်လိုမှ စကားအစမခံဘူး၊ ဖေဖေကတစ်ဆင့်တော့ ပြောပြကြည့်ရမယ်၊ ဒါပေမဲ့ ဖေဖေကလည်း အခုတလော အမှုကိစ္စတွေနဲ့ အိမ်မှာသိပ်မရှိဘူး၊ ပြန်လာရင်လည်း သူ့အလုပ်ကိစ္စတွေကို တွေးတောနေတာဆိုတော့ ငါက အခြေအနေကို ကြည့်နေရတယ်"

"အင်း ... ပြဿနာပဲ၊ ဒါနဲ့ မင်းအမေကတော့ ကသစ်မိဘတွေဆီကိုသွားပြီး ပွဲမကြမ်းလောက်ပါဘူးနော်"

မြင့်ဦးက တစ်ခုခုကို တွေးကြည့်ကာ ပြောလာ၏။ ဒါပေမဲ့ အဲဒီလိုကတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ချေ။ ဘာဖြစ်လို့လဲဆိုတော့ မေမေက ဂုဏ်သိက္ခာတစ်လုံးနဲ့ နေထိုင်တတ်တဲ့သူမျိုး ဖြစ်နေလို့ ပင်ဖြစ်သည်။

"မလုပ်ဘူး၊ မေမေ့အကြောင်းကို ငါ ကောင်းကောင်းသိတယ်


www.burmeseclassic.com

www.burmeseclassic.com



မေမေက ကိစ္စတစ်ခုကို ဘယ်တော့မှ ကမူးရှူးထိုး မလုပ်ဘူး ရှေ့နေပီပီ သူ့စိတ်ထဲမှာ သေသေချာချာ စနစ်တကျ အကွက်ချ ပြီးတော့မှ လုပ်တာ၊ ဒါပေမဲ့ ငါ့ကိုတော့ သတိပေးစကားတစ်ခု ပြောလိုက်တယ်၊ ရှေ့ဆက်တိုးရင် သူကလည်း လုပ်သင့်တာကို လုပ်မှာပဲတဲ့၊ အဲဒီစကားကိုတော့ ငါ ကြောက်တယ်"

"မင်းအမေက ဘာလုပ်မယ်လို့ ထင်လဲ"

"မသိဘူး၊ မေမေ့စိတ်ကို ငါ မခန့်မှန်းတတ်ဘူး"

"*ရှုပ်ပါတယ်ကွာ၊ မင်း ကသစ်ကို ချစ်တယ် မဟုတ်လား၊ အခြေ*အနေ မကောင်းရင် ခိုးသာပြေး၊ မိဘတွေ စိတ်ဆိုးလည်း ခဏ ပေါ့၊ ဘယ်မိဘမှ ကိုယ့်သားသမီးကို ကြာကြာပစ်မထားပါဘူး စိတ်ပြေသွားတဲ့အခါမှာ အကျိုးအကြောင်းကို ရှင်းပြလိုက်ပေါ့ ပြီးတော့ မင်းမိဘတွေကလည်း ကသစ်ရဲ့စိတ်ကို ကောင်းကောင်း မသိသေးလို့ပါ၊ နောက်တော့လည်း နားလည်သွားမှာပါကွာ"

ခိုးပြေးကွာဆိုသည့် မြင့်ဦး၏စကားက သူ့နားထဲမှာ ပဲ့တင်ထပ်သွားသည်။ ဟုတ်တယ်။ ဘယ်လိုမှ အခြေအနေ မပေးရင်တော့ ဒါဟာ နောက်ဆုံးကျည်ဆံဖြစ်ဖို့ များသည်။

၈

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

"မောင်တို့အကြောင်းကို မောင့်မိဘတွေ သိသွားတယ် ချို...၊ ဗယ်လင်တိုင်းနေ့တုန်းက မောင်တို့ ရိုက်ထားတဲ့ ပုံတွေကို မေမေ တွေ့သွားတာ"

"ဟုတ်လား၊ သဘောမတူဘူးလို့ ပြောလိုက်တယ်မှလား မောင်"

သူမ စကားကြောင့် သူက သူမကို အလန့်တကြား ကြည့်လိုက်မိသည်။ ချိုက အားလုံးကို ကြိုတင် တွေးတောထားမိဟန်ရှိ၏။ ရင်ထဲမှာ စိတ်မကောင်းဖြစ်ရသလို ချို့အပေါ်လည်း အားနာသွားရသည်။

"ချို"

"စိတ်မပူပါနဲ့ မောင်ရဲ့၊ ချိုက ကြိုတွေးကြည့်ထားပြီးသားပါ။ ဘယ်မိဘပဲဖြစ်ဖြစ် ချို့လို မိန်းကလေးနဲ့ သူတို့သားကို ဘယ် သဘောတူပါ့မလဲ၊ ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံရရင် မျှော်တော့ မျှော်လင့်ခဲ့မိတယ် မောင်"

သူက ချို့လက်ကလေးကို ကြင်နာစွာ ဆွဲယူဆုပ်ကိုင်ထား လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုရယ်… မောင့်မိဘတွေက ချိုတို့မိသားစုအကြောင်းကို သေချာ မသိသေးလို့ပါ ချိုရယ်၊ သေချာ ရှင်းပြလိုက်ရင် သူတို့တွေ နား လည်သွားမှာပါ၊ စိတ်မကောင်း မဖြစ်နဲ့နော် ချို၊ ဘာတွေ ဘယ် လိုပဲဖြစ်ဖြစ် ချို့ဘက်မှာ မောင် ရှိနေမှာပါ"

သူမက ဘာမှထပ်မပြော အဝေးကိုသာ ငေးကြည့်နေ၏။ ပြီးတော့ တစ်ခုခုကို တွေးတောနေဟန် ရှိလေသည်။ ပါးစပ်ကထုတ်ပြောပေမယ့် သူမ တော်တော်လေးတော့ စိတ်မကောင်း ဖြစ်သွားမှာ အမှန်ပါပင်။

"တကယ်တမ်းကျတော့ မောင့်ကို ချို မချစ်ခဲ့မိသင့်ဘူး သိလား၊ ဒါပေမဲ့ ချို့နှလုံးသားကို ချို မလွန်ဆန်နိုင်ခဲ့ဘူး၊ နှလုံးသားက တော်တော်ခေါင်းမာခဲ့တယ်လေ"

သူက သူမကို ပခုံးတစ်ဖက်ကနေ ဆွဲယူလိုက်ကာ ပခုံးပေါ် မှာ ခေါင်းမှီထားစေလိုက်သည်။ သူမကလည်း အလိုက်သင့် မှီနွဲ့လာ၏။

"မဟုတ်တာ ချိုရယ်၊ ချိုနဲ့ မောင်တို့ရဲ့ အချစ်က စစ်တာပဲ၊ အချစ်စစ်ရင် အခက်အခဲဆိုတာကို ကျော်လွှားနိုင်မှာပါ၊ မောင့်ကို ယုံပါ ချိုရယ်၊ မောင် … ချို့ကို ဘယ်တော့မှ လက်တွဲမဖြုတ်ပါ ဘူး"

သူမဆီက သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသလိုရှိ၏။ နှစ်ယောက်သား အတွေးကိုယ်စီဖြင့် ခဏမျှ စကားသံတွေ တိတ်ဆိတ် သွားကြပြီးတော့မှ …

"ချို … မောင့်ကို တစ်ခုမေးမယ်နော်၊ မောင့်မိဘတွေက ချိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ဘယ်လိုနည်းနဲ့မှ သဘောမတူနိုင်ပါဘူးဆိုရင် မောင် ဘာလုပ်မလဲ"

သူမရဲ့မေးခွန်းက သူ့စိတ်ကို စမ်းလိုက်ဟန်ဖြင့် မေးလာပုံမျိုးပင်ဖြစ်သည်။ သူက သူမကို ပခုံးပေါ်မှ ခွာစေလိုက်ကာ ပခုံးနှစ်ဖက်မှ မျက်နှာချင်းဆိုင်သွားသည်အထိ လှည့်စေလိုက်ပြီးနောက်မှ သူမမျက်နှာကို စေ့စေ့ကြည့်လိုက်ကာ ...

"မောင် ... ချို့ကို ခိုးပြေးမယ် ချို၊ မောင့်ဘဝမှာ ချိုမရှိလို့မဖြစ်ဘူး"

ဟု ဆိုလိုက်မိသည်။ သူ့စကားအဆုံး သူမက ပြုံးလိုက်သည်။ နောက်တော့ သူ့ပခုံးပေါ်ကို ပြန်လည်မှီတွယ်လာရင်းက —

"ကျေးဇူးတင်ပါတယ် မောင်၊ မောင့်ဆီက ဒီလိုစကားမျိုး ကြားရတာ ချို ဝမ်းသာပါတယ်။ ချိုနဲ့မောင် ဝေးခဲ့ရတယ် ဆိုရင်တောင် မောင့်ရဲ့အချစ်စစ်တွေကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့အတွက် ချို ... နာကျင်ပျော်ပါတယ်"

သူမစကားက သူ့ရင်တစ်ခုလုံးကို နာကျင်အောင့်မျက်သွားစေ၏။ နှစ်ယောက်စလုံးရဲ့အချစ်က စစ်မှန်ပါလျက်နဲ့ ဘာကြောင့်များ ကံကြမ္မာက မျက်နှာသာ မပေးရတာပါလဲ။

"မဟုတ်တာပဲ ချိုရယ်၊ မောင်တို့တွေ ဘယ်တော့မှ မဝေးရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

တချို့ အမှန်တရားတွေဟာ
ထုတ်ဖော်ပြောခွင့်မရတဲ့အခါ
တစ်သက်လုံး အမှားတွေအဖြစ်နဲ့ပဲ
နေဝင်သွားတတ်ကြတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

ကျောင်းမှာ ပွဲတစ်ပွဲရှိသဖြင့် သူက ကျောင်းမသွားသည့် နေ့မှာတော့ ဖေဖေကလည်း အိမ်မှာရှိနေခဲ့လေသည်။ မေမေကတော့ အမှုတစ်ခု ရုံးချိန်းရှိတာမို့ အိမ်မှာရှိမနေခဲ့။

ဧည့်ခန်းထဲမှာထိုင်ကာ စာဖတ်နေသည့် ဖေဖေ့ရှေ့မှာ ဝင်ထိုင်လိုက်ရင်း အရိပ်အခြေကို ကြည့်လိုက်ပြီးနောက် သူက စကားစ လိုက်သည်။

"ဖေဖေ ... သား ဖေဖေ့ကို ပြောစရာရှိတယ်"

ဖေဖေက စာအုပ်ဆီကနေ အကြည့်ကိုခွာကာ စာအုပ်ကို ကျော်ပြီး သူ့ကို ကြည့်လာ၏။ နောက်တော့ စာအုပ်ကို ပိတ်လိုက်ကာ စားပွဲပေါ် တင်လိုက်ပြီးနောက် ...

"ကသစ်ချို့ အကြောင်းလား သား"

ဟု ဆိုလာ၏။ သူက ခေါင်းကိုယမ်းလိုက်ကာ –

"သူ့မိဘတွေအကြောင်း ဆိုရင်တော့ ပိုမှန်ပါလိမ့်မယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ပြုံးသည်။ တရားသူကြီးတစ်ယောက်က အမှုကိစ္စတစ်ခုကို စတင်စစ်ဆေးသည့်အခါမှာ တွေ့ရလေ့ရှိသည့် အပြုံးမျိုးဟု သူ ထင်ပါသည်။ ကျေးဇူးပြုပြီးတော့ သားတို့ကိုတော့ တစ်ချက်လွှတ်အမိန့်မချပါနဲ့ ဖေဖေ။ သားတို့ နှလုံးသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါ။

"ကောင်းပြီလေ၊ ဖေဖေ နားထောင်ကြည့်တာပေါ့"

ဖေဖေက စာကြည့်မျက်မှန်ကို ချွတ်လိုက်ကာ သူ့ကိုစေ့စေ့ကြည့်လာ၏။ ဖေဖေက မေမေ့လို မာန်ကြီးသူတော့မဟုတ်။ နှစ်ဦးနှစ်ဖက်မျှမျှတတ တွေးတောပေးတတ်ကာ တစ်ဖက်လူရဲ့ ရင်ထဲကိုလည်း ဝင်ရောက်ခံစားပေးတတ်သူမျိုး ဖြစ်ပါသည်။

"ကသစ်တို့ မိသားစုက ဖြူစင်ကြပါတယ် ဖေဖေ၊ ပတ်ဝန်းကျင်က ထင်နေကြသလို မဟုတ်ကြပါဘူး၊ ကံကြမ္မာက မျက်နှာသာမပေးလို့သာ အခုလို ဖြစ်နေကြတာပါ ဖေဖေ၊ သား ပြောပြပါ့မယ်၊ ကသစ်တို့ မိသားစုအကြောင်းက ဒီလိုပါ ဖေဖေ ..."

သူက ကသစ်တို့ မိသားစုအကြောင်းကို ဖေဖေ့အား သူသိသမျှ မချွင်းမချန် အကုန်ပြောပြလိုက်သည်။ ဖေဖေက ခေါင်းတညိတ်ညိတ်ဖြင့် သူပြောသမျှကို စိတ်ဝင်တစား လိုက်နားထောင်နေခဲ့၏။

"အဲဒါပါပဲ ဖေဖေ ... တကယ်တမ်းကျတော့ ကသစ်တို့မိသားစုကို လူတွေက အထင်လွဲနေကြတာပါ"

ဖေဖေက ခေါင်းညိတ်သည်။ ဒါပေမဲ့ ချက်ချင်းတော့ ဘာမှမပြောသေး။ ခဏကြာတော့မှ သူ့ကို နားလည်သလို ကြည့်လာရင်းမှ —



www.burmeseclassic.com

www.burmeseclassic.com



"သားပြောသမျှကို ဖေဖေ ယုံပါတယ်၊ ဒါပေမဲ့ ဖေဖေ ပြောတာကို သား သေသေချာချာ နားထောင်နော်၊ သားမစဉ်းစားမိတာတွေကို ဖေဖေ ပြောပြမယ်"

ဟု ဆိုကာ နောက်ဆက်ပြောမည့် စကားတို့ကို ပိုမိုလေးနက်သွားစေလိုဟန်ဖြင့် စကားစကို ခဏဖြတ်ထားလိုက်သေးသည်။ ပြီးမှ စကားကို ပြန်စသည်။

"လူဆိုတာက တစ်ယောက်တည်း ရပ်တည်လို့ မရဘူး သားရဲ့၊ ပတ်ဝန်းကျင်နဲ့ နေထိုင်ရတာ၊ အဲဒါကြောင့် လူတစ်ယောက် မကောင်းဘူး၊ ကောင်းတယ် ဆိုတာကိုလည်း ပတ်ဝန်းကျင်ကပဲ သတ်မှတ်ပေးတာ၊ တစ်ခါတစ်ရံမှာ ကိုယ်က ဘယ်လောက်ပဲ မှန်ကန်နေပါတယ်ဆိုဆို ပတ်ဝန်းကျင်က အမြင်မရှင်းရင် အဲဒီ အမှန်တရားက ဘာမှလုပ်လို့ မရဘူး၊ အခု သားပြောတဲ့ ကသစ်ချို့ တို့မိသားစုအကြောင်းကိုပဲ ကြည့်လေ၊ သူတို့ မှန်နေပေမယ့် ပတ်ဝန်းကျင်က သတ်မှတ်ပေးထားတာက သူတို့မိသားစုမှာ အမည်းစက်ရှိတယ် ဆိုတာပဲ၊ ဖေဖေတို့မိသားစုနဲ့ သူတို့မိသားစုနဲ့ပဲ သိတဲ့ အမှန်တရားတစ်ခုကို လောကကြီးက မသိဘူးလေ၊ ဒီတော့ အဲဒီအမည်းစက်ကလည်း ဘယ်တော့မှ ပြန်ဖြူလာမှာ မဟုတ်ဘူး၊ တစ်အိမ်တက် တစ်အိမ်ဆင်းလည်း ရှင်းပြဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဖေဖေ ပြောတာကို နားလည်လား သား၊ တချို့ အမှန်တရားတွေဟာ ထုတ်ဖော်ပြောလို့ မရတဲ့အခါ အမှားတွေ အဖြစ်နဲ့ပဲ တစ်သက်လုံး ရှိသွားတတ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက စကားစကို ဖြတ်လိုက်ပြန်ကာ သူ့ကို သေသေ ချာချာ စိုက်ကြည့်လာ၏။

"ဆိုကြပါစို့၊ ဖေဖေတို့က သူတို့မိသားစုကို ကြည်ကြည်ဖြူဖြူနဲ့ သားနဲ့ ကသစ်ချိုကို သဘောတူပေးလိုက်တယ်ပဲ ထားဦး၊ ဖေဖေ တို့ပဲသိတဲ့ အမှန်တရားကို ပတ်ဝန်းကျင်က မသိဘူးလေ၊ သား လည်း အားလုံးကို အဖြစ်မှန်ကဒီလိုပါလို့ ရှင်းမပြနိုင်ဘူး၊ ဒီတော့ သားကိုလည်း သူတို့ကိုထိုးနေတဲ့ လက်ညှိုးတွေက ရောထိုးလာမှာပဲ၊ ဒါတွေကို သား ကြာကြာခံနိုင်ရည်ရှိပါ့မလား"

"သား ဂရုမစိုက်ဘူး ဖေဖေ ..."

ဖေဖေနဲ့ သူ မျက်လုံးချင်း ဆုံသွားကြသည်။ တရားသူကြီး တစ်ယောက်ဖြစ်သည့် ဖေဖေက အမှန်တရားဆိုတာကို ဘာကြောင့်များ ပတ်ဝန်းကျင်ရဲ့ အမြင်အောက်မှာ အမှားအဖြစ် ဆက်ရှိနေစေချင်ရတာလဲ။

"ဒီလိုအချိန်မှာ သား ဒီလိုပဲ ဖြေမယ်ဆိုတာ ဖေဖေ ခန့်မှန်းနိုင် ပါတယ်၊ ဒါပေမဲ့ သား ငယ်သေးတယ်သား၊ သိပ်ကို ငယ်သေး တယ်လို့ ဖေဖေ ထင်တယ်၊ ဖေဖေတို့ကတော့ သားကို အဲဒီ မိသားစုထဲ မဝင်စေချင်တာ အမှန်ပဲ၊ ဖေဖေနဲ့ မေမေရဲ့ ခံစားချက် တွေကို သား အခုတော့ သိချင်မှ သိသေးလိမ့်မယ်၊ သားကြီးလာ တဲ့အခါကျရင်တော့ ဖေဖေတို့ကို နားလည်သွားပါလိမ့်မယ်၊ အခု လောလောဆယ်မှာတော့ သားအတွေးက သိပ်ကိုနုသေးတယ်လို့ပဲ ဖေဖေ ပြောချင်တယ်"

ဒါဆို သားက ကသစ်ကို လက်လျှော့လိုက်ရမှာလား



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ။ မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး ဖေဖေ။ သူတို့မိသားစုကို ဘယ်သူပဲ လက်ညှိုးထိုးထိုး သား ဂရုမစိုက်ဘူး။ ဘယ်သူမယုံမယုံ သူတို့မိသားစုရဲ့ ဖြူစင်မှုကို သား ယုံတယ်။ သားက ကသစ်ကိုချစ်တာ ဖေဖေရဲ့။ အချစ်မှာ အဲဒါတွေ လိုလို့လား။ ပတ်ဝန်းကျင်က သတ်မှတ်ပေးထားတာနဲ့ပဲ သူတို့မှာ လူသားအခွင့်အရေး မရှိရတော့ဘူးလား၊ မချစ်ရတော့ဘူးလား။

ခွင့်လွှတ်ပါ ဖေဖေ။ သားကတော့ အချစ်ကိုပဲ ကိုးကွယ်ချင်ပါတယ်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"သားကို မေမေတို့မိတ်ဆွေတစ်ယောက်ရဲ့သမီးနဲ့ စေ့စပ်ထားဖို့ မေမေတို့ စီစဉ်ထားတယ်-သား၊ အဲဒါ သားတို့ လူငယ်ချင်းတွေ့ ကြည့်ပါ"

မေမေ့စကားကြောင့် သူ့နားထဲမှာ ဗုံးအလုံးပေါင်းများစွာ ပေါက်ကွဲသွားသလို ခံစားလိုက်ရသည်။

"ဗျာ ... မေမေ"

ကိုယ့်နားကိုပင် မယုံနိုင်။

"မေမေ ဘာတွေ လျှောက်လုပ်နေတာလဲ၊ သားက ဘာဖြစ်လို့ စေ့စပ်ရမှာလဲ"

မေမေက စောစောကစကားကို စောစောက လေသံအတိုင်းပဲ ခပ်အေးအေးဖြင့်ပင် ပြန်ပြောပြလာပြန် တော့သည်။

"မဖြစ်သင့်တာ မဖြစ်ရအောင်လို့ပဲ သား၊ မင်းကို မေမေ ပြော



www.burmeseclassic.com

www.burmeseclassic.com



သားပဲ၊ ကသစ်ချို ဆိုတဲ့ ကောင်မလေးနဲ့ မပက်သက်ပါနဲ့လို့၊ ဒါပေမဲ့ မင်းက မေမေတို့စကားကို နားထောင်လို့လား"

မေမေက သူ့ကို လေသံအေးအေးဖြင့် ပြောနေတာ ဖြစ်သော်လည်း လေသံက ပြတ်သည်။ အေးစက်မာကျောလွန်းနေသည်။

သူက မေမေ့ကို တောင်းပန်သလို ကြည့်လိုက်ရင်းမှ ...

"သား ... သူ့ကို ချစ်တယ်လေ"

ဟု ဆိုလိုက်မိသည်။ မေမေက သူ့ကို မျက်ခုံးတွေ တွန့်ချိုးကာ စိတ်မရှည်သလို ကြည့်လာပြီးနောက် ...

"မေမေတို့မှ သဘောမတူတာ"

မေမေ့စကားအဆုံး ဖေဖေကလည်း ဝင်ပြောလာသည်။ ဖေဖေနှင့် မေမေက တိုင်ပင်ပြီးကြပုံပါပင်။

"ဟုတ်တယ် သား၊ ဖေဖေလည်း ကသစ်ချိုဆိုတဲ့ ကောင်မလေးနဲ့ သားကို သိပ်ပြီးသဘောမတူချင်ဘူး၊ အခု မင်းမေမေစီစဉ်ပေးတဲ့ ကောင်မလေးကို သား တွေ့ကြည့်ကြည့်ပါ၊ မျိုးရိုးရော။ စာရိတ္တပိုင်းမှာရော ဘာမှပြောစရာမရှိဘူး၊ ပြီးတော့ သူက သားလိုပဲ ဆေးကျောင်းတက်နေတာ၊ သားနဲ့တော့ ကျောင်းမတူဘူး၊ သူက ဆေး(၂)က"

"မဖြစ်နိုင်ဘူး ဖေဖေ၊ သား ကသစ်ချိုကလွဲပြီး ဘယ်မိန်းမကိုမှ မယူနိုင်ဘူး၊ သား သူ့ကိုပဲယူမယ်၊ သား သူ့ကိုပဲချစ်တယ်"

"ဝေဟင်မောင် ... မင်း ခေါင်းမမာချင်စမ်းပါနဲ့၊ မေမေတို့က မင်းကို ဖြစ်သင့်တာကို စီစဉ်ပေးနေတာ၊ ဘာဖြစ်လို့ မင်းမှားကိုပဲ လျှောက်ချင်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့လေသံက တိုးရာကနေ ကျယ်လာသည်။ ဖေဖေက မေမေ့ကို စိတ်ထိန်းဆိုသည့် သဘောဖြင့် ခေါင်းယမ်းပြ၏။ ဒီတော့မှ မေမေက စိတ်ကိုလျှော့ချလိုက်ဟန်ဖြင့် သက်ပြင်းကိုမှုတ်ထုတ်သည်။

"သားမှ မေမေတို့ ပြောတဲ့ကောင်မလေးကို မချစ်တာ၊ တစ်ခါမှ တောင် မမြင်ဘူးတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုလုပ် စေ့စပ်ရမှာလဲ"

"အဲဒါကြောင့် သွားတွေ့ကြည့်ပါလို့ ပြောနေတာလေ၊ မြင်ဖူးရင် မင်း သဘောကျသွားမှာပါ၊ ကသစ်ချိုထက်တောင် ဟိုကချောသေး တယ်၊ ပြီးတော့ အခုချက်ချင်း လက်ထပ်ပေးမှာလည်း မဟုတ် သေးဘူး၊ အခုက စေ့စပ်တာလောက်ပဲ လုပ်ထားပြီးတော့ မင်းတို့ တွေ ကျောင်းပြီးတော့မှ ပေးစားမှာ"

"အချစ်ဆိုတာ ချောတာနဲ့မှ မဆိုင်တာဗျာ၊ ပေါင်းရမှာက သားနဲ့ ပါ၊ သားချစ်တဲ့ မိန်းကလေးနဲ့ သားလက်ထပ်ချင်တယ်"

ပြောပြီး သူထထွက်လာခဲ့လိုက်သည်။ ဖေဖေနှင့် မေမေသာ ဧည့်ခန်းထဲမှာ မျက်နှာမသာမယာဖြင့် ကျန်နေခဲ့၏။ သူကတော့ ကသစ် ကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ပါ။ အချစ်ကိုပဲ အားရှိ သရွေ့ ဖက်တွယ်ရှင်သန်သွားမှာဖြစ်သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း ... ချို မလိုက်နိုင်ဘူး မောင်၊ ချို အဲဒီလို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"

သူ့ရဲ့တောင်းဆိုမှုကို သူမက ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်ကာ ခါးခါးသီးသီးပင် ငြင်းဆန်သည်။ သူက ချို့ကို နှစ်ယောက်သား ခိုးပြေးကြဖို့ ပြောမိတာဖြစ်သည်။ သူ့မိဘတွေက သူ့ကို တခြားမိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ပေးတော့မှာ။ ဒါကို ဒီအတိုင်း ငြိမ်နေရင် မေမေတို့ စီစဉ်တဲ့အတိုင်းပဲဖြစ်ပြီး သူနဲ့ ချိုနဲ့က ဝေးကြရတော့မှာ။

"ချို မောင့်ကို မချစ်ဘူးလား၊ မောင့်ကိုချစ်ရင် ချို စွန့်စားရဲရမှာပေါ့၊ မောင်တို့ နီးဖို့ နည်းလမ်းက ဒီတစ်နည်းပဲ ရှိတယ်"

"ချစ်တာပေါ့၊ ချို ... မောင့်ကို သိပ်ချစ်တာပေါ့ မောင်၊ ဒါပေမဲ့ ချစ်တာက ချစ်တာပဲ၊ မောင့်ကို ချစ်တဲ့အတွက် ချို အရာရာကို ရင်ဆိုင်ဖို့လည်း သတ္တိရှိတယ်၊ ဒါပေမဲ့ အဲဒီလို မလုပ်နိုင်ဘူး မောင်၊ ခိုးရာလိုက်ပြေးတဲ့ ဘဝမျိုးကို ချို ဘယ်တော့မှ လုပ်[illegible] နဂိုကမှ ပတ်ဝန်းကျင်က မေးငေါ့နေတဲ့ ဘဝပါဆို ပိုပြီး[illegible] ဖြစ်တော့မှာပေါ့၊ ပြီးတော့ အဲဒီလိုလုပ်တာကို ချို[illegible]

www.burmeseclassic.com



ကြိုက်မှာမဟုတ်ဘူး၊ ချို့မိဘတွေက ပတ်ဝန်းကျင်ရဲ့ ထုတ်ထောင်းမှုကို အများကြီး ခံခဲ့ရတာ၊ ချို့ကြောင့် အဲဒီလိုမျိုး နောက်ထပ်ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး”

သူမက ဆုံးဖြတ်ချက်ကို မပြင်နိုင်ဟန်ဖြင့် ပြတ်ပြတ်သားသား ပြောလာသည်။ သူနှင့် သူမ အကြားကြီးပဲ ကန်ရေပြင်ကို မျက်နှာမူနေမိကြ၏။ တစ်ယောက်နှင့်တစ်ယောက်လည်း ဘာစကားမှမပြောမိကြ။

ပြီးမှ သူက တိတ်ဆိတ်နေမှုကို မှန်းတီးလာကာ သူမဘက်ကို လှည့်ကြည့်လိုက်ရင်း ...

“ဒါဆို မောင်က မေမေတို့ စီစဉ်တာကို ဒီအတိုင်းပဲ ငြိမ်နေလိုက်ရမှာလား၊ ချို့က မောင်နဲ့ ဝေးနိုင်လို့လား၊ စဉ်းစားကြည့်ပါဦး ချို့ရယ်. မောင်တို့ နီးနိုင်ဖို့က ဒီလိုလုပ်မှပဲ ဖြစ်တော့မှာ”

သူကတော့ သူ့ဘက်ကို လုံးဝလှည့်ကြည့်မလာ။ ကန်ရေပြင်ကိုသာ ငေးမောကြည့်နေရင်းကနေ ပြန်ပြောလာသည်။

“ချို့မှ အဲဒီလို မလုပ်နိုင်တာ”

သူက ချို့အနားကို တိုးကပ်သွားလိုက်ကာ ချို့ပခုံးနှစ်ဖက်ကနေ ကိုင်ထားလိုက်ကာ မျက်နှာချင်းဆိုင်သွားစေရင်း ...

“ချို့ မောင့်ကို ချစ်တယ်ဆို၊ မောင့်ကိုချစ်ရင် ဘာမဆို ချို့လုပ်ရဲရမှာပေါ့၊ ပတ်ဝန်းကျင်ဆိုတာကလည်း ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပါ ချို့ရယ်”

သူမက သူ့စကားအဆုံး ပြုံးလိုက်သည်။ ဒါပေမဲ့ အဲဒီအပြုံးက နာကျင်သောအပြုံး။ ခံရခက်သော အပြုံးမျိုးဖြစ်သည်။

“ဟုတ်လား ... အဲဒါဆိုရင် ချို့တို့မိသားစု ရင်ဆိုင်ခဲ့ရတဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေက ချို့အသက်နဲ့တမျှ အခုထိ ဘာလို့ပျောက်ကွယ်မသွားသေး ရတာလဲ၊ ဘာဖြစ်လို့ လူတွေရဲ့ပါးစပ်က အဲဒီကိစ္စကိုပဲ မပြီးနိုင် မစီးနိုင် ပြောနေကြရသေးတာလဲ၊ မောင် ပြော ...”

ပြောကာ သူမက ခံစားချက်တွေ ပြင်းထန်ပေါက်ကွဲလာ ဟန်ဖြင့် သူ့လက်တွေကို ပုတ်ထုတ်ပစ်လိုက်သည်။ သူမကို သူ နားလည် ပါသည်။ နားလည်လွန်းလို့တောင် ခက်နေတာဖြစ်သည်။ ဒါပေမဲ့ သူတို့ နှစ်ယောက်နီးဖို့ဆိုတာက မိဘတွေကို ဆန့်ကျင်ပြီး သူတို့ဝေးရာကို ထွက်ပြေးဖို့သာ ရှိနေတာ မဟုတ်လား။

“ချို့ ပြောတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆို”

“ဟုတ်တယ် ... ဂရုမစိုက်ဘူး၊ ဒါပေမဲ့ အဲဒါက ချို့အတွက်ပဲ ချို့ ဂရုမစိုက်တာ၊ ချို့မိဘတွေအတွက်တော့ ချို့ ဂရုစိုက်ရမယ် မောင်၊ သူတို့ကို နောက်ထပ် မေးငေါ့လာမှာမျိုးတွေကို သူတို့ရဲ့ သမီးတစ်ယောက်အနေနဲ့ ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး”

“ဒါဆို မောင်က မောင့်မိဘတွေပေးစားတဲ့ ကောင်မလေးကိုပဲ ယူလိုက်ရတော့မှာလား၊ ဟုတ်လား ချို့”

သူ့စကားအဆုံး ချို့က သူကို ရှေ့တည့်တည့်ကနေ ဖက် တွယ်လာသည်။ သူကလည်း သူမကို နာကျင်စွာနှင့် ပြန်လည်ဖက်တွယ် ထားလိုက်မိ၏။

“အဖြေတစ်ခုတော့ ရှိမှာပဲ မောင်၊ ချို့တို့ စဉ်းစားကြည့်ကြသေး တာပေါ့”

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

"ကသစ် ... နင် သိပြီးပြီလား၊ ဝေဟင့်ကို သူ့အိမ်က သူတို့ သဘောတူတဲ့ ကောင်မလေးတစ်ယောက်နဲ့ စေ့စပ်ပေးတော့မှာတဲ့ နော်"

ခခက ဝေဟင့်အကြောင်းကို အခုမှ သိလာဟန်ဖြင့် သူမကို ပြောလာသည်။

"အင်း ... ငါ ဝေဟင်နဲ့ စကားပြောပြီးပါပြီ"

သူမက သိထားတာကို ပြောလိုက်တော့ ခခကျော်က တအံ့တဩ ဖြစ်သွားသည်။ ဒါကို သိထားတာကိုတောင် ခပ်အေးအေးပုံစံဖြင့် ပြောနေနိုင်သည့် သူမကို နားမလည်နိုင်ဟန်လည်းရှိသည်။ အပြင်မှာ အေးဆေးသက်သာ ဖြစ်နေပေမယ့် ရင်ထဲမှာ မီးတွေလောင်နေတာ သူတို့တွေမှ မမြင်နိုင်တာပဲလေ။

"ဟုတ်လား ... သူက ဘာပြောလဲ နင့်ကို"

"ငါ့ကို သူနဲ့လိုက်ခဲ့ဖို့ ပြောတယ်"

ခခကျော်ရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားတော့ ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုးမိုင်ဂါ့ထ် ... ခိုးရာလိုက်ဖို့ ပြောတာလား၊ နင် ဘာပြောလိုက်လဲ"

"ငါ ဘယ်တော့မှ အဲလိုလုပ်မှာ မဟုတ်ဘူး၊ သူ့မိဘတွေက ငါ့ကိုမှ သဘောမကျတာ၊ ခိုးရာလိုက်လို့ရော သူတို့က ကြည်ဖြူမှာတဲ့လား၊ သူတို့က မတတ်သာလို့ ကြည်ဖြူတယ် ဆိုရင်တောင် ငါ ဘယ်တော့မှ ခိုးရာမလိုက်ဘူး ခခ"

မေမေက ပြောဖူးသည်။ ဘယ်တော့မှ ဒုတိယမြောက် ဒေါ်ရွှေရည်ဝင်း မဖြစ်စေနဲ့ သမီးတဲ့။ ဟုတ်တယ်။ သူမ ဘယ်တော့မှ မေမေ့လို မဖြစ်စေရ။ ပြီးတော့ ခိုးရာလိုက်ပြေးတဲ့ ဘဝမျိုးကိုလည်း သူမ မရောက်ချင်။

"ဒါဆို နင်တို့ ဘာဆက်လုပ်ကြမှာလဲ"

"ငါသေချာ စဉ်းစားကြည့်ပြီးသွားပြီ ခခ၊ ဝေဟင့်မိဘတွေက ဝေဟင့်ကို မိန်းမပေးစားချင်တာ မဟုတ်ပါဘူး၊ ငါနဲ့ မဖြစ်စေချင်လို့ သူတို့က တခြားတစ်ယောက်ယောက်နဲ့ ပေးစားဖို့ လုပ်တာပါ"

ခခကျော်က သူမကို အားနာ စာနာသလို အကြည့်မျိုးဖြင့် ကြည့်လာသည်။ မလိုတော့ပါဘူးလေ။ ကိုယ့်ဘဝကိုယ် သိနေတဲ့ သူ တစ်ယောက်အတွက် ဘယ်လိုထိုးနှက်မှုကိုမှ ကြောက်စရာမလိုတော့ပါဘူး။

"ဒီတော့ နင်က ဘာလုပ်မလို့လဲ"

ခခကျော်ရဲ့ အမေးကို သူမက ခခကျော်နှင့် မျက်လုံးချင်း ဆုံကြည့်လိုက်ပြီးမှ တစ်လုံးချင်း ဖြေလိုက်မိသည်။

"ငါ ... သူ့မိဘတွေနဲ့ တွေ့ကြည့်မယ် ခခ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

သူက ဝေဟင့်မိဘတွေနှင့် တွေ့ခွင့်တောင်းထားတာ ဖြစ်သော်လည်း သူမနှင့်ချိန်းထားသည့်နေရာကိုတော့ ဝေဟင့်ဖခင် ပါမလာဘဲ မိခင်ဖြစ်သူ တစ်ယောက်တည်းသာ ရောက်လာလေသည်။

"အန်တီနဲ့ တွေ့ချင်တာ ဘာများပြောမလို့လဲ မသိဘူး"

"ကသစ် ... အန်တီနဲ့ အပေးအယူ တစ်ခုလောက်လုပ်ချင်လို့ပါ အန်တီ"

"အပေးအယူ ..."

မောင့်မိခင် အန်တီစန်းစန်းတင်က သူမစကားကို သံယောင်လိုက်ကာ ရေရွတ်ကြည့်နေ၏။ သူမက ခေါင်းညိတ်ပြလိုက်ရင်းမှ ...

"ဟုတ်ကဲ့ အန်တီ"

ဟု ဆိုလိုက်တော့ အန်တီစန်းစန်းတင်ရဲ့ မျက်ခုံးတွေက အပေါ်ကို ပင့်တက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအပေးအယူမျိုးလဲ၊ ပြောကြည့်ပါလား၊ အန်တီနားထောင်ကြည့်မယ်"

"အန်တီတို့က ကသစ်နဲ့ မောင် ... ဩော် ... ဝေဟင်၊ ဝေဟင်နဲ့ သဘောမတူနိုင်ဘူး မဟုတ်လား"

အန်တီစန်းစန်းတင်က မဖြေဘဲ သူမကိုသာ အသာကြည့်နေ၏။ ဖြေစရာတော့ မလိုဘူးလေ။ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတစ်မျိုးပဲ မဟုတ်ပါလား။

ဒီတော့ သူမကသာ ပြောချင်တာကို ဆက်ပြောရသည်။

"အဲဒီအတွက် ဝေဟင့်ကို ကောင်မလေးတစ်ယောက်နဲ့ စေ့စပ်ပေးဖို့ လုပ်နေတယ်လို့ ကသစ် သိရပါတယ်၊ အဲဒါကြောင့် ကသစ်က အန်တီနဲ့ အပေးအယူ လုပ်ချင်တာပါ"

သူမက စကားကို ဖြတ်လိုက်ပြီးတော့ နောက်ပြောမည့် စကားကို လေးနက်သွားစေဖို့အတွက် အန်တီစန်းစန်းတင်နှင့် မျက်လုံးချင်း ဆုံလိုက်သည်။ ပြီးတော့မှ ...

"ဝေဟင့်ကို စေ့စပ်ပေးဖို့ကိစ္စကို ဆက်မလုပ်ပါနဲ့လား အန်တီ"

ဟု ဆိုတော့ အန်တီစန်းစန်းတင့်ရဲ့ မျက်ခုံးတွေက နောက် တစ်ကြိမ် ပင့်တက်သွားကြပြန်သည်။

"အဲဒီအတွက် မောင့်အနားကနေ အဝေးဆုံးနေရာကို [illegible] ထွက်ခွာသွားပေးပါ့မယ်"

ပတ်ဝန်းကျင်က လိုအပ်တာထက် အများကြီး ပိုပြီး [illegible] ဆိတ်သွားသလိုပါပဲ။ အဲဒီလို တိတ်ဆိတ်နေတဲ့ အချိန်မှာပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



က ကွဲအက်သံတချို့ကို ဘယ်သူတွေ ကြားနိုင်မှာတဲ့လဲ။ လောကကြီး ရယ် ... တစ်ဆိတ်တော့ ကျုန်မအပေါ် ရက်စက်လွန်းရာ ကျမနေဘူးလား။

"ကသစ် တကယ်ပြောတာပါ အန်တီ၊ အန်တီတို့ရဲ့ အဓိကရည် ရွယ်ချက်က ဝေဟင့်ကို ကသစ်နဲ့ မဆုံစေချင်တာပဲ မဟုတ်လား၊ အဲဒီအတွက်နဲ့တော့ ဝေဟင့်ကို သူ မချစ်မနှစ်သက်တဲ့ မိန်းကလေး တစ်ယောက်နဲ့ မပေးစားပါနဲ့လား အန်တီရယ်၊ ကသစ် တောင်း ပန်ပါတယ် ..."

"အဝေးဆုံးကို ထွက်သွားပေးမယ် ဆိုတာက ဘယ်လိုမျိုးကိုပြော တာလဲ သမီး၊ အန်တီရှင်းအောင် ပြောပြပါလား"

သူမရဲ့စကားကို မယုံတာပဲလား၊ ဒါမှမဟုတ် သေချာစေ ဖို့ မေးတာလားတော့ မခန့်မှန်းမိသော်လည်း သူမ နာကျင်စွာ ပြုံးလိုက် မိ၏။ ဒါပေမဲ့ အပြုံးက ပီပီပြင်ပြင်တော့ မဟုတ်ခဲ့ပါ။ ခပ်ရေးရေးမျှ လောက်သာ ပေါ်ထွက်သွားခဲ့၏။

"ကသစ် အမေရိကားမှာ ကျောင်းသွားတက်မှာပါ၊ ကျောင်းပြီး ရင်လည်း မြန်မာနိုင်ငံကို ပြန်မလာတော့ပါဘူး၊ ဟိုမှာပဲ အလုပ် လုပ်ပြီး နေသွားမှာပါ အန်တီ၊ ကသစ် ကတိပေးပါတယ်၊ ဒီတစ် သက် ဝေဟင့်အနားမှာ ကသစ် ဘယ်တော့မှ ပြန်ပေါ်မလာပါဘူး"

သက်ပြင်းချသံ သဲ့သဲ့ကို သူမ ကြားလိုက်ရသည်။ ဒါပေမဲ့ အန်တီစန်းစန်းတင် ဘာအတွက် သက်ပြင်းချသလဲ ဆိုတာကိုတော့ သူမ မခန့်မှန်းတတ်ပါ။

"အန်တီ တစ်ခုလောက် မေးမယ်နော်၊ ကသစ် ... အန်တီ့ကိုမုန်း လား"



www.burmeseclassic.com

www.burmeseclassic.com



"မမုန်းပါဘူး အန်တီ၊ ဒါ မှန်သောစကားပါ၊ ကသစ်ဘက်က စဉ်းစားကြည့်ရင် မခံချင်စရာ ဆိုပေမယ့် အန်တီ့ဘက်ကို ကသစ် တွေးကြည့်ပေးနိုင်ပါတယ်၊ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်စေချင်သလို အကောင်းဆုံးတွေပဲ ပိုင်ဆိုင်စေချင်မှာပေါ့၊ ကသစ် တောင်းဆိုတာကို အန်တီလက်ခံ ပေးမယ် မဟုတ်လားဟင်"

"ဒီလို နားလည်ပေးတဲ့အတွက် ကသစ်ကို အန်တီ ကျေးဇူးတင်ပါ တယ်၊ အန်တီ မတရားခဲ့ဘူး ဆိုရင်တောင် ဒါဟာ သားကိုချစ် တဲ့ မိခင်တစ်ယောက်ရဲ့ အတ္တလို့ပဲ သတ်မှတ်ပေးပါ၊ သမီးအပေး အယူကို အန်တီ လက်ခံပါတယ်"

သူမ ပြုံးလိုက်မိသည်။ သိရဲ့လား မောင်။ ဒါတွေအားလုံး ဟာ မောင့်ကိုချစ်လို့ပါ။ မောင့်မေမေရဲ့ စကားကိုနင်းပြီး ပြောရမယ်ဆို ရင် အခုလိုလုပ်ရပ်ဟာ ကသစ် မှားခဲ့တယ် ဆိုရင်လည်း မောင့်ကိုချစ် လွန်းလို့ မှားခဲ့တဲ့ အမှားလို့ပဲ သတ်မှတ်ပေးပါနော် မောင်။ မောင့်ကို ကသစ် အရမ်းချစ်ပါတယ်။

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကသစ် ဒီတစ်ပတ်ထဲမှာပဲ ထွက် သွားနိုင်အောင် ကြိုးစားပေးပါ့မယ်၊ ကသစ်ကို သွားခွင့်ပြုပါဦး နော်"

"အဲဒီလောက်တောင် အန်တီ့သားကို ချစ်တာလားဟင် ကသစ်"

ထွက်သွားဖို့ ထရပ်လိုက်စဉ်မှာပဲ ထွက်ပေါ်လာသည့်

ခွန်းကြောင့် သူမ ပြုံးလိုက်မိသည်။ ဒါပေမယ့် အဲဒီမေးခွန်းကို

www.burmeseclassic.com



မဖြေချင်ပါ။ ကိုယ့်အချစ်ကို ပေါ်လွင်စေမယ့် စကားလုံးမျိုး မရှာတတ်လို့ပါပဲ။

"အန်တီ့မေးခွန်းကို ကသစ် မဖြေတော့ပါဘူး၊ ဘာလို့လဲဆိုတော့ ကသစ် ဖြေလိုက်ရင် ပေါ့သွားမှာစိုးလို့ပါ"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

ပစ္စုပ္ပန်

www.burmeseclassic.com

www.burmeseclassic.com

"နောက်တစ်ပတ်လောက်နေတော့ ကသစ်က နိုင်ငံခြားကို ထွက်သွားတော့တာပဲ၊ ခတို့ကိုရော၊ ဝေဟင်မောင့်ကိုရော၊ ဘယ်သူ့ကိုမှ မပြောဘဲ ထွက်သွားတာ၊ သိပ်မကြာပါဘူး။ နောက် သုံး,လေးလ လောက်လည်းနေရော ကသစ်တို့မိဘတွေပါ သူတို့နေတဲ့ ခြံတွေ၊ အိမ်တွေကို သော့ပိတ်ခဲ့ပြီးတော့ နိုင်ငံခြားကို ပြောင်းသွားကြတော့ တာပဲ"

ခခကျော်ရဲ့ စကားအရှည်ကြီးကို နားထောင်ရင်းက ကိုမြတ်အေး ခမျာ ကော်ဖီကိုတောင်မှ မသောက်ဖြစ်တော့ဘဲ ကော်ဖီခွက်ကြီးကို ဒီအတိုင်း ကိုင်ထားမိတာဖြစ်သည်။ လက်ထဲက ကော်ဖီခွက်ကလည်း တော်တော်တောင် အေးနေခဲ့ပြီ။

"ဒါဆို ကသစ်ချိုက တော်တော်သနားစရာ ကောင်းတာပဲနော်"

"ကသစ်တင် ဘယ်ကပါ့မလဲ၊ ဝေဟင်မောင်လည်း တော်တော် ခံစားခဲ့ရတာ၊ ကသစ်နဲ့ အဆက်အသွယ်ရဖို့ ကြိုးစားပေမယ့် ဘယ်လိုမှ ဆက်သွယ်လို့ မရဘူးလေ၊ သူတို့က တစ်ယောက်နဲ့ တစ်ယောက် တော်တော်ချစ်ကြတာ ကိုမြတ်ရဲ့၊ နှစ်ယောက်သားက ဝေးနေကြပေမယ့် ဘယ်သူမှ အသစ်မရှာကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခု ကသစ်ချို ပြန်လာတယ်ဆိုတော့ ဝေဟင်မောင်နဲ့ ပြန်တွေ့ရတော့မှာပေါ့"

"မဟုတ်ဘူး၊ သူတို့နှစ်ယောက် တွေ့မှာမဟုတ်ဘူး"

"ဟင် ... ဘယ်လိုကြီးလဲ"

"ကိုမြတ်ကို ခ,ပြောဖူးတယ်လေ၊ ခ,သူငယ်ချင်းတစ်ယောက် အသည်းကင်ဆာဖြစ်လို့ အသည်းအလှူရှင် လိုနေတယ်ဆိုတာ"

"အင်း ... မှတ်မိတယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီ အသည်းကင်ဆာ ဖြစ်နေတယ်ဆိုတဲ့ တစ်ယောက်က ဝေဟင်မောင်ပဲ"

"ဟင် ... ဆိုးလိုက်တာ"

"ဟုတ်တယ်၊ ဒါပေမဲ့ သူ့ကင်ဆာက နုသေးတယ်၊ အစားထိုး ကုသမယ်ဆိုရင် ပျောက်နိုင်တယ်၊ အဲဒါ ဝေဟင့် မိဘတွေရဲ့ အသည်းကလည်း ဝေဟင့်ကို ခွဲဝေပေးဖို့ အဆင်မပြေဘူး၊ အဲဒါနဲ့ အလှူရှင် ရှာနေတာလေ၊ တလောတုန်းကမှ ကသစ်နဲ့အဆက် အသွယ် ပြန်ရပြီးတော့ ဝေဟင်မောင့် အကြောင်းတွေကို ခဏပြော ပြလိုက်တာ၊ ကသစ်ခမျာ ငိုလိုက်တာ အရမ်းပဲ၊ အဲဒါနဲ့ သူက သူ့အသည်းတစ်ခြမ်းကို လှူမယ်ဆိုပြီးတော့ မြန်မာပြည်ကို ခဏ ပြန်လာတာ၊ လှူပြီးရင် သူကပြန်မှာ၊ လှူတာကလည်း အသည်း အလှူရှင်ဟာ ကသစ်ပါဆိုတာကို ဝေဟင်မောင် မသိဘူး၊ ဝေဟင် မောင် သိရင် ပိုခံစားရမှာစိုးလို့၊ ဒီကိစ္စကို သိတဲ့လူဆိုလို့ ဝေဟင့် အမေရယ်၊ မြင့်ဦးရယ်၊ ခရယ် ... ပြီးတော့ အခု ကိုမြတ်ပဲ"

အခုမှ ကိုမြတ်အေးက ဇာတ်ကြောင်းကို ဇာတ်ရည်လည်သွား

www.burmeseclassic.com



တော့သည်။ အသည်းပေးပြီးတော့ ချစ်တဲ့အချစ်အတွက် ကြက်သီးမွေးညှင်းများပင် ထသွားရလေသည်။

"သြော် … ဒီလိုလား။ အသည်းတစ်ခြမ်းပေးတာက ဟုတ်ပါပြီ။ ဝေဟင်မောင့် မိဘတွေတောင် အသည်းပေးလို့ မရတာ။ ကသစ်ချိုရဲ့ အသည်းကရော ဝေဟင်မောင်နဲ့ အဆင်ပြေမှာတဲ့လား"

"ပြေတယ်၊ ဝေဟင့်အမေဆီကနေ ဝေဟင့်ရဲ့ဆေးစစ်ချက်တွေကို ခ,က အင်တာနက်ကနေ ကသစ်ဆီ ပို့ပေးလိုက်တာလေ၊ ကသစ်က ဟိုမှာ အားလုံးစစ်ဆေးကြည့်ပြီးသွားပြီ၊ အားလုံး အဆင်ပြေတယ်တဲ့၊ ကသစ်အသည်းကို ပေးလို့ရတယ်၊ အဲဒါကြောင့် ကသစ်က ဒီကို တိတ်တဆိတ် ပြန်လာခဲ့တာ"

"စိတ်မကောင်းလိုက်တာ ခ,ရယ်၊ ကသစ်ချိုက တော်တော်အချစ်ကြီးတာပဲနော်"

ခခကျော်က ခင်ပွန်းဖြစ်သူ ကိုမြတ်အေးအား ခေါင်းညိတ်ပြလိုက်သည်။ နောက်တော့ စားပွဲပေါ်က မုန့်ပန်းကန်များကို အုပ်ဆောင်းတစ်ခုယူကာ အုပ်လိုက်ပြီးနောက် ကော်ဖီခွက်များကိုလည်း ဆေးဖို့အတွက် ဘေစင်မှာ သွားထားလိုက်သည်။ အဲဒီလိုတွေ လုပ်နေရင်းမှ တစ်ခုကိုလည်း သွားသတိရလိုက်သေးသည်။

ကသစ် ဟိုတယ်မှာ နေတာ အဆင်မှပြေရဲ့လား။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"မေမေတို့ အသည်းအလှူရှင်ရပြီ သား၊ ရှေ့တစ်ပတ်ထဲ ခွဲစိတ်မှု လုပ်ရလိမ့်မယ်"

မေမေ့စကားကြောင့် သူ့ရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခုန်သွားရသလို ဖေဖေ့မျက်နှာကလည်း ဝင်းပသွားရကာ ...

"မစန်း ... မင်း တကယ်ပြောနေတာလား"

ဟု မယုံနိုင်ဟန်ဖြင့် မေးလိုက်သည်။ မေမေက ပြုံးရွှင်တက်ကြွနေသော မျက်နှာဖြင့် ခေါင်းညိတ်လိုက်ရင်းမှ ...

"တကယ်ပြောတာပေါ့၊ ဒါမျိုးကိစ္စဆိုတာမျိုးက နောက်စရာလား"

"ဟူး ... တော်ပါသေးရဲ့၊ ဘုရားကယ်တာပဲ"

ဖေဖေက အခုမှ သူ့အတွက် စိတ်အေးသွားရဟန်ဖြင့် သက်ပြင်းမောကို ချလေသည်။ သူကတော့ အလှူရှင်ကိုသာ စိတ်ဝင်စားသွားတာဖြစ်သည်။ ကိုယ်ရင်ထဲက အသည်းတစ်ခြမ်းကို အခြားသူတစ်ယောက်အတွက် ရက်ရက်ရောရော ပေးမယ့်သူဟာ ဘယ်သူများပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



အသည်းဆိုတာမျိုးက ယုတ်လျော့သွားတတ်တာမျိုး မဟုတ်ဘဲ တစ်ခြမ်း လှီးထုတ်ပေးလိုက်လည်းပဲ သိပ်မကြာခင် လပိုင်းအတွင်းမှာပဲ တစ်ခုလုံး စာအဖြစ် ပြန်ပြည့်သွားတတ်တာဖြစ်သည်။ သို့သော်လည်းပဲ ကိုယ့် အသည်းတစ်ခြမ်းကို လှီးထုတ်ပေးလိုက်ရဖို့ဆိုတာက တော်တန်ရုံ သတ္တိ နှင့်တော့ မရချေ။ ပြီးတော့ သတ္တိရှိတယ်ထားဦး။ တစ်ဖက်လူအပေါ်မှာ ထားသည့် အဲဒီလူရဲ့ မေတ္တာစေတနာဟာ တော်တော့်ကိုပဲ ကြီးမားလို့ သာဖြစ်ပါသည်။ ထို့ကြောင့် သူက မိမိရဲ့ အသက်သခင် ကျေးဇူးရှင်ကို စိတ်ဝင်စားသွားရတာဖြစ်သည်။

"ဒါနဲ့ အသည်းအလှူရှင်က ဘယ်ကလဲ မေမေ၊ နာမည်က ဘယ် လိုခေါ်လဲ"

သူက စိတ်ဝင်တစားဖြင့် မျှော်လင့်တကြီး မေးလိုက်တာ ဖြစ်ပေမယ့် မေမေကတော့ ခေါင်းကိုသာ ယမ်းပြလာရင်းမှ ...

"သြော် ... အဲဒါတော့ မပြောဘူး သား၊ အလှူရှင်က ဘယ်သူ ဘယ်ဝါဆိုတာ မဖော်ပြချင်ဘူးတဲ့"

စိတ်ထဲမှာ အကြီးကြီးပဲ လစ်ဟာသွားသလို ခံစားလိုက်ရ သည်။ ဘယ်လိုများပါလိမ့်။

"ဗျာ ... ဘာလို့တဲ့လဲ"

"အဲဒါတော့ မေမေလည်း မပြောတတ်ဘူးလေ၊ ကာယကံရှင်မှပဲ သိတော့မှာပေါ့"

သူက အိမ်မှာပဲ ကြပ်မတ်ကုသနေခဲ့ရင်းက အသည်းအလှူ ရှင်ကို ရှာဖွေနေခဲ့တာဖြစ်သည်။ တကယ့် တကယ် အလှူရှင်ပေါ်လာ တော့ အလှူရှင်က ဘယ်သူဘယ်ဝါဆိုတာ မဖော်ပြလိုဘူး ဆိုလာသည့် အခါ အတော့်ကိုပဲ ရင်ထဲမှာ မကောင်းဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သားက သားရဲ့အသက်သခင် ကျေးဇူးရှင်ကို ဘယ်သူ ဘယ်ဝါဆိုတာတောင် သိခွင့်မရတော့ဘူးပေါ့"

မေမေက သူ့လက်တစ်ဖက်ကို အားပေးသလို ဆုပ်ကိုင် လာရင်းက ...

"ဒါကတော့ အလှူရှင်ကမှ မပြောပြချင်တာပဲ သားရယ်၊ မေမေ တို့က ဘာတတ်နိုင်မှာလဲ"

ဆိုလာ၏။

ဒီအချိန်မှာပဲ ဖေဖေက တစ်ခုခုကို တွေးတောမိသွားဟန် ဖြင့် ပြောလာသည်။

"ဒါနဲ့ အလှူရှင်ဘက်က ဘာတွေ တောင်းဆိုသေးလဲ မစန်း၊ ဟို... ပိုက်ဆံတွေ ဘာတွေများ တောင်းသေးလား"

ဟုတ်သားပဲ။ အလှူရှင်က ကိုယ်နှင့် သွေးမတော်သားမ စပ်တဲ့ လူတစ်ယောက်ကို အခုလို အသည်းတစ်ခြမ်း လှူတယ်ဆိုတော့ တစ်ခုခုတော့ တောင်းဆိုမှု ရှိနေနိုင်တာပဲ မဟုတ်လား။ တချို့ရှိတယ် မှလား။ ပိုက်ဆံဆိုလို့ ကိုယ့်ဗိုက်ထဲက ကလီစာကို ထုတ်ရောင်းတာမျိုး။ ဘာပဲဖြစ်ဖြစ် အလှူရှင်ကို တစ်ခုခုတော့ သူက တောင်းဆိုစေချင်သည်။ ဒါမှသာ ဘယ်သူဘယ်ဝါဆိုတာ မသိရပေမယ့် တစ်ခုခုတော့ ကိုယ့်ဘက် က ကျေးဇူးတုံ့ပြန်လိုက်နိုင်မယ် မဟုတ်ပါလား။

သူက မျှော်လင့်တကြီးဖြင့် မေမေ့ကို ကြည့်လိုက်မိပေမယ့် မေမေ့ဆီက ထွက်လာတာကတော့ ...

"မတောင်းဘူး ကိုစိုး၊ အလှူရှင်က ကုသိုလ်ဖြစ်လှူတာ၊ ဘာ တောင်းဆိုမှုမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အတော်ထူးဆန်းတာပဲ"

ဖေဖေကလည်း တစ်ခုခုကို နားမလည်သလိုဖြင့် ငြိမ်သက်သွားသလို သူသည်လည်းပဲ စိတ်ထဲမှာ ဘာကိုမှန်းမသိ ထင်သလိုလိုကြီး ဖြစ်နေလေသည်။ မေမေကတော့ ဘာကိုမှ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားဟန်မရှိဘဲ အသည်းအလှူရှင်ရပြီ ဆိုတာနှင့်ကို မျက်နှာတစ်ခုလုံးက ဝင်းပနေလေတော့တာ ဖြစ်လေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံခုတင်ပေါ်မှာ လဲလျောင်းရင်း အတွေးနယ်ချဲ့နေမိ တုန်းမှာပဲ နာ့စ်မလေးတစ်ယောက် ဝင်လာကာ သူ့ကိုသွင်းထားသည့် ဆေးပုလင်းမှ ဒရစ်ပိုက်ကို တစ်ချက်စစ်သည်။ ပြီးနောက် သူ့ကို ဘယ် လိုနေလဲ၊ ဘာညာမေးကာ ပြန်ထွက်သွား၏။ အဲဒီလို ပြန်ထွက်သွားစဉ် မှာပဲ နာ့စ်မလေးရဲ့ခေါင်းမှာ ပန်ထားတဲ့ ခရေပန်းကုံးလေးကို တွေ့လိုက် ရသည့်အခါမှာတော့ စိတ်တွေက အတိတ်ဆီကို ပြန်ရောက်သွားရတော့ ၏။

ခရေပန်းတွေ ကြိုက်တတ်သည့် သူမ ...။ ချို ...။

သူ့ဘဝထဲကနေ ချို ထွက်ခွာသွားသည်မှာ လေးနှစ်တောင် ကျော်လာခဲ့ပြီဖြစ်သည်။ ထိုလေးနှစ်လုံးလုံး သူမဆီက ဘာအဆက်အသွယ် မှ မရခဲ့။ လုံးဝကိုပဲ လှည့်မကြည့်စတမ်း ပျောက်ကွယ်သွားခဲ့တာ ဖြစ် ပါသည်။

သူကတော့ ထိုလေးနှစ်လုံးလုံး သူမကို တစ်ရက်မှ ခမ့်မရ ခဲ့။ သူမကို သတိရတိုင်း သူမနှင့်အတူ ပန်းကောက်ခဲ့သည့် ခရေပင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ကို အရောက်သွားကာ သူမ၏အငွေ့အသက်တို့ကို ရှာဖွေတတ်ခဲ့သည်။ သူမကရော သူ့ကို သတိရနေပါရဲ့လား။

သူမလည်း သူ့ကို သေချာပေါက် သတိရနေလိမ့်မည်ဆိုတာ သူ ယုံကြည်ပါသည်။ မုန်းလို့ဝေးခဲ့ကြတာမှ မဟုတ်တာဘဲ။ ချစ်ရက်နဲ့ ဝေးခဲ့ကြရတာပဲ မဟုတ်လား။ တစ်နေ့မှာတော့ သေချာပေါက် ပြန်ဆုံရ လိမ့်မယ်လို့ သူ့စိတ်က မျှော်လင့်နေဆဲပင်ဖြစ်သည်။

ခဏအကြာမှာတော့ အခန်းထဲကို မြင့်ဦး ဝင်လာသည်။ မြင့်ဦး မျက်နှာက ပြုံးရွှင်နေကာ ...

"ဟော့ကောင် ... မင်း အသည်းအလှူရှင် ရပြီဆို"

"အင်း ... ရပြီ ပြောတယ်၊ ဗုဒ္ဓဟူးနေ့ ခွဲမယ်တဲ့"

မြင့်ဦးက ခုတင်စွန်းမှာ ဝင်ထိုင်လိုက်ကာ သူ့ကို အားပေး ပြုံးမျိုး ပြုံးပြလာရင်း ...

"တော်ပါသေးရဲ့ကွာ၊ ငါက မင်းအတွက် စိတ်ပူနေတာ၊ ငါလည်း လက်လှမ်းမီသလောက်တော့ အသည်းအလှူရှင်ရဖို့ လိုက်တာပဲ၊ ဒါပေမဲ့ ဘယ်လိုမှ မရဘူး"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းလည်း ငါ့အတွက်နဲ့ တော်တော် စိတ်ပင်ပန်းခဲ့မှာပဲ"

"မဟုတ်တာကွာ၊ မင်းနဲ့ ငါက သူငယ်ချင်းအရင်းခေါက်ခေါက် ကြီးတွေပါ၊ မင်းဖြစ်ရင် ငါဖြစ်သလိုပါပဲ"

မြင့်ဦး စကားကြောင့် သူ ပြုံးလိုက်မိသည်။ ညီအစ်ကို မောင်နှမ မရှိသည့် သူ့ဘဝမှာ မြင့်ဦးက ညီအစ်ကိုအရင်းလိုပါပဲ။

www.burmeseclassic.com



"ငါ တစ်ခုတော့ ဘဝင်မကျဘူးကွာ"

"ဘာကိုလဲ"

"အလှူရှင်လေ ..."

မြင့်ဦးက ခေါင်းညိတ်လိုက်ရင်းမှ ...

"ဘာလဲ၊ မျက်နှာမပြချင်တဲ့ကိစ္စလား"

"ဟုတ်တယ်၊ ဘာဖြစ်လို့ သူက လူသိမခံချင်ရတာလဲ၊ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲကွာ"

"ဩော် ... သူလည်း သူ့အကြောင်းနဲ့ သူရှိလို့ နေမှာပေါ့ကွာ၊ ရှည်ရှည်ဝေးဝေး တွေးမနေပါနဲ့၊ အရေးကြီးတာက မင်း အောင်အောင်မြင်မြင်နဲ့ ခွဲစိတ်ကုသမှု ခံယူနိုင်ပြီး ကျန်းမာလာဖို့ပဲ၊ ဒါမှ အလှူရှင်လည်း လှူရကျိုးနပ်မှာပေါ့၊ သူ့ခမျာ နိုင်ငံခြားကတောင် လာပြီးတော့ လှူရတာ"

မြင့်ဦးဆီက ရုတ်တရက် ထွက်လာသည့် ထင်မှတ်မထားသောစကားကြောင့် သူ့ရင်ထဲမှာ လှုပ်ခတ်သွားရသည်။ မြင့်ဦးကလည်း သတိမထားမိဘဲ ရုတ်တရက် ပြောလိုက်မိဟန်ဖြင့် မျက်နှာက ကွက်ခနဲ ပျက်သွားသည်ဟု သူ ထင်လိုက်မိလေသည်။ မြင့်ဦး တစ်ခုခုကိုများ သိထားသလား။

"ဟင် ... ဘယ်လို၊ နိုင်ငံခြားက ..."

ဟု ဆိုကာ သူက မြင့်ဦးကို စူးစမ်းသလို ကြည့်လိုက်မိပြီးနောက်မှ ...

"မြင့်ဦး ... မင်း တစ်ခုခုကို သိထားတယ်မှလား၊ ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိ ... မသိပါဘူးကွာ။ ငါ ... ငါသိတာလည်း ဒါပဲ၊ အလှူရှင်ဟာ နိုင်ငံခြားက လာပြီးတော့ လှူပေးတာတဲ့၊ အဲဒါလောက်ပဲ ငါလည်း ကြားမိတာ၊ ဒါတောင် မင်းကို ခွဲပေးမယ့် ဒေါက်တာကြီး ပြောနေတာကို နားစွန်နားဖျား ကြားလိုက်လို့ပါ"

မြင့်ဦး ပုံစံက တစ်ခုခုကို ဖုံးကွယ်ထားသည်ဟု သူ့ရင်ထဲမှာ ပိုမိုသေချာလာရလေလည်း။

"ဟုတ်လို့လား၊ မင်း ငါ့ကို တစ်ခုခု ဖုံးကွယ်ထားသလား မြင့်ဦးရာ၊ ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ"

"ငါက ဘာကို ဖုံးကွယ်ရမှာလဲကွာ၊ ငါသိတာ ဒါအကုန်ပဲ"

ပြောကာ မြင့်ဦးက သူနှင့် မျက်လုံးချင်း မဆုံရဲဟန်ဖြင့် အကြည့်ကိုလွှဲကာ အခန်းထဲကို မျက်စိဝေ့ကာ ကြည့်နေလေတော့သည်။

ဟုတ်တယ် ...။

မြင့်ဦး တစ်ခုခုကိုတော့ သိထားတာ သေချာပါတယ်။ အဲဒါက ဘာများဖြစ်မလဲ။ အလှူရှင် ... အလှူရှင်က ဘယ်သူများဖြစ်မလဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

သူ့ကိုမြင်ချင်လွန်းသဖြင့် သူအိပ်မည့်အချိန်ကို ဆေးရုံဝင်းထဲမှာ ထိုင်စောင့်နေပြီးမှ ရှေ့တော်ပြေးအဖြစ် မြင့်ဦးနှင့် ခခကျော်တို့ကို သူ့အခန်းထဲ ဝင်ကြည့်ခိုင်းကာ သူ အိပ်ပျော်နေတာ သေချာတော့မှ သူမက သူ့အခန်းထဲကို ဝင်လာခဲ့လိုက်လေသည်။ မောင့်မိဘတွေကတော့ မရှိချေ။ မြင့်ဦးက ဆေးရုံစောင့်ပေးမယ်ပြောကာ အိမ်မှာ ပြန်နားခိုင်းထားတာဖြစ်သည်။

ရှိနေလျှင်လည်း ပြဿနာတော့ မရှိပါချေ။ အသည်းအလှူရှင်ဟာ သူမ ဆိုတာ သူ့ဖေဖေသာ မသိသေးတာဖြစ်ပြီး သူ့မေမေကတော့ သိထားပြီးသား ဖြစ်လေသည်။

သူ့အခန်းထဲကို ခြေဖော့ဝင်လာကာ သူ့ခုတင်ဘေးနားမှာ တိတ်တဆိတ် မတ်တတ်ရပ်နေရင်းက သူ့မျက်နှာကို ခိုးငေးရလေသည်

သူက အနည်းငယ်တော့ ရုပ်ရင့်သွားသလိုရှိ၏။ ပြီးတော့ ရောဂါဝေဒနာကြောင့် ဖြစ်မည်ထင်သည်။ အတော်လေးလည်း ပိန်သွားရကာ မျက်နှာလေးက ချောင်ကျနေလေသည်။

---

www.burmeseclassic.com



သူ့ကိုကြည့်ကာ ရင်ထဲမှာ နင့်လာပြီးနောက် မျက်ရည်က အလိုလို စီးကျလာ၏။ ဒါပေမဲ့ သူမ အသံမထွက်ရဲ။ မတော်လို့ သူနိုးသွားရင် အခက်ပါလား။

လွမ်းလိုက်ရတာ မောင်ရယ်။ မောင့်ကိုပစ်ပစ်ခါခါလုပ်ပြီး ထားခဲ့တဲ့အတွက် ချို့ကို မောင် အရမ်းများ စိတ်နာခဲ့သလားဟင်။

ချို့ကို သတ္တိမရှိတဲ့ မိန်းမလို့ မောင် တွေးခဲ့ဖူးမှာပဲနော်။ မောင်ကြိုက်သလို ထင်နိုင်ပါတယ် မောင်ရယ်။ ချိုလည်း ဘယ်လုပ်ချင်ပါ့မလဲ။ ချိုမှ ဒီလိုမလုပ်ရင် မောင်က မောင်မချစ်မနှစ်သက်တဲ့ မိန်းမ တစ်ယောက်ကို လက်ထပ်ရတော့မှာလေ။ မောင့်မိဘတွေကမှ ချိုနဲ့သဘော မတူတာ။ အဲဒါကြောင့် သူတို့တွေ သဘောမတူမယ့် အတူတူဆိုပြီး မောင့်အတွက် အကောင်းဆုံးဖြစ်စေမယ့် နည်းလမ်းကို ချို စဉ်းစားပြီး လုပ်ခဲ့တာပါ မောင်ရယ်။

ချို မောင့်ကို အရမ်းချစ်ခဲ့ပါတယ်။ ချစ်လည်း ချစ်နေဆဲပါပဲ။ နောင်လည်း ချစ်နေဦးမှာပါပဲ။ မောင်ကလွဲပြီး ချို့အချစ်ကို ဘယ်သူ့အတွက်မှ ခွဲဝေမပေးပါဘူး မောင်။ ချို့အတွက် မောင်သာလျှင် တစ်ဘဝလုံးအတွက် တစ်ယောက်တည်းသော သူပါ။

သူမက လွမ်းခဲ့ရသော ရက်များအတွက် အကြာကြီးပဲ သူ့ကို ကြည့်နေမိသည်။ အဲဒီလို ကြည့်နေတုန်းမှာပဲ သူက လူးလွန့်လာ[illegible] မို့ အပြင်ကို ခပ်မြန်မြန်ပဲ ပြန်ထွက်လာခဲ့လိုက်ရလေသည်။ သူတော့ [illegible] တွေ့သွားလို့ မဖြစ်ဘူး မဟုတ်ပါလား။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

သူက အိပ်ပျော်နေရာကနေ နိုးလာစဉ်မှာ သူ့အခန်းထဲကနေ အပြင်ကို တစ်စုံတစ်ယောက် ထွက်သွားတာကို ရိပ်ခနဲ မြင်လိုက်ရလေသည်။ ဘယ်သူဆိုတာကိုတော့ သဲသဲကွဲကွဲ မသိလိုက်မိ။

မြင့်ဦးများလား။ ဒါမှမဟုတ် နှစ်မတစ်ယောက်ယောက်ပဲလား။

သူက တွေးမရတာကို ဆက်မတွေးတော့ဘဲ စောစောက သူ အိပ်ပျော်ရင်း မက်နေခဲ့တဲ့ အိပ်မက်ကို ပြန်စဉ်းစားကြည့်နေမိ၏။ ဒီအချိန်မှာပဲ အခန်းထဲကို မြင့်ဦး ဝင်လာလေသည်။

"နိုးနေပြီလား ..."

"အင်း ..."

"ဘယ်လိုနေလဲ၊ နေသာ ထိုင်သာ ရှိရဲ့လား"

"အဆင်ပြေပါတယ်၊ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ စောစောက ငါ အိပ်ပျော်သွားတော့ အိပ်မက်,မက်တယ်ကွ သိလား"

"ဟုတ်လား၊ ဘာအိပ်မက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကသစ်ကို အိပ်မက်,မက်တာ၊ ကသစ်က ငါ့ကို ဆေးရုံမှာလာကြည့်တယ်တဲ့၊ ငါအိပ်နေတာကို လာကြည့်ပြီးတော့ ငိုနေတယ်ကွာ"

"အင်း ... မင်း သူ့ကို သတိရပြီး စိတ်စွဲလို့ မက်တာနေမှာပါ၊ ဒါနဲ့ မင်း ဗိုက်ဆာနေမှာပေါ့၊ ငါ စွပ်ပြုတ်ထည့်ပေးမယ်လေ၊ သောက်မလား"

"မသောက်ချင်သေးပါဘူးကွာ"

"အင်း ... ဒါဆို ဆာရင် ငါ့ပြောနော်၊ ငါ ဆေးကောင်တာခဏ သွားလိုက်ဦးမယ်"

ထူးဆန်းသည်။ တကယ်ပဲ သူ စိတ်စွဲပြီးတော့ အိပ်မက်,မက်တာများလား။ အိပ်မက်ကတော့ တကယ်ဖြစ်နေသလိုကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားကြီးကိုပဲ မက်လိုက်တာဖြစ်သည်။

လွမ်းလိုက်တာ ချိုရယ် ...။



www.burmeseclassic.com

www.burmeseclassic.com

အော်ပရေးရှင်းဝင်သည့်နေ့

အော်ပရေးရှင်းခန်း၏ အပြင်မှာ ဝေဟင်မိဘတွေနှင့် မြင့်ဦး၊ ခခကျော်တို့က စိတ်ပူသော မျက်နှာများဖြင့် ဘုရားစာများကို ရွတ်ကာ စောင့်နေကြလေသည်။ ခခကျော်က မြင့်ဦး အနားသို့တိုးကပ်ကာ လေသံ ခပ်တိုးတိုး ဖြင့် မေး၏။

"နှစ်ယောက်စလုံး ဘေးကင်းမှာပါနော်၊ ဘာမှ မဖြစ်လောက်ဘူး မဟုတ်လား"

"အင်း ... ဘာမှ မဖြစ်လောက်ပါဘူး၊ စိတ်အေးအေးထားပါဟာ"

ဒီလိုနှင့်နာရီပေါင်း အတော်ကြာသွားပြီးချိန်မှာတော့ အော်ပရေးအခန်းတံခါးက ပွင့်လာကာ အထဲမှ ဆရာဝန်ကြီး ထွက်လာလေသည်။ အားလုံးက ဆရာဝန်ကြီးအနားကို ပြေးကပ်သွားမိကြသည်။

"ဆရာ ... အခြေအနေ ဘယ်လိုရှိလဲဟင် ဆရာ"

"အော်ပရေးရှင်း အောင်မြင်ပါတယ်၊ စိတ်ပူစရာ မရှိတော့ပါဘူး"

ဆရာဝန်ကြီး စကားကြားမှ အားလုံး သက်ပြင်းချနိုင်ကြကာ ဝမ်းသာသွားကြရတော့သည်။

"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ် ဆရာရယ်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

ဆယ်ရက်ကြာပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

သားအခြေအနေက စိတ်ချသွားရပြီ ဖြစ်သော်လည်း ဒေါ်စန်းစန်းတင့် ရင်ထဲမှာတော့ မပျော်နိုင်သေးချေ။ အကြောင်းကတော့ ကသစ်ချို့ကို သနားနေမိတာကြောင့် ဖြစ်သည်။ မိမိရဲ့သားဇောဖြင့် အတ္တကြီးမှုကြောင့် သူမ ဘယ်လောက်တောင် ခံစားခဲ့ရပါမည်လဲ။ ဒီလောက်ခံစားခဲ့ရတာကိုတောင်မှ သားကို မမေ့နိုင်သေးဘဲ နိုင်ငံခြားကနေ ပြန်လာပြီး သားအတွက် သူမရဲ့အသည်းတစ်ခြမ်းကို လှူပေးသွားသေးသည်။

ဒီလောက် ချစ်တတ်လွန်းသည့် မိန်းကလေးတစ်ယောက်ကို ဒေါ်စန်းစန်းတင် မကြည့်ရက်တော့ပါ။ ပတ်ဝန်းကျင်ကိုလည်း မေ့ထားလိုက်ကာ လူငယ်တွေ ပျော်နေတာကိုပဲ မြင်ချင်လာမိတော့သည်။

ထို့ကြောင့် သူမက ယောက်ျားဖြစ်သူကို အားလုံးဖွင့်ပြောပြလိုက်တော့ဖို့ ဆုံးဖြတ်လိုက်လေသည်။

"ကိုစိုးကို ကျွန်မ ပြောစရာရှိတယ်၊ အစတော့ မပြောတော့ဘူးလို့ပဲ၊ ဒါပေမဲ့ ကျွန်မ ဖုံးကွယ်မထားချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားအဆုံး ယောကျ်ားဖြစ်သူက မျက်မှောင်ကုတ်ကြည့်လာသည်။

"ဘာများတုံး၊ ပြောစရာရှိ ပြောလေ၊ မင်းက ဘာတွေကို ဖုံးကွယ်ထားလို့လဲ"

"သားကို အသည်းလှူတဲ့လူက ဘယ်သူလဲ ရှင် သိလား"

"မသိဘူးလေ၊ မင်းပဲ သူက လူသိမခံချင်ဘူးဆို"

"ဟုတ်တယ်၊ အဲဒါက သား စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောတာ၊ တကယ်က အဲဒီလူကို ကျွန်မ သိတယ် ကိုစိုး၊ သူကတခြားလူ မဟုတ်ဘူး၊ ကသစ်ချိုပဲ ..."

"ဟေ ... ကသစ်ချို"

ဦးစိုးကျော်က ဒေါ်စန်းစန်းတင်ရဲ့စကားအဆုံး တအံ့တသြဖြစ်သွားလေသည်။ ပြီးမှ ခေါင်းတညိတ်ညိတ်ဖြင့် ...

"အင်း ... ငါလည်း ထင်တော့ ထင်ပါတယ်၊ မြင့်ဦးတို့ ခခကျော်တို့ပုံစံကို ကြည့်ရတာကလည်း သိပ်မှုမမှန်ချင်ဘူးလေ၊ တစ်ခုခုကို ဖုံးကွယ်ထားတယ်လို့ ထင်နေတာ၊ အခုတော့ တကယ်ဖြစ်နေတာပဲ"

"ဟုတ်တယ် ကိုစိုး၊ သားကို အသည်းလှူတာ ကသစ်ချိုပဲ၊ ကောင်မလေးက သားကို တော်တော်ချစ်ရှာတယ် ကိုစိုးရယ်၊ အစက သားကို သူ ဒီလောက်ချစ်မယ်မှန်း မသိခဲ့ဘူး၊ မဟုတ်ဘူး ကျွန်မ မှားတာ၊ ကျွန်မ အတ္တတွေ ကြီးခဲ့တာပါ၊ လွန်ခဲ့တဲ့လေးနှစ်ကတည်းက သားကို သူ ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်မ

www.burmeseclassic.com



သိခဲ့ပါတယ်၊ သူ့အတွက်နဲ့ တခြားမိန်းကလေးတစ်ယောက်ကို သား လက်ထပ်လိုက်ရမှာကိုတွေးပြီး သူက ဒီမြန်မာပြည်ကနေ ထွက်ပေးသွားတာ၊ အဲဒီအချိန်ကတည်းက သားကို သူ ဘယ်လောက် ချစ်တယ်ဆိုတာ ကျွန်မ သိလိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သား အတွက် အဲဒီအသိကို အတ္တကြီးကြီးနဲ့ပဲ မသိချင်ယောင်ဆောင်ခဲ့ လိုက်တယ် ကိုစိုး၊ အချိန်တွေကြာရင် သူတို့တွေ တစ်ယောက်နဲ့ တစ်ယောက် မေ့သွားကြမှာပဲဆိုတဲ့ အတွေးနဲ့လေ"

ပြောရင်း ဝဲတက်လာသည့် မျက်ရည်ကို ဒေါ်စန်းစန်းတင်က အသာတို့သုတ်လိုက်သည်။ ဦးစိုးကျော်ကတော့ ခေါင်းတညိတ်ညိတ် ဖြင့်သာ ရှိနေ၏။

"ဒါပေမဲ့ သူတို့အချစ်က အရမ်းကို ခိုင်မြဲလွန်းနေတယ်။ အခုထိ တစ်ယောက်ကိုတစ်ယောက် မမေ့နိုင်ကြသေးဘူး၊ လေးနှစ်လုံးလုံး သား သူ့ကို သတိရနေခဲ့တာကိုလည်း ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မ မသိချင်ယောင်ဆောင်နေခဲ့တာ၊ အခုတော့ ကျွန်မ မသိ ချင်ယောင်ဆောင်မနေနိုင်တော့ဘူး ကိုစိုး၊ ကျွန်မ သားကို အား လုံးဖွင့်ပြောလိုက်တော့မယ်၊ ကျွန်မ သူတို့ကို ပေါင်းဖက်ခွင့်ပေး လိုက်ချင်ပြီ ကိုစိုးရယ်၊ ကျွန်မ ဘာကိုမှ မတွေးချင်၊ ဂရုမစိုက် ချင်တော့ဘူး၊ သူတို့တွေ ပျော်ရွှင်နေတာကိုပဲ မြင်ချင်တော့တယ်"

"အင်း ... အဲဒါပဲ ကောင်းပါတယ်ကွာ၊ သူတို့တွေ စိတ်ဆင်းရဲ နေတာကို ငါလည်း မကြည့်ရက်တော့ပါဘူး၊ ငါတို့ သဘောတူ ပေးလိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မလည်း အဲဒီလိုပဲခံယူမိနေပြီ၊ ဒါပေမဲ့ အဲဒီလို သဘောတူတာက အရေးမကြီးဘူး၊ အရေးကြီးတာက ကသစ်ချိုပဲ၊ အခုလောက်ဆိုရင် ကသစ်ချိုက အမေရိကားကို ပြန်ဖို့အတွက် လေဆိပ်ကို သွားနေလောက်ပြီ"

ဦးစိုးကျော်ရဲ့ မျက်လုံးတွေက နောက်တစ်ကြိမ် ပြူးကျယ်သွားရပြန်သည်။

"ဟော ... ဒါဆို သားကို အမြန်ပြောမှ ဖြစ်မှာပေါ့၊ မင်းက သားကို သွားပြောလိုက်၊ ငါ မြင့်ဦးကို ဖုန်းဆက်ခေါ်လိုက်မယ်၊ သားကိုလိုက်ပို့ခိုင်းရအောင်လို့"

လင်မယားနှစ်ယောက်သား အလုပ်တွေ ရှုပ်သွားကြ၏။ သားအခန်းထဲ ို ပြေးသူကပြေး၊ ဖုန်းဆက်သူကဆက်ဖြင့် ကသစ်ချို အား လေဆိပ်မှာ အချိန်မီတားနိုင်ရေးအတွက် လှုပ်ရှားလိုက်ကြလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေသည့် လူများကိုကြည့်ကာ ရင်ထဲနာကျင်အောင့်မျက်လာရ၏။

ဒီလိုဝေဒနာမျိုးကို လွန်ခဲ့သောလေးနှစ်ကလည်း သူမခံစားဖူးပြီးသား ဖြစ်လေသည်။ အဲဒီတုန်းက အချစ်နှင့်မြန်မာပြည်ကို နာကျင်စွာနှင့် ခွဲခွာချန်ထားခဲ့ရသလို ယခုတစ်ကြိမ်မှာလည်းပဲ ခွဲခွာချန်ထားရစ်ရဦးတော့မည် မဟုတ်ပါလား။

လေယာဉ်ထွက်ခွာချိန် နီးပြီမို့ သူမက လိုက်ပို့ပေးသော ခခကျော်တို့ လင်မယားကို ပြုံးပြကာ နှုတ်ဆက်လိုက်သည်။

"ငါသွားတော့မယ်နော်၊ နင်တို့လည်း ပြန်ကြတော့လေ"

"ငါ ငိုချင်လာပြီဟာ၊ တကယ်ဆို ငါ နင့်ကို လိုက်ပို့ပေးချင်တာ၊ ဒါပေမဲ့ ဒီကအလုပ်တွေက ဘယ်လိုမှ လှည့်မရလို့ပါ"

ခခကျော်က ငိုသံပါကြီးနှင့် ပြောလာကာ သူမကို ဝမ်းပန်း


www.burmeseclassic.com

www.burmeseclassic.com



တနည်းဖြင့် သိုင်းဖက်လာ၏။ သူမက ခခကျော်ရဲ့ကျောပြင်ကို အသာ ပုတ်ပေးရင်း ...

"ရပါတယ်ဟာ၊ မလိုပါဘူး၊ အခုလို လိုက်ပို့ပေးတာကိုပဲ ကျေးဇူး တင်လှပါပြီ။ နင်တို့တွေလည်း ဟိုကိုလာလည်ကြလေဟာ"

"အေး ... ငါ ရောက်အောင်လာခဲ့မယ်၊ ဒါနဲ့ နင်က ဒီကိုဘယ် တော့မှ ပြန်လာမှာဲဟင် ကသစ်၊ နင် ပြန်ရောလာဦးမှာလား"

"တစ်နေ့နေ့ပေါ့ဟာ၊ ငါ ပြန်လာဦးမှာပါ၊ ငါသွားတော့မယ်နော်၊ ငိုမနေနဲ့ဦး"

"အေးပါ ... ငါ မငိုပါဘူး၊ မျက်ရည်က သူ့ဘာသာကျနေတာ၊ အဟင့် ..."

ပြောနေရင်းကပဲ ခခကျော်က ကလေးကြီးတစ်ယောက်လို ငိုပြန်သည်။ သူမက အချိန်မရှိတော့ပြီမို့ သက်ပြင်းကိုသာ ကျိတ်ချလိုက် ရင်းက လှည့်ထွက်လာခဲ့လိုက်သည်။

သိလား မောင်။ လွန်ခဲ့တဲ့ လေးနှစ်တုန်းကလည်း အခုလိုပဲ မောင့်ကို ချိုက မောင်မသိလိုက်တဲ့ အချိန်အတွင်းမှာပဲ ချန်ထားရစ်ခဲ့ ဖူးတယ်။ အခုလည်း အဲဒီလိုပဲ ချန်ထားရစ်ခဲ့ရတော့မယ် မောင်။ ဒါပေမဲ့ ဒီတစ်ခါတော့ ချို ပျော်ပါတယ် မောင်။ ဘာလို့လဲဆိုတော့ ချို့ကိုယ်ပွား အဖြစ် ချို့ရဲ့အသည်းတစ်ခြမ်းကို မောင့်ရင်ဘတ်ထဲမှာ အောင်မြင်စွာနဲ့ ချို ချန်ထားရစ်ခဲ့နိုင်တာပဲလေ။ လူချင်းမပေါင်းရပေမယ့် ချိုတို့နှစ်ယောက် က အခုဆိုရင် အသည်းတစ်ခုတည်းနဲ့ အသက်ရှင်နေကြရတာမောင်ရဲ့။ ခွင့်လွှတ်ပါနော် မောင်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါနော်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အတွေးတွေနှင့်အတူ လျှောက်လာမိနေတုန်းမှာပဲ နောက်နားဆီက ခေါ်သံတစ်ခုကို ကြားလိုက်ရလေသည်။

"ချို ..."

ခြေလှမ်းတွေက တစ်ချက်တော့ တန့်ခနဲ ဖြစ်သွားပေမယ့် သူမ ခြေလှမ်းတွေကို မရပ်မိပါ။ ဒီလေဆိပ်အတွင်းမှာ ချိုဆိုတဲ့ နာမည်ပါတဲ့ မိန်းမတွေ အများကြီးပဲ ရှိနေမှာပါ။ သေချာတာက ဒီလေဆိပ်မှာ သူမကို ချိုလို့ခေါ်မယ့် မောင်က ဘယ်လိုနည်းနဲ့မှ ရှိနေမှာ မဟုတ်ပါဘူးလေ။ ဒါပေမဲ့ မောင့်အသံနဲ့ တူလိုက်တာ။ အသံတူတာပဲ ဖြစ်မှာပါလေ။

"ချို ..."

နောက်ထပ် ခေါ်သံက ထွက်လာပြန်သည်။ သူမ မရပ်မိသေး။ ဒါပေမဲ့ တတိယအကြိမ်မြောက် "ချို"ဆိုသည့်ခေါ်သံ ထပ်ထွက်လာစဉ်မှာတော့ သူမ နောက်ကို လှည့်မကြည့်ဘဲ မနေနိုင်တော့ချေ။

သူမခန္ဓာကိုယ်တစ်ခုလုံး လေထဲကို မြောက်တက်သွားသလို ခံစားလိုက်ရလေသည်။

"ဟင် ... မောင်"

ဟုတ်တယ် မောင်မှ မောင်အစစ်ပါ။ သူမကို ကြေကွဲဆို့နစ်စွာ ငေးကြည့်နေတာ မောင်မှ မောင်အစစ်ပါ။

သူမက သူ့ကို အံ့ဩမှင်သက်စွာ ရပ်ကြောင်ကြည့်နေမိတော့ သူက သူမအနားကို လျှောက်လာလေသည်။ အနားရောက်စဉ်မှာတော့ ...

"ဘယ်ကို သွားဦးမလို့လဲ ချို၊ မောင့်ကို ဒုတိယအကြိမ်မြောက် ဘာမှမပြောဘဲ ထားခဲ့ဦးတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မောင် ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ၊ မောင် ဘယ်လိုသိသွားတာလဲ"

မောင်က သူမလက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ဆွဲယူကာ ဆုပ်ကိုင်လာရင်းမှ ...

"သိတာပေါ့ ချိုရဲ့၊ မောင့်ရင်ဘတ်ထဲမှာ ရှိနေတဲ့ ချို့အသည်းက စကားပြောတတ်တယ်လေ"

"မောင်ရယ် ..."

BURMESE CLASSIC

သူမ မျက်ဝန်းမှ မျက်ရည်တွေ အတားအဆီးမရှိ စီးကျလာတော့၏။ မောင်သည်လည်းပဲ ငိုနေခဲ့တာပါပဲ။

"မသွားပါနဲ့တော့လား ချိုရယ်၊ မောင် တောင်းပန်ပါတယ်နော်၊ မောင့်ကို ထားပြီးတော့ မသွားပါနဲ့တော့လား၊ ဒီမှာပဲ မောင်နဲ့ အတူတူ ဘဝတစ်ခုကို ဖြတ်သန်းရအောင်ပါနော်၊ မောင့်မိဘတွေကလည်း ချိုနဲ့မောင့်ကို သဘောတူလိုက်ပါပြီ ချိုရယ်၊ မောင့်ကို ချစ်တယ်ဆိုရင် နောက်တစ်ခါ ခွဲမသွားပါနဲ့တော့နော်"

သူက သူမအား ရင်ခွင်ထဲဆွဲသွင်းကာ ဖက်ထားလိုက်တော့ သူမကလည်း သူ့ရင်ခွင်ထဲ တိုးဝင်ကာ ပြန်လည်ဖက်တွယ်ထားလိုက်ရင်း ...

"မောင်ရယ် ... ချိုကလည်း မောင့်အနားမှာသာ အမြဲတမ်းနေချင်ခဲ့တာပါ"

"ဒါဆို မောင်တို့ ဒီတစ်ခါ မခွဲတော့ဘူးနော် ချို၊ ချို့မိဘတွေဆီမှာ ခွင့်တောင်းပြီးတော့ မောင်တို့ လက်ထပ်ကြမယ်နော် ချို့မိဘတွေကရော မောင့်ကို ချိုနဲ့ သဘောတူပါ့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ချို့မိဘတွေက ချိုနဲ့ မောင့်အကြောင်းကို အားလုံးသိထားပြီးသားပါ မောင်ရယ်၊ သူတို့က ချို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားပြီးသားပါ”

သူမစကားအဆုံး သူက သူမကို ပခုံးနှစ်ဖက်ကနေ ကိုင်လာကာ ငုံ့မိုးကြည့်လာပြီးနောက် ပြောလာလေသည်။

“ဝမ်းသာလိုက်တာ ချိုရယ်၊ ဒါဆို မောင်တို့ အမြန်ဆုံး လက်ထပ်ကြမယ်နော်၊ ချို မောင့်ကို လက်ထပ်မယ် မဟုတ်လားဟင်”

“အသည်းတစ်ခြမ်းတောင် ပေးထားပြီးသားပဲ မောင်ရယ်၊ ဒါတွေ ပြောဖို့ လိုသေးလို့လား”

“ချိုရယ် ...”

သူက သူမကို ရင်ခွင်ထဲဆွဲသွင်းကာ ဖက်ထားလိုက်ပြန်လေသည်။ ဒီတစ်ခါတော့ ကံကြမ္မာက သူတို့နှစ်ယောက်ကို မျက်နှာသာပေးလိုက်ပြီ ထင်ပါရဲ့။ အတားအဆီးတွေ အားလုံးလည်းပဲ သူတို့နှစ်ယောက်ရဲ့ အချစ်စစ်တန်ခိုးအောက်မှာ ပျောက်ကွယ်သွားခဲ့ရပြီမဟုတ်ပါလား။ ဒီတော့ သူတို့နှစ်ယောက်ရဲ့ မနက်ဖြန်တိုင်း မနက်ဖြန်တိုင်းမှာ အလွမ်းတွေ မရှိစေရ။ အသက်ရှူသံတိုင်းဟာ အလွမ်းလွန်အနမ်းများပဲ ဖြစ်စေရတော့မယ်လေ ...။

လှညိုချော



www.burmeseclassic.com